# မြန်မာ့အလင်း

၁၉၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၂၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

စင်ကာပူနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် စင်ကာပူနိုင်ငံမှ ပြန်လည်ထွက်ခွာသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝါရင့်ဒုတိယဝန်ကြီး Dr. Mohamad Maliki Bin Osman၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms.Vanessa Chan၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့် ဇနီး၊ မြန်မာသံရုံးဝန်ထမ်း မိသားစုများနှင့် တာဝန်ရှိသူများက စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ သတင်းစဉ်

# ဒလမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း အစောဆုံး နိုဝင်ဘာလ၌ အကောင်အထည်ဖော်မည်

**ရန်ကုန် ဩဂုတ် ၂၂**

ကိုရီးယား-မြန်မာ (ချစ်ကြည်ရေး) ဒလမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ် အစောဆုံး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများ မျှော်လင့်နေကြသော ရန်ကုန်-ဒလ မြစ်ကူးတံတားကြီးကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကောင်းချို(တံတားစီမံကိန်း စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ခေါင်းဆောင်)က ယနေ့ မွန်းတည့် ၁၂ နာရီက ပြောကြားသည်။

"လက်ရှိ ဆောင်ရွက်နေတာက တံတားတိုင် ၃၂၀ မီတာကနေ ၃၇၀ မီတာ ချဲ့တဲ့အတွက် ကျွန်တော်တို့က ဒီဇိုင်းပုံစံကို ပြန်လုပ်နေရကြောင်း၊ အနည်းဆုံး နှစ်လခန့်ကြာမည်ဖြစ်ပြီး တံတားဒီဇိုင်း ပြန်လည်ပြင်ဆင်ပြီး တည်ဆောက်ရာတွင် လိုအပ်သော ဒေါ်လာသန်း ၂၀ ကိုလည်း ကိုရီးယားချေးငွေရရှိရေးအတွက် ဆက်လက်ဆောင်ရွက်နေကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံရုံးမှတစ်ဆင့် ကိုရီးယားနိုင်ငံမှာရှိတဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်နေကြောင်း၊


*စာမျက်နှာ ၃ ကော်လံ ၅* ❄


## မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုစာချုပ် ချုပ်ဆိုနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေး


သတင်းထုတ်ပြန်ချက်၊ စာမျက်နှာ » ၅


## ပလတ်စတစ်သုံးစွဲမှု လျှော့ချသွားနိုင်မှသာလျှင် ...


ဆောင်းပါး၊ စာမျက်နှာ » ၆


## ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ စစ်တွေမြို့ရှိ သင်္ကေပြင်ကယ်ဆယ်ရေးစခန်း၌ ကွင်းဆင်းသတင်းယူ


ပြည်တွင်းသတင်း၊ စာမျက်နှာ » ၁၁



C B BANK

Contact Center : (+95) 1 231 777 0

INTERNATIONAL TRADE SERVICES

- Export / Import Services
- Export / Import Financing
- International Remittance

Contact Us : (95-1) 2317698, (95-9) 261997208

www.cbbank.com.mm

STU@cbbank.com.mm

မြန်မာ့အလင်း

# ဝါး (သို့မဟုတ်) ရွှေစိမ်း

ဝါးသည် ကြီးထွားနှုန်းမြန်ဆန်သောအပင်မျိုး ဖြစ်ပါသည်။ ပညာရှင်တို့၏ လေ့လာမှုအရ တစ်နေ့လျှင် တစ်မီတာနှုန်းကြီးထွားပြီး ဆယ်နှစ်အတွင်း အကျိုးအမြတ် ပေးစွမ်းနိုင်သောအပင်လည်း ဖြစ်ပါသည်။ ဝါးပင်ကို အလွယ်တကူပြုစုပျိုးထောင်ပြီး ဝါးပင်မှ လူသားတို့၏ အစားအစာနှင့် လက်မှုပစ္စည်းများမှသည် ခေတ်မီစက်မှုထုတ်ကုန်များအထိ ဖန်တီးရယူနိုင်ပါသည်။ ထို့အပြင် ဝါး၏ဝန်ခံနိုင်အားသည် Mild Steel ထက် ပိုတောင့်တင်းပါသည်။ ဖိအားခံနိုင်ရည်၌လည်း ဝါးသည် ကွန်ကရစ်ထက် နှစ်ဆပိုစွမ်းဆောင်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ဝါးပင်အား အစိမ်းရောင်ရှိသောရွှေဟု တင်စားခေါ်ဝေါ်ခြင်းသည် ရာနှုန်းပြည့်မှန်ကန်သောတင်စားမှုဟု ပြောရမည် ဖြစ်ပါသည်။

ဝါးပင်၏အသုံးဝင်ပုံသည် ထိုမျှသာမကပါ။ ဝါးပင်သည်လေထုအတွင်းသို့ အောက်ဆီဂျင်များစွာ ထုတ်လွှင့်နိုင်စွမ်းရှိသကဲ့သို့ ကာဗွန်စုပ်ယူနိုင်စွမ်း၌လည်း တချို့သောအပင်များထက် လေးဆအထိ ပိုများပါသည်။ တရုတ်နိုင်ငံအပါအဝင် နိုင်ငံများစွာ၌ ဝါးပင်စိုက်ပျိုးခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းတို့၏ ကာဗွန်ထုတ်လွှင့်မှုကို ဟန်ချက်ညီနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တရုတ်နိုင်ငံ၏ ဝါးအခြေခံကုန်ထုတ်ပစ္စည်းများတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံအထိရှိပြီး ရှေ့လာမည့်သုံးနှစ်အတွင်း ၄၈ ဘီလီယံအထိ တိုးပွားလာမည်ဖြစ်ပြီး တရုတ်ပြည်သူ ၁၀ သန်းခန့်အားလည်း အလုပ်ခန့်ထားနိုင်မည် ဖြစ်ပါသည်။ ဝါးပင်အခြေခံနောက်ဆုံးပေါ်ထုတ်ကုန်တစ်မျိုးမှာ ဝါးမှုန့်အား ပလတ်စတစ်ကုန်ကြမ်းတို့ဖြင့်ရော၍ ဒီဇိုင်းဆန်းလှပသော ဝါးကြမ်းခင်းတို့ဖန်တီးထုတ်လုပ်ခြင်းဖြစ်ပါသည်။ ဝါးပင်သည် သဘာဝအရ ဆွေးမြည့်လွယ်သော်လည်း တရုတ်နိုင်ငံရှိကုမ္ပဏီတစ်ခုက ခေတ်မီနည်းပညာသုံး၍ ဝါးပင်၏ဆွေးမြည့်ပျက်စီးခြင်းကို ဟန့်တားနိုင်စွမ်းပြုနိုင်ပြီဟု လေ့လာသိရှိရပါသည်။

ယခုအခါနေပြည်တော်၌ ဧက ၁၀၀၀ ခန့် ကျယ်ဝန်းသောဝါးစိုက်ပျိုးရေးဇုန်တစ်ခု ထူထောင်ရန် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးသူများအသင်းက စီစဉ်ကြိုးပမ်းလျက်ရှိပါသည်။ ဤအသင်းက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတို့၏ ခွင့်ပြုချက်ရရှိရန် စီစဉ်လျက်ရှိသည့်နည်းတူ ခွင့်ပြုချက်ရရှိပါက အဆင်သင့်ဖြစ်စေရန် ဝါးတောင်သူတို့အား ဝါးပင်ဆိုင်ရာပညာပေးသင်တန်းတို့ ပို့ချလျက်ရှိပါသည်။ ပြည်သူ့လွှတ်တော်ကလည်း စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဦးဆောင်စီမံပေးရန် နိုင်ငံတော်အစိုးရထံ တိုက်တွန်းချက်တစ်ရပ်ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလက အကြံပြုခဲ့ပါသည်။ မြန်မာနိုင်ငံ၌ ဝါးမျိုးစု ၂၂ စုနှင့် ဝါးမျိုးစိတ် ၁၀၂ ခုရှိသည်ဖြစ်၍ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးသူများအသင်းကသာ စနစ်တကျ စီမံကိန်းချဆောင်ရွက်မည်ဆိုပါက အချိန်တိုကာလအတွင်း အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်မည့် နေပြည်တော် ဝါးစိုက်ပျိုးရေးဇုန်အား ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးမည်

လှိုင်းဘွဲ့ ဩဂုတ် ၂၂

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ တောင်ကျရေများကျဆင်းလာခြင်းနှင့် သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် ဇူလိုင် ၂၂ ရက်မှ စတင်ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပြီး ရပ်ကွက်နှင့် ကျေးရွာအချို့ရှိ အိမ်ထောင်စုဝင်များမှာ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် ရပ်ကွက်နှင့် ကျေးရွာအချို့ရှိအိမ်ထောင်စုဝင်မိသားစုများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုစာရင်းများရေစိုပျက်စီးမှုများရှိခဲ့သည်ကို ကြားသိရသည့်အတွက် လှိုင်းဘွဲ့မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေဖြင့် ရေများပြန်လည်ကျဆင်းပြီး ပုံမှန်အနေအထားသို့ ရောက်ရှိသွားသည့်အခါ ကျေးရွာများအရောက် ကွင်းဆင်း၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အခမဲ့ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းထံမှ သိရသည်။

သိန်းသန်း (ပြန်/ဆက်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အခြေခံပညာဦးစီးဌာန နှင့် မင်းဘူးခရိုင်စီမံခန့်ခွဲမှုကော်မတီတို့
ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(မင်းဘူးမြို့)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၂၅/၂၆) ရက် စနေနေ့၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်၊

အ . ထ . က (၁)၊ မင်းဘူးမြို့

## မန္တလေးတက္ကသိုလ်၌ ဂျပန်နိုင်ငံတက္ကသိုလ်များ ပညာသင်ခြင်းအစီအစဉ် ရှင်းလင်းဆွေးနွေး

မန္တလေး ဩဂုတ် ၂၂

မန္တလေးတက္ကသိုလ်တွင် ဂျပန်နိုင်ငံအစိုးရ (OJEIC) ကူညီပံ့ပိုးဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံတက္ကသိုလ်များသို့ပညာသင်ခြင်းအစီအစဉ် ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ခြင်းကို ဩဂုတ် ၂၀ ရက်က မန္တလေးတက္ကသိုလ် အင်း၀ ၉ ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဂျပန်နိုင်ငံအစိုးရ (OJEIC) ကူညီပံ့ပိုးဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံရှိ နိုင်ငံပိုင်တက္ကသိုလ် ခြောက်ခု၏ အကြောင်းမိတ်ဆက်ခြင်း၊ ဆရာများ၏ သုတေသနအကြောင်းအရာများနှင့် ပညာသင်ဆုအကြောင်းများ မိတ်ဆက်ခြင်း၊ ဂျပန်တက္ကသိုလ်များမှ ဆရာများနှင့် တိုက်ရိုက်ဆွေးနွေးခြင်းများကို ဂျပန်နိုင်ငံရှိ နိုင်ငံပိုင်တက္ကသိုလ် ခြောက်ခုမှ ပညာရှင် ခြောက်ဦးတို့က ပညာသင်ခြင်းအစီအစဉ်ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မောင်မောင် (မန္တလေး)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ (၁၃) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို လုပ်ငန်းရှင်ကြီးများသာမက သက်ဆိုင်ရာဒေသများရှိ လုပ်ကွက်ငယ် တောင်သူများအနေဖြင့်လည်း တစ်ပိုင်တစ်နိုင် လျှောက်ထားရယူနိုင်ကြောင်း၊ ဥပဒေနှင့်အညီ လျှောက်ထားရယူကာ သတ်မှတ်ကာလအတွင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ပြီး အမှန်တကယ် အကျိုးရှိအောင် အသုံးပြုနိုင်ရေးကို သက်ဆိုင်သူများက ဝိုင်းဝန်းထိန်းကျောင်း ကူညီပေးကြရန် လိုအပ်ကြောင်း ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၃) ကြိမ်မြောက်အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးက ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ကြသည်။

အဆိုပါအစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ စည်းကမ်းချက် သတ်မှတ်ကာလ လေးနှစ် ပြည့်မြောက်ပြီးချိန်အထိ မြေပြင်အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှု မရှိသော တိုင်းဒေသကြီး ပြည်နယ် လေးခုတို့မှ လုပ်ကိုင်ခွင့်ချထားမြေ စုစုပေါင်း ၁၇၅၀၉၀ ဒသမ ၁၆ ဧကကို နည်းဥပဒေ အပိုဒ် ၅၁ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တရားဝင် ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့်စာအသစ် ထုတ်ပေးနိုင်ရေး ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၃/၂၀၁၆)၊ (၁၀/၂၀၁၈) နှင့် (၁၁/၂၀၁၈) အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် ကိစ္စရပ်များ၊ ယခုအစိုးရကာလ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက် ပြန်ကြားလာသည့် လုပ်ငန်းစာတွဲများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၂/၂၀၁၈) အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် ကိစ္စရပ်များ၊



ဗဟိုကော်မတီမှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် တင်ပြလာသည့် ကိစ္စရပ်များ၊ ပြည်နယ်လုပ်ငန်းအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် တင်ပြလာသည့် ကိစ္စရပ်များ၊ ယခင်ဗဟိုအဖွဲ့မှ ခွင့်ပြုခဲ့သည့် အမိန့်စာမူရင်း ပျောက်ဆုံးသွားသဖြင့် ဒုတိယမိတ္တူ လျှောက်ထားလာသည့် ကိစ္စရပ်၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ကွင်းဆင်းစိစစ် ဆောင်ရွက်ခွင့်ပြုနိုင်ပါရန် တင်ပြလာသည့် ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်မည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းဝင်ခွင့်စာမေးပွဲ ခုံအမှတ်စာရင်းထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၂

နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများအတွက် ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်မည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း (English Language Proficiency Upgrading Course) သင်တန်းဝင်ခွင့်စာမေးပွဲကို နေပြည်တော်ရှိ အမှတ် (၅) နှင့် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဩဂုတ် ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ရာ ခုံအမှတ်နှင့် စာဖြေဌာနတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ စာရင်းပေးပို့ထားကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရရှိသူ အမည်စာရင်းကိုလည်း ဩဂုတ် ၃၁ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန Website တွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ပမှတင်သွင်းသည့် စက်ဆီချောဆီများအား နမူနာရယူ၍ အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိစ္စနှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီများ၏ ပြည်ပမှစက်ဆီချောဆီ တင်သွင်းခြင်းနှင့် ပတ်သက်၍ စိစစ်ခွင့်ပြုဆောင်ရွက်လျက်ရှိရာတွင် စက်ဆီချောဆီ New Brand ပထမအကြိမ်တင်သွင်းမှုကိုသာ နမူနာရယူ၍ အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး အရည်အသွေးမှန်ကန်ပါက ထုတ်ယူဖြန့်ဖြူးသုံးစွဲခွင့်ပြုခဲ့ပါသည်။

၂။ ယခုကဲ့သို့ ပြည်ပမှတင်သွင်းသည့် စက်ဆီချောဆီများနှင့် ပတ်သက်၍ တင်သွင်းသည့် စက်ဆီချောဆီတိုင်း အရည်အသွေး ကောင်းမွန်မှန်ကန်မှုရှိစေပြီး ပြည်တွင်းဈေးကွက်အတွင်း သုံးစွဲသူပြည်သူလူထု၏ ယုံကြည်မှုပိုမိုရရှိစေရေးအတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့မှစ၍ တင်သွင်းသည့်အကြိမ်တိုင်း နမူနာရယူပြီး အရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးသွားမည်ဖြစ်ပါကြောင်းနှင့် အရည်အသွေးမှန်ကန်မှုရှိမှသာ ထုတ်ယူဖြန့်ဖြူး သုံးစွဲခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်းတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




**နေပြည်တော် ဩဂုတ် ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်း (BAJ အဖွဲ့) တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၁ သန်းဖြင့် စာသင်ကျောင်း ၈၀ ဆောက်လုပ်ရေး စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့က နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားပြီး နိပွန်ဖောင်ဒေးရှင်းမှ Executive Director , Mr. Yuji Mori က နားလည်မှုစာချွန်လွှာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ နိပွန်ဖောင်ဒေးရှင်းမှ Executive Director, Mr. Yuji Mori နှင့် BAJ အဖွဲ့မှ Country Representative , Ms. Akiko Mori တို့မှ စာသင်ကျောင်း ၈၀ ဆောက်လုပ်ခြင်း စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး **(ယာပုံ)** အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ မွန်းလွဲပိုင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။** (အောက်ပုံ)




ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံးတွင် ကိုးသန်းကျော်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ရောဂါကာကွယ်ရေးလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ပြည်သူလူထုအခြေပြု ကျန်းမာရေးဆေးခန်းများဖွင့်လှစ်၍ အထူးသဖြင့် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါကာကွယ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

တီဘီရောဂါ၊ HIV/AIDS ၊ ငှက်ဖျားရောဂါ စသည့် ကူးစက်ရောဂါများ တိုက်ဖျက်ရေးလုပ်ငန်းများကို UN အဖွဲ့အစည်းများ၊ INGO များနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးစီမံကိန်းကို ဝန်ကြီးဌာနမှ ချမှတ်ထားသော မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရရှိသော ဘဏ္ဍာငွေများ၊ အထောက်အပံ့များကို သင်တန်းများပေးခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများထက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ထိုလုပ်ငန်းများ၏ ဆောင်ရွက်မှုအခြေအနေကို စနစ်တကျစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းများကို ပိုမိုအသုံးပြု၍ ဦးစားပေးဆောင်ရွက်စေလိုကြောင်း။

INGO များ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုအကျိုးရှိထိရောက်စေရန်အတွက် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ INGO များ၏ လုပ်ငန်းဆောင်ရွက်နေသည့် တည်နေရာနှင့် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအမျိုးအစားများပါဝင်သည့် INGO Profile စာအုပ်ကို ပြုစုလျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် ဝန်ကြီးဌာနနှင့်သာမက မိမိတို့အဖွဲ့အစည်းအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်မျှဝေရန် အရေးကြီးကြောင်း၊ M-HSCC ၏ အဓိကအကျဆုံးသော ရည်မှန်းချက်မှာ ဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကျိုးရှိထိရောက်စေရန် စနစ်တကျပူးပေါင်းဆောင်ရွက်နိုင်ရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ UNAIDS မှ Country Director Mr. Oussama TAWIL က မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ M-HSCC အလုပ်အမှုဆောင်အဖွဲ့ဝင်များ သွားရောက်ခဲ့သော Oversight visit report နှင့် ယခင် M-HSCC မှတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ညွှန်ကြားရေးမှူး (တီဘီရောဂါတိုက်ဖျက်ရေး) ဒေါက်တာစည်သူအောင်က TB Regional grant proposal intervention for TB among Migrants in the Greater Mekong Sub-region ကို လည်းကောင်း။

လက်ထောက်အတွင်းဝန် ဒေါက်တာ သန့်စင်ထူးက အမျိုးသားကျန်းမာရေးစီမံကိန်း ပထမနှစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က Updates on Health Cluster Meeting ကို လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေး ရန်ပုံငွေအဖွဲ့၏ Principle Recipient များဖြစ်ကြသော UNOPS နှင့် Save the children တို့မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသောင်းလှိုင်က မိခင်၊ မျိုးဆက်ပွား၊ မွေးကင်းစကလေး၊ ကလေး၊ လူငယ်၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က မြန်မာ့ကျန်းမာရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းမှုအလုပ်အမှုဆောင်အဖွဲ့၊ နည်းပညာနှင့် မဟာဗျူဟာအဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်မှု၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက Reports from Communities ကို လည်းကောင်း တင်ပြခဲ့ကြပြီး အစည်းအဝေးတက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ၃/ ၂၀၁၈ ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဩဂုတ် ၂ ရက်က ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အစည်းအဝေး (၁/ ၂၀၁၈)တွင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်၍ လမ်းညွှန်မှုပြုခဲ့သည့် ကိစ္စရပ်များကို ယခုအစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ တင်ပြထားသည့် အမှာစာ(၆)ခုနှင့် ပတ်သက်၍လည်း စီမံခန့်ခွဲမှု ကော်မတီအဖွဲ့မှ အတည်ပြုဆွေးနွေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးအဖွဲ့မှ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆောင်ရွက်ပြီးစီးမှုများ၊ စီးပွားရေးဇုန်အတွင်းသို့ လာရောက်လေ့လာ လည်ပတ်တွေ့ဆုံမှုများ၊ ကနဦးစီမံကိန်း မြေငှားစာချုပ်ပြင်ဆင်နိုင်ရေးအတွက် အီတာလျံ-ထိုင်းကုမ္ပဏီနှင့် နှစ်ဖက်ညှိနှိုင်း ဆွေးနွေးနေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဥပဒေအကြံပေးငှားရမ်းဆောင်ရွက်နေမှု အခြေအနေများ၊ အကြံပေးဝန်ဆောင်ခပေးချေရန် ကိစ္စရပ်များ၊ နှစ်စဉ်ကြေးရရှိရန်ကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ကုမ္ပဏီလီမိတက် (DSEZ MC Co.Ltd)၏ ငွေစာရင်း ရှင်းတမ်းဖတ်ကြား အတည်ပြုခြင်းနှင့် ကနဦးစီမံကိန်းနှင့် ပတ်သက်၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို တက်ရောက်လာသူများက ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ထို့အတူ ထားဝယ်အထူးစီးပွားရေးဇုန်မှ ထိုင်းနိုင်ငံနယ်စပ် ထီးခီးသို့ ဖောက်လုပ်မည့် နှစ်လမ်းသွား ကားလမ်း ချေးငွေရယူတည်ဆောက်မည့် အခြေအနေနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများ၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမြင့်ဆန်း၊ အတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင်နှင့် အဖွဲ့ဝင်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်(Special Purpose Vehicle-SPV) မြန်မာမှ ဒါရိုက်တာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❄ ***ရှေ့ဖုံးမှ***

ၰင်းတို့မှ ပြန်လည်သုံးသပ်ပြီး ဒေါ်လာသန်း ၂၀ ထပ်ချေးဖို့ သဘောတူညီချက် ပြန်လုပ်နေရကြောင်း၊ အချိန်အားဖြင့် နှစ်လခန့်ကြာမြင့်မည်ဖြစ်ကြောင်း၊ ဟိုဘက်ဒီဘက် တစ်ပြိုင်တည်း လုပ်နေရခြင်းကြောင့် အချိန်ကြန့်ကြာနေရကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကနေ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ပြီး ဖြစ်ကြောင်း”ၰင်းက ပြောကြားခဲ့သည်။

တံတားတည်ဆောက်ရေးစီမံကိန်း စတင်တော့မည်ဖြစ်ရာ တံတားအူကြောင်းနှင့် မလွတ်ကင်းသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းက မြေယာလျော်ကြေးနှင့် မြေငှားရမ်းခများ ပေးချေခဲ့ပြီးဖြစ်သော ဗိုလ်မင်းရောင်လမ်းပေါ်ရှိ မြေကွက် ၆၅ ကွက်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းက မြေငှားရမ်းခ၊ မြေယာလျော်ကြေးနှင့် ကရုဏာကြေးများ ပေးချေခဲ့ပြီးသော မြေကွက်များ၊ ဆိုင်ခန်းများ၊ နေအိမ်များနှင့် အဆောက်အအုံများကို ပြောင်းရွှေ့ဖယ်ရှားပြီး ယခုအခါ စီမံကိန်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ဒလမြစ်ကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် အစောဆုံး အောက်တိုဘာလနှင့် နောက်ကျဆုံး ဒီဇင်ဘာလ၌ စတင်နိုင်အောင် ကြိုးစားဆောင်ရွက်နေကြောင်း၊ တံတားတိုင်ချဲ့ခြင်းကြောင့် အချိန်များ နှောင့်နှေးကြန့်ကြာမှုများဖြစ်သွားရကြောင်း၊ နိုင်ငံတော်မှ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ၰင်းက ဆက်လက်ပြောသည်။ ဒလမြစ်ကူးကြိုးတံတားကို ရန်ကုန်မြို့ဘက်တွင် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ်ဘက်တွင် ဗိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ်တည်ဆောက်သွားမည်ဖြစ်ပြီး လမ်းအူကြောင်းအနေဖြင့် ထိခိုက်မှုအနည်းဆုံးလမ်းကြောင်းကို ရွေးချယ်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မြန်မာ့အလင်း**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။**

*(ယမန်နေ့မှအဆက်)*

မိမိတို့၏ အသွင်ကူးပြောင်းရေးအတွက် လမ်းပြမြေပုံအဖြစ် ရှုမြင်နိုင်သော မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် မဏ္ဍိုင်သုံးခုက အထောက်အပံ့ပြုထားသည့် ရည်မှန်းချက် ငါးခုရှိပါကြောင်း။

ပထမရည်မှန်းချက်မှာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ပြီး ဒုတိယရည်မှန်းချက်မှာ စီးပွားရေးတည်ငြိမ်မှုနှင့် အကြီးစား စီးပွားရေးစီမံခန့်ခွဲမှုများ အားကောင်းလာရေးဖြစ်ပါကြောင်း၊ ယင်းတို့မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဟူသော မဏ္ဍိုင်အပေါ် တည်မှီနေပါကြောင်း၊ တတိယရည်မှန်းချက်မှာ သာယာဝပြောမှုနှင့် မိတ်ဖက်ဖြစ်မှုဟူသော မဏ္ဍိုင်နှင့် သက်ဆိုင်သည့် အလုပ်အကိုင်ဖန်တီးမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း၊ ပြည်သူနှင့် ကမ္ဘာကြီးပါဝင်သော တတိယမဏ္ဍိုင်က ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဟူသည့် စတုတ္ထရည်မှန်းချက်ကို အထောက်အပံ့ပြုကြောင်း၊ ပဉ္စမရည်မှန်းချက်မှာ နိုင်ငံသာယာဝပြောမှုအတွက် သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဖြစ်ပါကြောင်း။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်**

ရည်မှန်းချက် တစ်နှင့် နှစ်မှာ အပြန်အလှန် အမှီသဟဲပြုကြပြီး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုမဏ္ဍိုင်သာမရှိပါက ၎င်းတို့ ရပ်တည်၍မရနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် အသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ် ရောက်ရှိခဲ့ပြီဖြစ်ရာ ယင်းမဏ္ဍိုင်တည်ဆောက်ရေးသည် မိမိတို့ ဖော်ဆောင်ရမည့် ပထမဦးဆုံးတာဝန်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရသစ်စတင်တာဝန်ယူခဲ့သော ၂၀၁၆ ခုနှစ် မတ် ၃၀ ရက် အစပိုင်းကစ၍ ယခင်အစိုးရက ဖော်ဆောင်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စီမံကိန်းချကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာခဲ့ပြီး နိုင်ငံတော်ကို ယိုယွင်းပျက်စီးစေသည့် လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးနှင့် မတူကွဲပြားခြားနားမှုမှ ဖော်ဆောင်ယူခဲ့သော ရေရှည်ခိုင်မြဲသည့် စည်းလုံးညီညွတ်မှုအပေါ် အခြေခံသည့် ခိုင်မာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရန် (၂၁)ရာစု ပင်လုံညီလာခံကို ကျင်းပခြင်းဖြင့် ကြိုးပမ်းခဲ့ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ချောမွေ့သည်ဟူ၍ မရှိဘဲ အဟန့်အတားများနှင့် ပြည့်နှက်နေလေ့ရှိသည်ကို အခြားနိုင်ငံများ၏ အတွေ့အကြုံများမှ မိမိတို့ လေ့လာသိရှိခဲ့ရပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဆွေးနွေးညှိနှိုင်းရမည့် အဖွဲ့အစည်းများစွာ ပါဝင်ပတ်သက်နေသည့်အတွက် အလွန့်အလွန် ရှုပ်ထွေးပါကြောင်း၊ မိမိတို့အနေဖြင့် အခက်အခဲများ၊ စိတ်ပျက်စရာများ၊ နှောင့်နှေးကြန့်ကြာမှုများအတွက်ပါ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားခဲ့ပါကြောင်း။

**ပင်လုံအစည်းအဝေး သုံးကြိမ်ကျင်းပခဲ့**

သို့သော် မိမိတို့အနေဖြင့် လုံ့လမလျှော့ရန် စိတ်ပိုင်းဖြတ်ထားကြပါကြောင်း။ အဘယ်ကြောင့်ဆိုသော် ငြိမ်းချမ်းမှုမရှိလျှင် မိမိတို့ အသွင်ကူးပြောင်းရေးလုပ်ငန်းသည် အောင်မြင်မှုမရရှိနိုင်ပါကြောင်း၊ ကြိုတင်မျှော်မှန်းထားခဲ့သကဲ့သို့ အခက်အခဲများနှင့် စိတ်ပျက်စရာများရှိခဲ့ပါကြောင်း၊ သို့သော်လည်း အဆက်မပြတ်ညှိနှိုင်းဆွေးနွေးမှုများ၊ ထာဝရစိတ်ရှည်သည်းခံမှု၊ ဆွေးနွေးဖက်များ၏ စိတ်ရင်းစေတနာကောင်းမွန်မှု၊ ပြည်သူများနှင့် မိတ်ဆွေများ၏ အားပေးကူညီမှုတို့ဖြင့် မိမိတို့ ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပင်လုံအစည်းအဝေး သုံးကြိမ်ကျင်းပခဲ့ရာ ကျင်းပသည့်အကြိမ်တိုင်းတွင် အဖိုးတန်သည့် တိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊ ပထမအကြိမ်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အဆင့် ၇ ဆင့်ရှိသော လမ်းပြမြေပုံကို ရရှိခဲ့ပါကြောင်း။

ဒုတိယအစည်းအဝေးတွင် အခြေခံမူဝါဒ ၃၇ ချက်ကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ တတိယအစည်းအဝေးမစတင်မီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နှစ်ခုနှင့် ထပ်မံ၍ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ အစည်းအဝေးကျင်းပစဉ်ကာလအတွင်း ထပ်မံ၍ အခြေခံမူဝါဒ ၁၄ ချက် ချမှတ်နိုင်ခဲ့ပါကြောင်း၊ ကြီးမားသော စိန်ခေါ်မှု ရှိနေဆဲဖြစ်ပြီး တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တိုက်ပွဲများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပါကြောင်း၊ မိမိတို့အနေဖြင့် စိန်ခေါ်မှုများအပေါ် အမြဲသတိရှိနေပြီး ယင်းတို့ကို အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ တည်ဆောက်ရန်ကြိုးစားရင်း တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ဖြေရှင်းရန် ရည်ရွယ်ထားပါကြောင်း။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။

- **ထိုင်းနှင့် မြန်မာနိုင်ငံအကြား ရင်းနှီးစွာညှိနှိုင်းတိုင်ပင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် နေရပ်စွန့်ခွာထွက်ပြေးသူများ မိမိတို့နိုင်ငံသို့ ပြန်လာရေးအစီအစဉ်မှာ ချောမွေ့လာခဲ့**
- **ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာထွက်ပြေးသူများ ဘေးကင်းပြီး သိက္ခာရှိရှိဖြင့် မိမိတို့ဆန္ဒအလျောက် ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့မျှော်လင့်**

**အခြေခံကျသော အစိတ်အပိုင်းတစ်ရပ်**

ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ခိုင်မာသည့် အခြေခံ အုတ်မြစ်တစ်ခုကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် မိမိတို့ မဏ္ဍိုင် ၁ တည်ဆောက်ရေး၏ အခြေခံကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ စတင်တာဝန်ယူသည့် နှစ်လအတွင်း မိမိတို့အနေဖြင့် ရခိုင်ပြည်နယ်တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သဘာဝသယံဇာတ ကြွယ်ဝသည့် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် ပြဿနာများကို ထာဝရဖြေရှင်းပေးမည့် အဖြေများ ကူညီရှာဖွေပေးရန်အတွက် အကြံပေးကော်မရှင်ကို ဦးဆောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန်ကို ချဉ်းကပ်ခဲ့ပါကြောင်း။

ဤနေရာတွင် ကျေးဇူးပြု၍ မိမိအား ဒေါက်တာကိုဖီအာနန်ကို ချီးကျူးဂုဏ်ပြုခွင့်ပေးစေလိုပါကြောင်း၊ ၎င်း၏ အရည်အချင်းနှင့် အောင်မြင်မှုများသည် မရေမတွက်နိုင်ပါကြောင်း၊ သို့သော် မိမိတို့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရန် ဆွေးနွေးနေခိုက် မိမိတို့အတွက် ယင်း၏ အရေးပါခဲ့ပုံကိုသာ အဓိက တင်ပြရန်သင့်တော်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ အမြစ်တွယ်နေသော ပြဿနာများကို ဖြေရှင်းရာတွင် မိမိတို့အား အကြံဉာဏ်ပေးမည့်တာဝန်ကို လက်ခံရယူရန် စိတ်သဘောထားကောင်းမွန်ပြီး အကောင်းမြင်စိတ်ဓာတ်ရှိသည့် ဒေါက်တာကိုဖီအာနန်က သဘောတူညီခဲ့ပါကြောင်း။

**ချဉ်းကပ်မှုနည်းလမ်းမှာ အပြုသဘောဆောင်**

မြန်မာနိုင်ငံအပေါ် ရခိုင်ပြည်နယ်မှ အဖြစ်အပျက်များကြောင့် ပြင်းထန်သော ဝေဖန်ပြစ်တင်မှုများ ရှိနေချိန်တွင် မိမိတို့နိုင်ငံကို ငြိမ်းချမ်းလုံခြုံ တိုးတက်အောင်မြင်စေလိုသော ဒေါက်တာအာနန်အနေဖြင့် မိမိတို့အား ကူညီရန် ၎င်း၏ ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်ခဲ့ပါကြောင်း၊ ကိုဖီအာနန်၏ လုပ်ဆောင်ချက်နှင့် ၎င်းကော်မရှင်၏ အကြံပြုချက်များမှ တွေ့ရသော ၎င်း၏ ကရုဏာ၊ ရိုးသားဖြောင့်မတ်မှုနှင့် ရဲစွမ်းသတ္တိတို့သည် ၎င်း၏ ပညာပြည့်ဝမှု၊ အတွေ့အကြုံ ကြွယ်ဝမှုတို့ကို ထင်ဟပ်ခဲ့ပါကြောင်း၊ ၎င်း၏ ချဉ်းကပ်မှုနည်းလမ်းမှာ အပြုသဘောဆောင်ပြီး ကရုဏာတရားရှိပါကြောင်း၊ အလုပ်တာဝန်များပြားသည့်ကြားမှပင် အချိန်ယူကာ မိမိအား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းပြီး ကူညီအားပေးခဲ့ပါကြောင်း။

ယခုနှစ်အစောပိုင်းတွင် ရခိုင်ပြည်နယ်အတွင်း ရရှိခဲ့သော သင်ခန်းစာများ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၎င်းအနေဖြင့် နောက်ဆုံးလူထုအခမ်းအနားအဖြစ် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ၎င်း၏ဘဝသည် မိမိတို့အကျိုးအတွက် လေ့လာစရာ သင်ခန်းစာတစ်ခုပင်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂကို တည်ဆောက်ထားသည့် အခြေခံသဘောများနှင့် တန်ဖိုးများ ထင်ဟပ်နေသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာတစ်လွှားတွင် ငြိမ်းချမ်းသာယာမှုရရှိနိုင်ကြောင်း မိမိတို့အား ယုံကြည်မျှော်လင့်စေသည့် စံတန်ဖိုးများပင်ဖြစ်ပါကြောင်း။

**အဘက်ဘက်မှ လုပ်ဆောင်စရာများစွာလိုအပ်နေ**

ဒေါက်တာကိုဖီအာနန် ကော်မရှင်၏ အကြံပြုချက် ၈၈ ချက်မှ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး ဖော်ဆောင်ရန် ရည်ရွယ်သည့် အကြံပြုချက် ၈၁ ချက်ကို မိမိတို့အနေဖြင့် အကောင်အထည်ဖော်ပြီးဖြစ်ပါကြောင်း၊ သို့သော် ရခိုင်ပြည်နယ်ရှိစိန်ခေါ်မှုများမှာ ဘက်ပေါင်းစုံမှုဖြစ်ရာ အဘက်ဘက်မှ လုပ်ဆောင်စရာများစွာ လိုအပ်နေပါကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိသော နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးကို လုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း။

**ဘက်ပေါင်းစုံ၊ အဆင့်ပေါင်းစုံတွင်ပါဝင်**

ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရန်အတွက် မြန်မာအစိုးရသည် UNDP နှင့် UNHCR တို့နှင့် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ နေရပ်စွန့်ခွာသွားသူများ ပြန်လည်နေရာချထားရေးအတွက် နေရာများကို စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ကုလသမဂ္ဂတာဝန်ရှိ ပုဂ္ဂိုလ်များအား ကျေးရွာအုပ်စု ၁၃ အုပ်စုအတွင်းရှိ ကျေးရွာ ၂၃ ရွာကို ရှေ့ပြေးအကဲဖြတ်စီမံကိန်းအဖြစ် ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း၊ နယ်နိမိတ်မျဉ်းအနီး နေထိုင်သော နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် ထပ်မံ၍ ကျေးရွာငါးရွာကို သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်ပြီး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီအနေဖြင့် ဘက်ပေါင်းစုံ၊ အဆင့်ပေါင်းစုံတွင် ပါဝင်ခဲ့ပါကြောင်း။

UEHRD သည် နိုင်ငံအနှံ့မှ ပြည်သူများနှင့် အဖွဲ့အစည်းများကို ရခိုင်ပြည်နယ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရနှင့်အတူ ပါဝင်လာရန် ပေါင်းစည်းပေးသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း။

နိုင်ငံအနှံ့အပြားရှိ ပြည်သူများနှင့် အဖွဲ့အစည်းများ အစိုးရနှင့် ပါဝင်ပူးပေါင်းပြီး ရခိုင်ပြည်နယ်အား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အမျိုးသားစီမံကိန်းအတွင်း ပါဝင်လာအောင် ဖော်ဆောင်စေခဲ့သည်မှာ UEHRD ပင် ဖြစ်ပါကြောင်း။

**အပြီးသတ်အစီရင်ခံစာကို တင်သွင်း**

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း ဒေါက်တာ ဆူရာကရက် ဆာသီရာထိုင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဒေါက်တာကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးဆိုင်ရာ အကြံပေးအဖွဲ့သည် ပြီးခဲ့သော သီတင်း ပတ်က ၎င်း၏ အပြီးသတ်အစီရင်ခံစာကို တင်သွင်းခဲ့ပါကြောင်း၊ မျှတမှုရှိပြီး အလားအလာကောင်းသော ယင်းအစီရင်ခံစာအတွက် အကြံပေးအဖွဲ့ဝင် အားလုံးကို အထူးကျေးဇူးတင်ရှိသည် ဟု ပြောကြားလိုပါကြောင်း။

၎င်းတို့၏ အကြံပေးချက်များအပေါ် အခြေခံပြီး အာဆီယံမှ ထင်ရှားကျော်ကြားသည့် သံတမန်တစ်ဦးဖြစ်သော သံအမတ် ရိုဆာရီယို မာနာလို ဦးဆောင်သည့် လွတ်လပ်သော စုံစမ်းရေးကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းကော်မရှင်သည် ဩဂုတ် ၁၅ ရက်က နေပြည်တော်တွင် ပထမဆုံးအကြိမ် အစည်းအဝေးကျင်းပခဲ့ကြပြီး လာမည့် သီတင်းပတ်တွင် လုပ်ငန်းစတင်ကြတော့မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

# မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုစာချုပ် ချုပ်ဆိုနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေး

## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ ၂၀၁၈ခုနှစ်၊ ဩဂုတ် လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ စင်ကာပူနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ဩဂုတ်လ ၂၂ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

၂၀-၈-၂၀၁၈ ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လီကွမ်ယူပြည်သူ့မူဝါဒရေးရာကျောင်းသို့ သွားရောက်လေ့လာခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား လီကွမ်ယူပြည်သူ့ရေးရာမူဝါဒကျောင်းမှ စင်ကာပူသမ္မတနိုင်ငံ၏ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့် လီကွမ်ယူပြည်သူ့ရေးရာမူဝါဒကျောင်း၏ မဟာဌာနမှူး Professor Danny Quah တို့က ကြိုဆိုခဲ့ကြသည်။ ထို့နောက် မဟာဌာနမှူး Professor Danny Quah က ကျောင်း၏ သမိုင်းကြောင်း၊ အနာဂတ်မျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ သင်ကြားပို့ချပေးလျက်ရှိသည့် ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းအတွင်း စာသင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။ ထို့နောက် စင်ကာပူသမ္မတနိုင်ငံ၏ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား လက်ဖက်ရည်ဝိုင်းဖြင့် ရင်းနှီးချစ်ကြည်စွာ ဧည့်ခံခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၁-၈-၂၀၁၈ ရက်နေ့ နံနက်ပိုင်းတွင် အီစတာနာနန်းတော်၌ စင်ကာပူနိုင်ငံ သမ္မတ မစ္စစ် ဟာလီမာ ရာကော့ဗ် အားလည်းကောင်း၊ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးအားလည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုစာချုပ် ချုပ်ဆိုနိုင်ရေးကိစ္စရပ်များ၊ မြန်မာလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပို့ချရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အာဆီယံမူဘောင်အတွင်းမှ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုများနှင့် မကြာမီကရရှိခဲ့သည့် တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စင်ကာပူဝန်ကြီးချုပ်မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

### မတူကွဲပြားသည့် အသွင်ကူးပြောင်းမှု ဖြစ်စဉ်များ

ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် စင်ကာပူအမျိုးသားလုံခြုံရေး ညှိနှိုင်းရေးဝန်ကြီး မစ္စတာ တိုချီယန်းအား Grand Hyatt Hotel ၌ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယင်းဟိုတယ်၌ The 43rd Singapore Lecture အဖြစ် Democratic Transition in Myanmar: Challenges and Way Forward ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချခဲ့သည်။ ယင်းသို့ ပို့ချရာတွင် မြန်မာနိုင်ငံဖြတ်သန်းခဲ့ရသော မတူကွဲပြားသည့် အသွင်ကူးပြောင်းမှု ဖြစ်စဉ်များ၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ၂၁-ရာစုပင်လုံဆွေးနွေးပွဲများ၊ ရခိုင်ပြည်နယ်အရေးကိစ္စအား ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုများ၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးဖော်ဆောင်နေသည့်ကိစ္စများ စသည့်ကဏ္ဍပေါင်းစုံတွင် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ပတ်သက်၍ လွန်ခဲ့သည့် ရာစုနှစ်တစ်စု၏ ၄ ပုံ ၃ ပုံကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ်တွင် ကိုလိုနီအုပ်ချုပ်ရေးမှ လွတ်လပ်ရေးရရှိသည်အထိ၊ ၁၉၆၂ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီစနစ်မှ စစ်အုပ်ချုပ်ရေး ကာလအထိ၊ ၁၉၈၈ ခုနှစ် စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်သို့ ပြီးဆုံးမှုမရှိသေးဘဲ ကူးပြောင်းနေဆဲဖြစ်သည့် ယနေ့ခေတ်ကာလအထိ အဓိကကျသည့် အသွင်ကူးပြောင်းရေးကာလ ၃ ကြိမ် ကြုံတွေ့ခဲ့ရကြောင်း၊ ပထမအကြိမ် အသွင်ကူးပြောင်းစဉ်က ကိုလိုနီစနစ်မှ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ်သို့ အခက်အခဲများစွာဖြင့် ရုန်းကန်ခဲ့ရကြောင်း၊ ဒုတိယအကြိမ် အသွင်ကူးပြောင်းစဉ်ကမူ မြို့တော်လမ်းမပေါ်တွင် တင့်ကားများ ဖြန့်ချထားပြီး ရေဒီယိုမှ ကြေညာချက်တစ်ရပ်ဖြင့် ရှင်းလင်းပြတ်သားစွာ ကူးပြောင်းခဲ့ကြောင်း၊ လက်ရှိ တတိယအကြိမ်မြောက် အသွင်ကူးပြောင်းမှုဖြစ်စဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့ တွေ့ဆုံစဉ်။

သတင်းစဉ်

တွင်မူ ရှုပ်ထွေးမှုနှင့် စိန်ခေါ်မှုများစွာရှိနေကြောင်း၊ မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ တိုးတက်မှုအရှိန်အဟုန်ကို တိုင်းတာရာတွင် ရည်မှန်းချက်များကို ပြည်သူများနှင့်အတူ မည်မျှလက်တွေ့အကောင်အထည်ဖော်နိုင်သည်ဆိုသည့် အချက်နှင့်သာ တိုင်းတာရမည်ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းရေး လမ်းပြမြေပုံအဖြစ် ရေးဆွဲထားသည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ရည်မှန်းချက် (၅) ရပ်နှင့် မဏ္ဍိုင်ကြီး(၃)ရပ်တို့ကို ချမှတ်ထားကြောင်း၊ ရည်မှန်းချက်(၁)တွင် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်၊ ရည်မှန်းချက် (၂)တွင် စီးပွားရေးတည်ငြိမ်မှုနှင့် မက်ခရိုစီးပွားရေး စီမံခန့်ခွဲမှုတိုးတက်ကောင်းမွန်ရေးတို့ဖြစ်ပြီး၊ ၎င်းရည်မှန်းချက် (၂)ရပ်သည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမဏ္ဍိုင်အောက်တွင် ရှိကြောင်း၊ ရည်မှန်းချက် (၃) တွင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဖြစ်ပြီး ယင်းရည်မှန်းချက်သည် ဒုတိယမဏ္ဍိုင်ဖြစ်သည့် သာယာဝပြောရေးနှင့် မိတ်ဖက်ဆက်ဆံရေးမဏ္ဍိုင်အောက်တွင် ရှိကြောင်း၊ ရည်မှန်းချက် (၄)တွင် (၂၁)ရာစု လူမှုအဖွဲ့အစည်းတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ရည်မှန်းချက် (၅)တွင် နိုင်ငံ၏အနာဂတ် မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်အား နိုင်ငံသာယာဝပြောရေးအတွက် အသုံးချခြင်းတို့ပါဝင်ပြီး၊ ၎င်းရည်မှန်းချက် (၂)ရပ်သည် မဏ္ဍိုင် (၃) ဖြစ်သည့် ပြည်သူနှင့် ပတ်ဝန်းကျင်အသိုက်အဝန်းအောက်တွင် ရှိကြောင်း၊ ငြိမ်းချမ်းရေး မရရှိပါက အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုမရရှိနိုင်သည့်အတွက် မြန်မာအစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းဖော်ဆောင်ရန် ဆုံးဖြတ်ထားကြောင်း၊ (၂၁) ရာစုပင်လုံညီလာခံကို လွတ်လပ်ရေးရစဉ်ကပင် ပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင်ဆူပူမှုများကို အဆုံးသတ်စေရန် ဖြစ်သကဲ့သို့ မတူကွဲပြားမှုများကို ဖယ်ရှားနိုင်ပြီး၊ စည်းလုံးညီညွတ်ပြီး ခိုင်မာသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ထောင်နိုင်ရန်အတွက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ခက်ခဲသည့် စိန်ခေါ်မှုများ ကျန်ရှိနေဆဲဖြစ်ပြီး မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချင်းချင်းအကြား တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားလျက်ပင် ရှိနေကြောင်း၊ မြန်မာအစိုးရအနေဖြင့် ယင်းစိန်ခေါ်မှုများအပေါ် စဉ်ဆက်မပြတ် သတိထားစောင့်ကြည့်လျက်ရှိပြီး၊ အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုများကို ကြိုးပမ်းတည်ဆောက်၍ ဆွေးနွေးပွဲနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် ဖြေရှင်းရန် ရည်မှန်းချက် ချမှတ်ထားကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

### ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်

ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နေခြင်းသည် မဏ္ဍိုင် (၃)ရပ်မှ ပထမမဏ္ဍိုင်ကို တည်ဆောက်ရာတွင် အဓိကကျသော အစိတ်အပိုင်းဖြစ်ကြောင်း၊ ဒေါက်တာ ကိုဖီအာနန်အနေဖြင့် မြန်မာအစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အောင်မြင်ရရှိစေလိုသည့် ဆန္ဒရှိကြောင်း၊ ဒေါက်တာ ကိုဖီအာနန်ကော်မရှင်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက် (၈၈)ချက်အနက် မြန်မာအစိုးရအနေဖြင့် (၈၁)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အဆိုပါ အကြံပြုချက်များသည် ရခိုင်ပြည်နယ်တွင် ရေရှည်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတည်ဆောက်နိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့်လည်း ရခိုင်ပြည်နယ်တွင် ထိရောက်မြန်ဆန်စွာဖြင့် ပြန်လည်နေချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် UNDP ၊ UNHCR တို့နှင့် MoU လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ UEHRD သည် ကဏ္ဍပေါင်းစုံနှင့် အဆင့်အသီးသီးတွင် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အာဆီယံမှ ထင်ရှားသည့် သံအမတ်ကြီး Rosario Manalo ဦးဆောင်သည့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းထူထောင်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ် မြောက်ပိုင်းမှ နေရပ်စွန့်ခွာသွားသူများ မိမိဆန္ဒအလျောက် လုံခြုံဂုဏ်သိက္ခာရှိစွာဖြင့် ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားနိုင်မည်ဟု မြန်မာအစိုးရအနေဖြင့် မျှော်လင့်ကြောင်း၊ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာစေရန် စတင်ခဲ့သည့် အကြမ်းဖက်လှုပ်ရှားမှုများ၏ အန္တရာယ်သည် ယခုအချိန်အထိ အမှန်တကယ် တည်ရှိနေဆဲဖြစ်ကြောင်း၊ ဆွေးနွေးပြောကြားခဲ့သည်။

### ကောင်းမွန်သော အနာဂတ်ဘဝအတွက် အစပျိုးနိုင်

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုသည် လွန်စွာအရေးကြီးကြောင်း၊ မြန်မာအစိုးရ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် လူသားအရင်းအမြစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုသည် အခြေခံကျသည့် အချက်တစ်ရပ်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် အမြင့်မားဆုံးအင်အားသည် ပြည်သူများကိုယ်တိုင် ပါဝင်လာရေးဖြစ်ပြီး ပြည်သူများ ပါဝင်လာရေးသည်လည်း အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ သန်းပေါင်းများစွာသော ပြည်သူများ၏ ဆန္ဒနှင့် ရည်မှန်းချက်များကို တစ်ခုတည်းအဖြစ် ပေါင်းစည်းနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ မတူကွဲပြားမှုများကို တောက်ပလင်းလက်လာနိုင်စေရေးမှာ လွယ်ကူသောလုပ်ငန်း မဟုတ်ကြောင်း၊ မြန်မာပြည်သူများအနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် စွမ်းဆောင်ရည်ရှိသည်ဟုယုံကြည်ကြောင်း၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမှာ မြန်မာနိုင်ငံ၏ ကောင်းမွန်သော အနာဂတ်ဘဝအတွက် အစပျိုးနိုင်ခြင်းပင်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပို့ချခဲ့ပါသည်။

ဆက်လက်၍ ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်ခဲ့ကြပြီး၊ သံရုံးဧည့်ခန်းမတွင် သံအမတ်ကြီးအပါအဝင် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။ ထို့နောက် မြန်မာသံအမတ်ကြီးမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ညစာစားပွဲအပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူရှိ Gardens by the Bay သို့ သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါသွားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၂-၈-၂၀၁၈ ရက်နေ့ နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ၊ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် (၁၀၃၀)နာရီအချိန်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်**

*စာမျက်နှာ ၄ မှ*

မိမိတို့အနေဖြင့် နေရပ်စွန့်ခွာ ထွက်ပြေးသူများအားလုံး အထူးသဖြင့် အမျိုးသမီးနှင့်ကလေးများအပေါ် သနားကြင်နာစိတ်၊ စိုးရိမ်စိတ်များ ကြီးစွာဖြစ်ပေါ်နေပါကြောင်း၊ ယခုအခါ ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် နေရပ်စွန့်ခွာ ထွက်ပြေးသူများ ၄ သန်းခန့်ရှိပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသမှုကို အခြေခံကာ အဆိုပါပြဿနာကို ချစ်ခင်ရင်းနှီးစွာဖြေရှင်းရန် ကြိုးပမ်းရာတွင် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ ယခုအခါ မိမိတို့အလုပ်သမားထဲမှ အများစုမှာ တရားဝင်အသိအမှတ်ပြုခံရသဖြင့် ထိုတိုးတက်မှုရလဒ်များအပေါ် အလုပ်ရှင်ရော အလုပ်သမားများပါ အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံအကြား ရင်းနှီးစွာညှိနှိုင်းတိုင်ပင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် နေရပ်စွန့်ခွာထွက်ပြေးသူများ မိမိတို့နိုင်ငံသို့ ပြန်လာရေးအစီအစဉ်မှာ ချောမွေ့လာခဲ့ပါကြောင်း။

ထိုနည်းတူ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာ ထွက်ပြေးသူများ ဘေးကင်းပြီး သိက္ခာရှိရှိဖြင့် မိမိတို့ဆန္ဒအလျောက် ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့မျှော်လင့်ပါကြောင်း၊ ဒါကာမြို့သို့ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ စေလွှတ်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်ကို မိမိတို့က လက်ကမ်းခဲ့ပြီး ပြန်လည်ရောက်ရှိလာမည့်သူများအား နေရာချထားရေးအတွက် မိမိတို့၏ စီစဉ်ထားရှိမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ရန် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးကို ပြီးခဲ့သော သီတင်းပတ်က ဖိတ်ကြားခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိလာစဉ် ပေးထားသည့် ကတိကဝတ်များကို အကောင်အထည်ဖော်ရေး၊ နေရပ်စွန့်ခွာ ထွက်ပြေးသူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်များကို အရှိန်အဟုန်မြှင့် ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံအကြားဝန်ကြီးအဆင့် အရေးပေါ်တယ်လီဖုန်းလိုင်းတစ်ခု တည်ထောင်ရေး စသည်တို့နှင့် ပတ်သက်ပြီး နှစ်နိုင်ငံအကြား သဘောတူညီမှုရရှိခဲ့ကြကြောင်း။

ယခုလိုမျိုး ပြဿနာတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းနေသည့် ကုလသမဂ္ဂ၏ အရေးကြီးသော အခန်းကဏ္ဍကိုလည်း မိမိတို့ အသိအမှတ်ပြုပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံဥက္ကဋ္ဌနိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်များ လာရောက်နိုင်ရေးအတွက် မိမိတို့ စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် သံအမတ် Christine Burgener ကို ခန့်အပ်လိုက်မှုအပေါ် မိမိတို့ကြိုဆိုပါကြောင်း၊ အဆိုပါ အထူးကိုယ်စားလှယ်သည် နေပြည်တော်တွင် ရုံးခန်းဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း၊ သံအမတ် Christine Burgener နှင့် မိမိတို့ ထိတွေ့ဆက်ဆံမှုသည် အပြုသဘောဆောင်ပြီး အကျိုးများမည် ယုံကြည်ပါကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပလတ်စတစ်သုံးစွဲမှု လျှော့ချသွားနိုင်မှသာလျှင် ...

**မောင်စိန်အိ ( နဘဲမြေ )**

လက်တင်အမေရိကရှိ ချီလီနိုင်ငံသည် ဩဂုတ် ၃ ရက်က ပလတ်စတစ်သုံးစွဲမှုတားမြစ်သည့် ဥပဒေကိုအတည်ပြုလိုက်ပြီဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပလတ်စတစ်သုံးစွဲမှုတားမြစ်သည့် ကမ္ဘာ့ပထမဆုံးသောနိုင်ငံဖြစ်လာသည်။ ဥပဒေသစ်အရ ကုန်စုံဆိုင်လေးများကို နှစ်နှစ်အချိန်ပေးထားပြီး အကြီးစားစီးပွားရေးလုပ်ငန်းများကို ခြောက်လသာအချိန်ပေးထားသည်။ ထိုအတောအတွင်း ကုန်တိုက်ကြီးများသည် ဈေးဝယ်သူတစ်ဦးကို ပလတ်စတစ်နှစ်လုံးသာ အသုံးပြုခွင့်ပေးသွားရမည်ဖြစ်သည်။ ပလတ်စတစ်သုံးစွဲခွင့် တားမြစ်ထားသည့် ထိုဥပဒေအား ချိုးဖောက်သူအားလုံးကို ဒဏ်ငွေ အမေရိကန် ဒေါ်လာ ၃၇၀ အထိ ချမှတ်သွားမည်ဖြစ်သည်။ ချီလီနိုင်ငံ၏ အနိမ့်ဆုံးလုပ်ခလစာသည် အမေရိကန်ဒေါ်လာ ၈၀၀ ဖြစ်သည်။

### ပလတ်စတစ်သမိုင်းကြောင်း

ပလတ်စတစ်ကို လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်ကတည်းက စတင်အသုံးပြုလာခဲ့ကြသည်။ ထိုအချိန်မှစ၍ အဆင့်ဆင့် ပြောင်းလဲပြုပြင်တိုးတက်ထုတ်လာခဲ့ရာ ယနေ့အချိန်တွင် ပလတ်စတစ်သည် လူသားတို့၏ နေ့စဉ်လူနေမှုဘဝမှာ မရှိမဖြစ် အသုံးအဆောင်ပစ္စည်းတစ်ခုလို ဖြစ်လာသည်။ စတင်ထုတ်လုပ်ခဲ့သည့် ပလတ်စတစ်အပိုင်းအစများသည် ဆယ်တင်အသုံးပြုခြင်းမရှိလျှင် ယနေ့အချိန်အထိ ဆွေးမြည့် ပျက်စီးခြင်း မရှိသေးပေ။ သိပ္ပံပညာရှင်များသည် စွန့်ပစ် ပလတ်စတစ်များ လျင်မြန်စွာ ဆွေးမြည့်ပျက်စီးသွားရေးအတွက် နည်းလမ်းရှာဖွေနေရဆဲပင်ဖြစ်သည်။ မြေမြှုပ်ထားသည့် ပလတ်စတစ် အမှိုက်များသည်ပင်လျှင် ဆွေးမြည့်ပျက်စီးဖို့ရန် နှစ်ပေါင်းထောင်ချီ၍ကြာသည်။ ပလတ်စတစ်ခွက်လေးတစ်လုံး ဆွေးမြည့်ဖို့ရန်ပင် အနှစ် ၈၀ ခန့်ကြာမြင့်သည်။

### နှစ်ကာလကြာသည့်တိုင်အောင်

ပလတ်စတစ်အိတ်တစ်လုံးပြုလုပ်ရန် အချိန်စက္ကန့်ပိုင်းလောက်သာကြာမြင့်ပြီး ကုန်တိုက်နှင့် နေအိမ်အကြား မိနစ် ၃၀ လောက်သာ အသုံးပြုပြီးနောက် ပလတ်စတစ်များသည် အမှိုက်ပုံးထဲ ရောက်သွားလေ့ရှိသည်။ သို့သော် ထိုပလတ်စတစ်အိတ်တစ်လုံးပျက်စီးရန် နှစ်ပေါင်း ၄၀၀ ကျော် ၅၀၀ နီးပါးကြာမြင့်သည်။ ပလတ်စတစ်အမှိုက်အများစုသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ပင်လယ်သမုဒ္ဒရာများတွင် သွား၍စုပုံလေ့ရှိသည်။ ငါးများနှင့် ငှက်များသည် ထိုပလတ်စတစ်အမှိုက်များကို အစာနှင့် မှားယွင်းမျိုမိကြသည်။ ထို့နောက် အသက်ဆုံးရှုံးကြရသည်။ မကြာသေးခင်ကပင် ထိုင်းပင်လယ်ကမ်းခြေ၌ တွေ့ခဲ့သည့် သေဆုံးနေသော ဝေလငါးကြီးတစ်ကောင်သည် ပလတ်စတစ်အိတ် ၈၀ ကျော်ကို မျိုထားသည်။ အစာမှတ်၍ မျိုမိခဲ့ခြင်းဖြစ်သည်။ လူတို့၏ ပယောဂကြောင့် ပင်လယ်နေသတ္တဝါများ အသက်ဆုံးရှုံးနေရပြီဖြစ်သည်။

### ပလတ်စတစ်အမှိုက်များ

ပလတ်စတစ်ကို ဈေးကွက်အတွင်း၌ ဈေးနှုန်းချိုသာစွာဖြင့် လွယ်ကူစွာဝယ်ယူရရှိနိုင်သည်။ ထို့ကြောင့် အိမ်တိုင်းသည် ပလတ်စတစ်ကို နေ့စဉ်သုံးစွဲပြီး အမှိုက်အဖြစ် စွန့်ပစ်လျက်ရှိကြသည်။ ဈေးဝယ်ရာတွင်လည်း ထည့်စရာယူသွားလေ့မရှိပေ။ ဈေးဆိုင်များကလည်း ကုန်ပစ္စည်းများကို တစ်ခါသုံးပလတ်စတစ်ဖြင့်သာ အလွယ်တကူထည့်ပေးလေ့ရှိကြသည်။ လူအများစုသည် ပလတ်စတစ်ကို တစ်ခါသုံးပြီးလျှင် စွန့်ပစ်တတ်ကြသည်။ ထိုသို့မဖြစ်သင့်ချေ။ ပြန်လည်အသုံးပြုနိုင်ရန် စနစ်တကျ ခေါက်သိမ်းထားသင့်ပေသည်။

### ပလတ်စတစ်ညစ်ညမ်းမှုများ

ပလတ်စတစ်ညစ်ညမ်းမှုသည် ကူးစက်ရောဂါတစ်မျိုးလို ဖြစ်လာလျက်ရှိသည်။ နှစ်စဉ်လူသားတို့ စွန့်ပစ်သည့် ပလတ်စတစ်ပမာဏသည် ကမ္ဘာကြီးကိုစက်ဝိုင်းပတ် ပတ်လိုက်မည်ဆိုလျှင် လေးပတ်အထိပင်ရှိသည်။ စွန့်ပစ်ပလတ်စတစ်အများစုသည် ကုန်းပေါ်တွင် စုပုံမနေဘဲ သမုဒ္ဒရာကြီးများအတွင်း၌သာ ရောက်ရှိစုပုံလေ့ရှိသည်။ ၂၀၅၀ ပြည့်နှစ်တွင် ပင်လယ်သမုဒ္ဒရာအတွင်းရှိ ပလတ်စတစ်အလေးချိန်သည် ရေသတ္တဝါများ၏ အလေးချိန်ထက် ပိုမိုလာမည်ဖြစ်သည်။ ထိုပလတ်စတစ်အမှိုက်များကြောင့် နှစ်စဉ်ပင်လယ်နေသတ္တဝါမျိုးစုံ ၁၀၀၀၀၀ ခန့်နှင့်




✻ ပလတ်စတစ်များကို စည်းကမ်းမဲ့စွန့်ပစ်ကြသောကြောင့် ၁၉၅၀ ပြည့်လွန်နှစ်များမှသည် ယနေ့အချိန်အထိ ကမ္ဘာတစ်ဝန်း၌ ပလတ်စတစ်အမှိုက်တန်ချိန် ၉ ဘီလီယံကျော်ခန့်စုပုံနေပြီဖြစ်သည်။

✻ ထိုပမာဏ၏ ၆၀ ရာခိုင်နှုန်းခန့်သည် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပေါ်နေပြီဖြစ်သည်။

✻ လက်ရှိနှုန်းအတိုင်းသာ ဆက်လက်သုံးစွဲနေမည်ဆိုလျှင် ၂၀၅၀ ခန့်တွင် ပလတ်စတစ်အမှိုက်တန်ချိန် ၁၂ ဘီလီယံကျော်အထိ ရှိလာမည်ဖြစ်

ထိုသို့ပလတ်စတစ်များကို စည်းကမ်းမဲ့ စွန့်ပစ်ကြသောကြောင့် ၁၉၅၀ ပြည့်လွန်နှစ်များမှသည် ယနေ့အချိန်အထိ ကမ္ဘာတစ်ဝန်း၌ ပလတ်စတစ်အမှိုက်တန်ချိန် ၉ ဘီလီယံကျော်ခန့်စုပုံနေပြီဖြစ်သည်။ ထိုပမာဏ၏ ၆၀ ရာခိုင်နှုန်းခန့်သည် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပေါ်နေပြီဖြစ်သည်။ လက်ရှိနှုန်းအတိုင်းသာ ဆက်လက်သုံးစွဲနေမည်ဆိုလျှင် ၂၀၅၀ ခန့်တွင် ပလတ်စတစ်အမှိုက်တန်ချိန် ၁၂ ဘီလီယံကျော်အထိ ရှိလာမည်ဖြစ်သည်။

ပင်လယ်ပျော် ငှက်မျိုးစုံ တစ်သန်းခန့် သေဆုံးရလျက်ရှိသည်။ ဆိုရလျှင် ပလတ်စတစ်ညစ်ညမ်းမှုကြောင့် နှစ်စဉ်အဏ္ဏဝါဂေဟစနစ်မှ အမေရိကန် ဒေါ်လာ ၁၃ ဘီလီယံခန့် ဆုံးရှုံးရလျက်ရှိသည်။

ထို့ကြောင့် ကမ္ဘာမြေကြီး သန့်ရှင်းသာယာလှပရေးအတွက် ပလတ်စတစ်ကို မည်သို့သုံးစွဲသွားသင့်သည်ကို စဉ်းစားဖို့ အချိန်တန်နေပြီဖြစ်သည်။ ထို့အပြင် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေး နည်းလမ်းများကိုလည်း လေ့လာရှာဖွေ သွားသင့်ပြီဖြစ်သည်။ ဆိုရလျှင် ပလတ်စတစ်ညစ်ညမ်းမှုသည် လူသားများအတွက် အဆိပ်အတောက်ပင်ဖြစ်သည်။ ပလတ်စတစ်ညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုသည် တစ်ပြိုင်တည်းဖြစ်ပေါ်နေသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုပင်ဖြစ်သည်။ ပလတ်စတစ်ညစ်ညမ်းမှုသည် နိုင်ငံအားလုံးနှင့်ကဏ္ဍအားလုံးကို ခြိမ်းခြောက်နေပြီ ဖြစ်သည်။ ထို့အပြင် ပလတ်စတစ်ညစ်ညမ်းမှုသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများစွာကိုသာ ဖြစ်ပေါ်စေပါသည်။

### ပလတ်စတစ်သုံးစွဲမှုလျှော့ချသွားနိုင်မှသာလျှင်

ပလတ်စတစ်သည် အလွယ်တကူဆွေးမြည့်ပျက်စီးခြင်း မရှိပေ။ ကြေမွဆွေးမြည့်ပျက်စီးဖို့ရန်အတွက် နှစ်ပေါင်းများစွာကြာမြင့်သည်။ မြေကြီးထဲသို့ မြှုပ်ထားမည်ဆိုလျှင် မြေဆီလွှာခန်းခြောက်သောကြောင့် ထိုနေရာသည် စိုက်ပျိုး၍ မရတော့ပေ။ ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်များထဲသို့ စွန့်ပစ်မည်ဆိုလျှင်လည်း အလွယ်တကူ ကြေမွပျက်စီးခြင်းမရှိချေ။ ရေနေသတ္တဝါများသည် ပလတ်စတစ်အမှိုက်များကို စားသုံးသောကြောင့် အသက်ဆုံးရှုံးရလျက်ရှိသည်။ ဂေဟစနစ်ပျက်စီးသောကြောင့် သက်ရှိများ၏ ဇီဝဖြစ်စဉ်များကိုလည်း ထိခိုက်စေလျက်ရှိသည်။ ဆင့်ကဲဆိုးကျိုးအဖြစ် လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်ပေါင်းစုံကို ကြုံတွေ့နေကြရပြီဖြစ်သည်။ အထူးသဖြင့် ပလတ်စတစ် အပါအဝင် စွန့်ပစ်အမှိုက်များကြောင့် မြစ်ချောင်းများ တိမ်ကောလျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ တွင် နှစ်စဉ် ရေဘေးအန္တရာယ်ကြုံတွေ့နေရပြီဖြစ်သည်။ ထိရောက်သော ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ခြင်းမရှိလျှင် အနာဂတ်တွင် ရေဘေးအန္တရာယ်များ ပိုမိုကြုံတွေ့ရနိုင် ဖွယ်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး လုပ်ငန်းစဉ်ကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ချမှတ် ဆောင်ရွက်သွားသင့်ပါသည်။ ကုန်တိုက်များ၊ စတိုးဆိုင်များနှင့် ဈေးဆိုင်များတွင် ပလတ်စတစ်သုံးစွဲမှုကို တဖြည်းဖြည်းချင်း ကန့်သတ်လျှော့ချသွားသင့်ပေသည်။ အိမ်ရှင်မများသည် ဈေးဝယ်သွားရာတွင် ထည့်စရာခြင်းများ၊ တောင်းများ၊ ချိုင့်များ ယူသွားသင့်ပေသည်။ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များအနေဖြင့်လည်း အစားအသောက်များကို ချိုင့်များ၊ ဘူးများဖြင့် ထည့်ပေးသင့်သည်။ ကုန်စုံဆိုင်များတွင်လည်း အသား၊ငါးနှင့်ငါးပိ၊ ငါးခြောက်များကို အင်ဖက်များ၊ ငှက်ပျောဖက်များ၊ သတင်းစာ၊ ဂျာနယ်အဟောင်းများဖြင့် ထုပ်ပိုးပေးသင့်ပေသည်။

အိမ်ရှင်မများအနေဖြင့်လည်း ကုန်တိုက်များမှ ပစ္စည်းဝယ်ယူရာတွင် ထည့်ပေးလိုက်သည့် ပလတ်စတစ်များနှင့် ကုန်စုံဆိုင်များမှ အသား၊ ငါးများဝယ်ယူရာတွင် ထည့်ပေးလိုက်သည့် ပလတ်စတစ်များကို အမှိုက်ပုံးထဲသို့ ချက်ချင်းလွှင့်မပစ်ဘဲ လျှော်ဖွပ်၊ အခြောက်လှန်း၍ အရွယ်အစားအလိုက် စနစ်တကျ ခေါက်သိမ်းထားမည်ဆိုလျှင် လိုအပ်သည့်အချိန်တွင် ပြန်လည်အသုံးပြုနိုင်ပါသည်။ ထိုသို့ စည်းကမ်းရှိရှိသာ သုံးစွဲသွားမည်ဆိုလျှင် ပလတ်စတစ်သုံးစွဲမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီကသာ ပလတ်စတစ်သုံးစွဲမှု လျှော့ချသွားမည်ဆိုလျှင် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရေကြီးရေလျှံမှုများကို ကြိုတင်ကာကွယ်သွားနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်း ပါရစေ။ ။

---

## ကျိုင်းတုံမြို့နယ်၌ စနစ်တကျ အမှိုက်စွန့်ပစ်ရေးပညာပေး

**ကျိုင်းတုံ ဩဂုတ် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ စနစ်တကျအမှိုက်စွန့်ပစ်ရေးအတွက် ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားပြီး အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်ရန်နှင့် သတ်မှတ်ထားသော စည်းကမ်းချက်များကို ကျောင်းသားကျောင်းသူများအား အသေးစိတ်ရှင်းလင်း ဟောပြောခဲ့သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နယ်အတွင်းရှိ အခြားစာသင်ကျောင်းများတွင်လည်း ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## (၁၈) ကြိမ်မြောက် ကရင်ရိုးရာလက်ရစ်ချည်မင်္ဂလာ အခမ်းအနား ကျင်းပ

**သရက်ချောင်း ဩဂုတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကတ္တဲကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ယမန်နေ့ နံနက်ပိုင်းက (၁၈) ကြိမ်မြောက် ကရင်ရိုးရာ လက်ရစ်ချည်မင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်ထံမှ ပေးပို့လာသော သဝဏ်လွှာကို ကတ္တဲကျေးရွာလူငယ်အဖွဲ့ တာဝန်ခံ ဦးစောဇေယျာထွေးက လည်းကောင်း၊ KNU ကရင်အမျိုးသားအစည်းအရုံး ဗဟိုဌာနချုပ်မှ ပေးပို့လာသော သဝဏ်လွှာကို ဒေါ်နန်းလွင်လွင်ဌေးက လည်းကောင်း ဖတ်ကြားပေးခဲ့သည်။

သက်ကြီးဘိုးဘွားများက သတ်မှတ်နေရာများတွင် နေရာယူကြကာ လက်ရစ်ချည်ဆုတောင်းစကားများ ရွတ်ဆိုခဲ့ပြီး ရပ်နီးရပ်ဝေးမှ ရောက်ရှိလာသည့် ခုနစ်ရက်သားသမီးများကို လက်ရစ်ချည်ပေးခဲ့သည်။



အဆိုပါ အခမ်းအနားသို့ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ ထားဝယ်မြို့ကက်သရစ်ဘုန်းတော်ကြီး ဂျိုးဇက်ဖာသာ ဦးသိန်းခင်၊ ကရင်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးစောဟာဗီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄) အကြီးစားစက်ရုံအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄) အကြီးစားစက်ရုံသို့ ရောက်ရှိပြီး Green Power Myanmar Co., Ltd မှ တာဝန်ရှိသူများနှင့်အတူ ထုတ်လုပ်ထားရှိသော ဒီဇယ်အင်ဂျင်များအား LNG နှင့် ဒီဇယ် အသုံးပြု Dual-Fuel Type Engine များအဖြစ် ပြုပြင်ပြောင်းလဲမည့် အခြေအနေများကို အသေးစိတ် ဆွေးနွေးခဲ့သည်။



ထို့နောက် လောင်စာပြောင်းလဲအသုံးပြုမည့် အင်ဂျင်များနှင့် စျေးကွက်ဝင်ပစ္စည်းများ ပြောင်းလဲထုတ်လုပ်မည့် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး(ဓါတ်ပုံ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ PPP (Public Private Partnership) ကို အောင်မြင်အောင် ဆောင်ရွက်ရန်၊ သာမန်ဒီဇယ်အင်ဂျင်များအား လောင်စာနှစ်မျိုးသုံး အင်ဂျင်များအဖြစ် ပြောင်းလဲရန် ပြင်ပပညာရှင်များနှင့် ပူးပေါင်း၍ အမြန်ဆုံး အောင်မြင်စွာ ဆောင်ရွက်ရန်၊ ရရှိပြီးနည်းပညာများ ပျောက်ပျက်မသွားအောင် ဆင့်ပွားသင်တန်းများပေးရန်၊ နည်းပညာအသစ်များ ရရှိရေးအတွက်လည်း စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန်၊ ထုတ်လုပ်မှုနည်းစဉ်တွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ စျေးကွက်ဝင်ပစ္စည်းများအဖြစ် ပြောင်းလဲ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုများကို အမြဲမပြတ် ဆောင်ရွက်ရန် မှာကြားသည်။

သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄)အကြီးစားစက်ရုံတွင် ထုတ်လုပ်ထားရှိသော ဒီဇယ်အင်ဂျင်များကို (LNG နှင့် ဒီဇယ်)သုံး အင်ဂျင်များအဖြစ် ပြောင်းလဲ၍ မီးစက်၊ သင်္ဘော၊ မီးရထား အင်ဂျင်များနှင့် အခြားလုပ်ငန်းသုံး စျေးကွက်ဝင် အင်ဂျင်များအဖြစ် ပြောင်းလဲထုတ်လုပ်ရန် PPP စနစ်အဖြစ် ပြည်ပအတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဥရောပနိုင်ငံများတွင် အောင်မြင်ပြီး တွင်ကျယ်စွာအသုံးပြုလျက်ရှိသည့် လျှပ်စစ် Bus ကားများကိုလည်း Modulo နည်းပညာဖြင့် ပြည်တွင်း၌ ပူးပေါင်းတပ်ဆင်ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စီးပွားရေးကဏ္ဍသတင်းပေးပို့မှုများ ပိုမိုကောင်းမွန်ရေးဆိုင်ရာ ဖိုရမ်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

**အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) က စီစဉ်ကျင်းပသည့် စီးပွားရေးကဏ္ဍ သတင်းပေးပို့မှုများ ပိုမိုကောင်းမွန်ရေးဆိုင်ရာဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။** (ယာပုံ)




ဖိုရမ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အချက်အလက်သည် သတင်းအတွက် အရေးကြီးပါကြောင်း၊ စတုတ္ထမဏ္ဍိုင် သတင်းသမားများသည် ပြည်သူနှင့် မဏ္ဍိုင်သုံးရပ်အကြား ပေါင်းစပ်ပေးရပါကြောင်း၊ ထို့ပြင် ပြည်သူအချင်းချင်းအကြားတွင်လည်း သတင်းအချက်အလက်များကို ဖြန့်ဖြူးပေးရပါကြောင်း၊ စီးပွားရေးဆိုင်ရာ သတင်းများသည် နိုင်ငံတော်၏မူဝါဒ ကိုင်တွယ်ရသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအပြင် ပြည်သူတစ်ဦးချင်းအတွက်ပါ အရေးကြီးပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို ဌာနအလိုက် ထုတ်ပြန်နိုင်သည့် သတင်းအချက်များ အချိန်မီထုတ်ပြန်နိုင်ရန် နှိုးဆော်ထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် Right to Imformation Law ကို ရေးဆွဲနေပါကြောင်း၊ ယင်းဥပဒေရေးဆွဲပြီးပါက သတင်းသမားအတွက် သတင်းရယူရန် ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ ယနေ့စကားဝိုင်းတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းထားပြီးပါကြောင်း၊ မိမိတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် မှန်ကန်စိတ်ချရသည့် သတင်းအချက်များ မြန်မြန်ဆန်ဆန်ရရှိရန် အရေးကြီးပါကြောင်း၊ နိုင်ငံတကာ အစိုးရများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတစ်ခုနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမည်ဆိုပါက သတင်းမီဒီယာများ၏ ရေးသားချက်များကို အဓိက အားထားပါကြောင်း၊ သို့ဖြစ်၍ သတင်းမီဒီယာသမားများအနေဖြင့် မိမိတို့နိုင်ငံ၏ အချက်အလက်၊ ကိန်းဂဏန်းများ ဖော်ပြရာတွင် မမှားယွင်းကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် USAID မှ Head Economist Mr. Paul Pleva က သတင်းမီဒီယာများအနေဖြင့် လူထုနှင့် ဆက်သွယ်ရာတွင် တိကျမှန်ကန်ရန် အရေးကြီးပါကြောင်း၊ USAID အနေဖြင့် မြန်မာပြည်သူများ မျှော်လင့်နေသည့် ဒီမိုကရေစီ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် ကူညီရန်အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် ငြိမ်းချမ်းရေး၊ ကြွယ်ဝရေး၊ ဖွံ့ဖြိုးရေးအတွက် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ သတင်းမီဒီယာများသည် စီးပွားရေးနှင့် ပတ်သက်သည့် စိန်ခေါ်ချက်များကို သတင်းပေးနေကြသူများ ဖြစ်ပါကြောင်း၊ သတင်းကဏ္ဍနှင့် အစိုးရက တရားဝင်ထုတ်ပြန်သည့် သတင်းအချက်အလက်များမှာ အရေးကြီးပါကြောင်း၊ သတင်းဆောင်းပါးရေးသားရာတွင် Data မှာ အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်က ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် မှန်ကန်တိကျသည့် Data ရရှိအောင် ဆောင်ရွက်ခဲ့မှု၊ စာရင်းအင်းဥပဒေသစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခဲ့မှုနှင့် ကဏ္ဍအလိုက် Data များ ရရှိအောင် ဆက်လက်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖိုရမ်ဒုတိယအပိုင်းကို ဆက်လက်ကျင်းပရာ လက်ရှိအခြေအနေကို သုံးသပ်ခြင်းခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သဘာပတိအဖြစ် လည်းကောင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အကြံပြုချက်များ ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ဝါဝါမောင်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းနှင့် 7day သတင်းမီဒီယာ အမှုဆောင်အရာရှိချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းတို့က သဘာပတိအဖြစ် လည်းကောင်း ဆောင်ရွက်ကြပြီး သတင်းမီဒီယာများက အချက်အလက်အခြေပြုသတင်းများ ရေးသားရန်အတွက် သတင်းအချက်အလက်ရရှိရန် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ဝန်ကြီးဌာနမှ သတင်းအချက်အလက် ရယူရသည့် အခက်အခဲများ၊ Data မရရှိသည့် ပြဿနာနှင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အပြန်အလှန် ဆွေးနွေးကြသည်။

ယနေ့ ဖိုရမ်သို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် သတင်းဌာနများမှ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နမ့်ဆန်-ပန်လုံ-သီပေါ ဆက်သွယ်ထားသည့် လီလုတံတားသစ်ဖွင့်

**နမ့်ဆန် ဩဂုတ် ၂၂**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် တံတားဦးစီးဌာန တံတား အထူးအဖွဲ့ ၁၂ မှ တာဝန်ယူဆောက်လုပ်ပြီးစီးသွားသည့် နမ့်ဆန်-ပန်လုံ-သီပေါ လမ်းပိုင်းပေါ်ရှိ လီလုတံတားသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ တံတားမုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက အမှာစကားပြောကြားပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် အင်ဂျင်နီယာချုပ်(မြို့ပြ) ရှမ်းပြည်နယ် မြောက်ပိုင်း တာဝန်ခံတံတားဦးစီးဌာန ဦးပိုင်က တံတားစီမံကိန်းဖြစ်ပေါ်လာပုံနှင့် တည်ဆောက်ပုံ အဆင့်ဆင့်ကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(မြို့ပြ) ရှမ်းပြည်နယ် မြောက်ပိုင်း ဦးကျော်ကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးအတွက် လမ်းကွန်ရက်များ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း၊ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦးနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်တို့က တံတားသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ လီလုတံတားသစ်မှာ ပေ ၁၂၀ သုံးခန်းဖြင့် စုစုပေါင်း အရှည် ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေစီ ဖြင့် စုစုပေါင်း အကျယ် ပေ ၃၀ ဖြင့် တည်ဆောက်ထားသည်။ ရေလမ်းကင်းလွတ်အကျယ် ပေ ၁၀၀၊ အမြင့် ၈ ပေ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ၇၅ တန်ခံနိုင်ဝန်ရှိ သံမဏိကြမ်းခင်း အမျိုးအစားဖြစ်ကာ ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၂၀၀ ကျော် အကုန်အကျခံကာ တည်ဆောက်ထားကြောင်း သိရသည်။ **အောင်မိုး (ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ် ရေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**ရန်ကုန် ဩဂုတ် ၂၂**

ရောဝတီမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုအန္တရာယ်ကြောင့် တိုက်ကြီးမြို့နယ် အဖျောက်မြို့အုန်းပင်ကွင်းကျေးရွာအုပ်စု အေးရွာကျေးရွာ၊ ရေပေါ်သောင်ကျေးရွာအုပ်စု ရေပေါ်သောင်ကျေးရွာနှင့် အဖျောက်(၄)ရပ်ကွက်၊ ပန်းတုန်းပိတ်ကျေးရွာရှိ နေအိမ် ၂၅ လုံး ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ထားပြီး အိမ်ထောင်စု ၂၅ စုမှ လူဦးရေ ၉၅ ဦးတို့ ရေဘေးသင့်ခဲ့၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၂၅၀၀၀၀၀၊ ဆန်ရိက္ခာ ခုနစ်ရက်စာဖိုး ငွေကျပ် ၁၉၉၅၀၀ နှင့် ဩဂုတ် ၂၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် အဖျောက်မြို့(၄)ရပ်ကွက် ပန်းတုန်းပိတ်ကျေးရွာတွင် နေအိမ်တစ်လုံး ပြိုကျပျက်စီးခြင်းနှင့် နေအိမ်သုံးလုံး အမိုးလန်ပျက်စီးခြင်းတို့အတွက် အိမ်ထောင်စုလေးစု လူဦးရေ ၁၄ ဦးတို့အား ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုး၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၃၀၀၀၀၀၊ ဆန်ရိက္ခာ ခုနစ်ရက်စာဖိုးငွေကျပ် ၂၉၄၀၀ စုစုပေါင်း ငွေကျပ် ၃၀၂၉၉၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာအရောက် ဒေသခံများလက်ဝယ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ညွှန်ကြားရေးမှူး ဦးဝင်းရွှေထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။ **မိုး/ဇလ**

# ငပလီမြို့၌ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်

**သံတွဲ ဩဂုတ် ၂၂**

သံတွဲမြို့နယ် ငပလီမြို့ မပြင်ရပ်ကွက်ရှိ မြကန်သာ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ အလှူရှင် ဦးအောင်ကျော်မြင့်နှင့် ငပလီမြို့ အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေ၊ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေများဖြင့် ပြုလုပ်ပေးနေသည့်တိုင် ယခုကဲ့သို့ စေတနာရှင်များက ပါဝင်လှူဒါန်းပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး ကျေးရွာသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါလမ်းအရှည်မှာ ၃၃၆ပေ×အကျယ် ၁၈ပေ×ထု ၈လက်မရှိပြီး ကုန်ကျငွေတန်ဖိုး ငွေကျပ် သိန်း ၃၁၀ အကုန်အကျခံကာ အလှူရှင် ဦးအောင်ကျော်မြင့်၊ ဒေါ်ဝတ်ရည်လှိုင် (ဆောင်းသဇင်ကုမ္ပဏီ) မိသားစုက လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ စီးပွားရေးစကားဝိုင်း (အပိုင်း-၃)

## (ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်၍ တိုးမြင့်လာအောင် ဆောင်ရွက်နေသည့် MIC ၏ ဆောင်ရွက်ချက်၊ ရေရှည်စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ အခြေအနေ)

**ရဲခေါင်ညွန့်၊ ဇော်ကြီး၊ ဓာတ်ပုံ - ဖိုးဇော်**

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

*(ယမန်နေ့မှအဆက်)*

**မေး ။ ။ လက်ရှိမြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု အခြေအနေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုရှိပါသလဲ ဆက်ပြီးတော့ ဆွေးနွေးပေးပါဦး။**

ဦးသန်းအောင်ကျော်။ ။၁၉၈၈ ခုနှစ် ကတည်းက ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခေါ်လာတာပါ။ ဇူလိုင်လကုန်လောက်အထိရရှိထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၇၆ ဘီလီယံကျော်ကျော် ခွင့်ပြုခဲ့တဲ့လုပ်ငန်းတွေရှိတယ်။ ဒီထဲကမှ တချို့လည်း သက်ပြည့်သွားလို့ ပြန်သွားတာ၊ နှစ်ပြည့်လို့ ပြန်သွားတာတွေအပါအဝင်ဆိုရင် ဒီနေ့အထိတော့ ၆၂ ဘီလီယံကျော်ကျော်လောက် လက်ရှိမြှုပ်နှံဆောင်ရွက်နေပါတယ်။ နောက်တစ်ခါ အစိုးရသစ်တက်လာပြီးတဲ့ကာလ နှစ်နှစ်ကျော်မှာ ၁၂ ဘီလီယံကျော်ကျော် ရထားတယ်။ တစ်နှစ်ကို ၆ ဘီလီယံဆိုတော့


ဦးသန်းအောင်ကျော်


ဒေါ်မြသူဇာ


ဦးဌေးချွန်


ဦးအေးလွင်

ဝင်ရောက်မှုက များပါတယ်။ နောက်တစ်ခုကတော့ အစိုးရသစ်တက်လာတဲ့အခါ မူဝါဒပိုင်းမှာ ပြောင်းလဲတာတွေ အများကြီးရှိတယ်။ တိုင်းပြည်က သွားမှာကိုက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုတော့ ရှေ့ပိုင်းမှာ ကော်မရှင်အဖွဲ့ဝင်တွေ ရှင်းပြသွားသလို ဖက်ဒရယ်သွားမယ်ဆိုကတည်းက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကို ရင်းနှီးမြှုပ်နှံမှုကို စပြီးလုပ်ပိုင်ခွင့်ခွဲပေးလိုက်တဲ့ ဥပဒေပါ။ ဒေါ်လာငါးသောင်း၊ ကျပ်ငွေ သန်းခြောက်ထောင်အောက် ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကလုပ်ဖို့ ဒီအခွင့်အလမ်းတွေကို သူတို့ရလာတယ်။

### ကုန်ထုတ်လုပ်မှုကဏ္ဍတွေမှာ များလာ

တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေကနိုင်ငံခြားသွားမယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်လာမယ်။ ကိုယ်တိုင်ခွင့်ပြုနိုင်တဲ့ လုပ်ငန်းစဉ်ကိုပေးထားတယ်။ နောက်တစ်ခုကတော့ သဘာဝပတ်ဝန်းကျင် ဆိုးဆိုးရွားရွားထိခိုက်တဲ့ လုပ်ငန်းတွေ၊ အရင်းအမြစ်ကိုတူးပြီးလုပ်တဲ့ လုပ်ငန်းတွေကို ဒီဘက်ပိုင်းမှာ အားမပေးတော့တဲ့အတွက် သတ္တုတူးတဲ့လုပ်ငန်းတွေ၊ ရေနံတူးတဲ့လုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်ကို တအားထိခိုက်တဲ့ ရေအားလျှပ်စစ်လို လုပ်ငန်းကြီးတွေ၊ ဒါမျိုးတွေဟာ ဒီဘက်ခေတ်မှာ မလာတော့ဘူး။ အဓိကက ဘာကိုဦးစားပေးသလဲဆိုတော့ အခြေခံအဆောက်အအုံနဲ့ ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အားပေးလာတယ်။ Telecom တွေ၊ လမ်းဖောက်တဲ့ ကိစ္စတွေ၊ လျှပ်စစ်နဲ့ ပတ်သက်တဲ့ ကိစ္စတွေ၊ လုပ်သားတွေ ကျွမ်းကျင်မှုတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းက အရေးကြီးတော့ ဒီဘက်မှာ ဝင်ရောက်လာတဲ့ကဏ္ဍတွေမှာလည်း အိမ်ရာကဏ္ဍတွေမှာများလာတယ်။ Telecom ကဏ္ဍတွေနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍတွေမှာ များလာတယ်။ အဆက်ဆက် ရင်းနှီးမြှုပ်နှံမှုပုံစံနဲ့ ဒီဘက်နဲ့ ကွာခြားလာတယ်။ ဒါလေးကိုလည်း ရှင်းပြလိုပါတယ်။

ဦးအေးလွင်။ ။ကျွန်တော်တို့ တိုင်းပြည်ဟာ သယံဇာတပေါကြွယ်တဲ့နိုင်ငံဆိုပေမယ့် သယံဇာတအများကြီးရှိတဲ့နိုင်ငံ မဟုတ်ပါဘူး။ သယံဇာတကို ထုတ်ဖော်တဲ့အခါမှာ ကျွန်တော်တို့တွေက နည်းပညာမြင့်မားတဲ့ သယံဇာတတွေကို မထုတ်ဖော်နိုင်သေးဘူး။ ပထမနှစ်မှာ သဘာဝပတ်ဝန်းကျင်ကိုဦးစားပေးတယ်။ ဒုတိယနှစ်ရဲ့ နောက်ပိုင်းမှာတော့ National Economic မှာလည်းပြောပါတယ်။

### အယူအဆလွဲမှားစွာ ယူဆသွား

Sustainable Development (ရေရှည်ဖွံ့ဖြိုးတိုးတက်မှု) ကိုသွားပါတယ်။ ဥပမာ- သတ္တုလုပ်ငန်းပဲ ဆိုပါစို့၊ သယံဇာတတူးဖော်ဖို့ဟာ ကျွန်တော်တို့ တိုင်းပြည်မှာ လိုအပ်ပါတယ်။ ဒေါ်လာသန်းနဲ့ မီလီယံနဲ့ချီပြီးတော့တန်ဖိုးရှိတဲ့ သယံဇာတတွေ ကျွန်တော်တို့မှာ ရှိတယ်။ တစ်ခေတ်တစ်ခါက စနစ်တကျ မလုပ်ခဲ့တဲ့အတွက်ကြောင့် သယံဇာတကြောင့် ပတ်ဝန်းကျင်ထိခိုက်တယ်လို့ အယူအဆလွဲမှားစွာ ယူဆသွားတယ်။ ကျွန်တော်တို့ ဆိုလိုချင်တာက သယံဇာတ တူးဖော်တယ် ။ မြေကြီးအောက်မှာရှိတဲ့ သယံဇာတ ဆိုတာ ဖောက်ရမယ်၊ တူးရမယ်၊ ထုတ်ရမယ်၊ ဒါပေမယ့် အဲဒီဖောက်ခြင်း၊ တူးခြင်းသည် တစ်ဖက်ကိုမထိခိုက်အောင် ခေတ်ပေါ်နည်းစနစ်တွေနဲ့ သုံးနိုင်တဲ့ နည်းပညာတွေ ဒီကိုလာတဲ့အခါမှာ တူးဖော်မှုပဲ ကျွန်တော်တို့ တိုင်းပြည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။

### လုပ်ငန်းရှင်တွေကို ကြီးကြပ်

တစ်ခေတ်တစ်ခါ ဆိုရှယ်လစ်ခေတ်တုန်းက လုပ်ပါတယ်။ "မြေလွှာကိုဖွင့် ပြည်ကိုမြှင့်အံ့" ဆိုပြီးပြောပါတယ်။ ဒီဘက်နောက်ပိုင်းကျတော့မှ အဖွဲ့အစည်းအကြီးကြီးတွေကို ပေးလိုက်တယ်။ ကိုယ်စားပြုတဲ့အဖွဲ့အစည်းတွေက တစ်ဆင့်ခံတွေ ပေးတယ်။ ဒီကြားထဲ လုပ်ငန်းရှင်တွေကို ကြီးကြပ်တာ အားနည်းတဲ့အတွက်ကြောင့် တချို့ထိခိုက်မှုတွေရှိတာကိုလည်း လက်ခံပါတယ်။ ကျွန်တော်တို့ ဆိုလိုချင်တာက သတ္တုပဲတူးတူး၊ စက်ရုံပဲ ဆောက်ဆောက်၊ ဘာပဲထုတ်ထုတ် ကြီးကြပ်တဲ့ စောင့်ကြည့်မှုတွေ လုပ်တဲ့ဌာနတွေရဲ့တာဝန်ဟာ ပိုပြီးတော့ အဓိကအရေးကြီးတယ်ဆိုတဲ့အကြောင်း ပြောချင်ပါတယ်။

### တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်ဖို့လို

သဘာဝပတ်ဝန်းကျင်ဟာ အရေးကြီးတယ်။ ပတ်ဝန်းကျင်ကို ဂရုစိုက်ပြန်ရင်လည်း တကယ့်အရေးကြီးတဲ့၊ တန်ဖိုးကြီးတဲ့ ပစ္စည်းတွေကို ထုတ်တဲ့အခါမှာ ထုတ်ရတာခက်ခဲတဲ့အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာတယ်။ ရောဂါသည်လိုပေါ့။ ကင်ဆာရောဂါသည် ကိုယ်ထဲမှာရှိတဲ့ အကျိတ်ကို ဖောက်ထုတ်မှ ဒီလူက အသက်ရှည်မှာ။ ဖောက်ထုတ်ဖို့ သွေးတွေလွန်မယ်၊ ဒဏ်ရာရမယ်။ ချုပ်ရိုးမလှမှာကြောက်လို့ မဖော်ထုတ်ရင်တော့ ဒီလူနာက သေဆုံးမှာပဲ။ သယံဇာတသည် မြေကြီးထဲကို ကျွန်တော်တို့က ဆရာဝန်ရောဂါရှာသလိုပဲ စနစ်တကျနဲ့တူးဖော်ထုတ်လုပ်ပြီး သွေးထွက်နည်းအောင်၊ ချုပ်ရိုးလေးလှအောင်၊ ကျွမ်းကျင်တဲ့ ဆေးပညာနဲ့ ကုသမယ်ဆိုရင် လူလည်း အသက်ရှည်မယ်၊ အလှလည်း မပျက်သလိုဘဲ သတ္တုလည်းတူးဖော်ထုတ်လုပ်မယ်။ ပတ်ဝန်းကျင်ကိုလည်း မထိခိုက်တဲ့ နည်းစနစ်တွေ ကမ္ဘာမှာ ပေါ်နေပါပြီ။ အရေးအကြီးဆုံးကတော့ စည်းကမ်းတကျထိန်းသိမ်းဖို့နဲ့ စနစ်တကျ ဆောင်ရွက်ဖို့ ကြီးကြပ်တဲ့ စောင့်ကြည့်ရေးအဖွဲ့တွေသည် ယခုထက်ပိုပြီးတော့ ဆောင်ရွက်ဖို့၊ မျှတဖို့၊ ကိုယ့်ဘက်ကို အတင်းမယက်ဖို့လိုမယ်လို့ ကျွန်တော် အကြံပြုပါရစေ။ ကျွန်တော်တို့ဆီမှာ မြေပေါ်မြေအောက် သယံဇာတ ပေါများပါတယ်။ သားငါး သယံဇာတများပါတယ်။ မွေးမြူရေးလုပ်လို့ရတယ်။ မြေပေါ်သယံဇာတ သစ်၊ ကြိမ်၊ ဝါး ဆိုလည်း တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်ဖို့လိုပါတယ်။ စနစ်တကျစိုက်မယ်၊ စနစ်တကျထုတ်မယ်။ ရွှေ၊ ငွေ၊ ကြေးနီ၊ ကျောက်သံပတ္တမြား၊ ခဲ၊ သွပ်၊ ရေနံ စသည်ဖြင့် ကျွန်တော်တို့မှာရှိပါတယ်။

နောက်မျိုးဆက်အတွက် ကျွန်တော်တို့က သယံဇာတ ချန်တာထက် နည်းပညာနဲ့ အရင်းအနှီး ချန်ဖို့လိုတယ်လို့ မြင်ထားပါတယ်။ ကျွန်တော်တို့ ဒီမှာထုတ်နေတဲ့ သယံဇာတသည် မြေအပေါ်ယံလွှာကို ထုတ်တဲ့ mining ပုံစံပဲရှိသေးတယ်။ ဩစတြေးလျတို့ ကနေဒါတို့လို တကယ့်ကို မြေအောက်အထိ တူးဖော်တဲ့ mining စနစ် မရောက်သေးဘူး။ တကယ်တမ်းက ကျွန်တော်တို့ တိုင်းပြည်မှာ သယံဇာတတွေအများကြီးရှိပါတယ်။ စနစ်တကျထုတ်လုပ်မှု အားနည်းခဲ့လို့ဖြစ်တဲ့အတွက် ဘယ်သူနဲ့ပဲပေါင်းပေါင်း စနစ်တကျလုပ်တဲ့ စနစ်လေးတည်ဆောက်ပေးဖို့ပဲ လိုတဲ့အကြောင်း တင်ပြခြင်းဖြစ်ပါတယ်။

ဦးသန်းအောင်ကျော် ။ ။ ဥပမာ-ကော်မရှင်ရဲ့ ဒီဘက်ပိုင်းလုပ်ဆောင်ချက်မှာ သစ်နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ အားလုံးကို ခွင့်မပြုဘူးလို့ တရားဝင်ကြေညာလိုက်တယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ တိုင်းပြည်က ဦးစားပေးလာတယ်။ အခုဆိုရင် သစ်နဲ့ပတ်သက်လို့ခွင့်ပြုထားတဲ့ လုပ်ငန်းတွေက သစ်တောဌာနကနေ သစ်ထုတ်လုပ်မှု ကိစ္စတွေကိုလျှော့လိုက်တဲ့အတွက် ကုန်ကြမ်းမရတဲ့အပေါ်မှာ တချို့ရုပ်ဆိုင်းဖို့လုပ်လာတယ်။ ဒါဟာ တိုင်းပြည်က သစ်တောရေးရာကိစ္စတွေကို ပြန်လည်ထိန်းသိမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ MIC ကလည်း ဒီပေါ်လစီကို Follow လုပ်တာပါ။ နောက်တစ်ခုက ဦးအေးလွင်ပြောသွားတဲ့ သတ္တုထုတ်တာပါ။ သတ္တုရှိတဲ့အတွက် တိုင်းပြည်စီးပွားရေးအတွက် သတ္တုထုတ်တဲ့ကိစ္စကို မထုတ်ရဘူးလို့တော့ ကန့်သတ်မထားဘူး။ သို့သော်လည်း တိုင်းပြည်က အားပေးမြှင့်တင်မယ့် လုပ်ငန်းအမျိုးအစားထဲမှာ မပါဘူး။ အဲဒါတွေထုတ်မယ်ဆိုရင် စနစ်တကျထုတ်နိုင်ရင်ထုတ် အခွန်ကင်းလွတ်ခွင့်တွေ၊ သက်သာခွင့်တွေ ဥပဒေအရ ထည့်မထားဘူး။

**မေး ။ ။ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ကာလတွေကပြောင်းလဲလာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုပုံစံတွေ ပြောင်းလဲလာတာကို တွေ့ရပါတယ်။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေနဲ့ ပတ်သက်ပြီး ဘယ်လို အကျိုးရလဒ်တွေ ရှိနေတယ်ဆိုတာလည်း ဆွေးနွေးပေးပါဦး။**

ဒေါ်မြသူဇာ။ ။ ၁၉၈၈-၈၉ ကနေ ၂၀၁၀-၁၁ ကာလအထိက နိုင်ငံတော်က မြေငှားလုပ်တာတို့၊ နိုင်ငံတော်နဲ့ပဲ ဖက်စပ်လုပ်တာတို့ပဲ ရှိခဲ့ပါတယ်။ ၂၀၁၁ မှာစပြီး မြေကိုလည်း ပုဂ္ဂလိက ကနေ ငှားရမ်းလုပ်ပိုင်ခွင့် ပေးလိုက်တယ်။ ၂၀၁၂ ရင်းနှီးမြှုပ်နှံမှု ဥပဒေထုတ်ပြန်တဲ့အခါမှာတော့ အရင်ပုံစံနဲ့ တော်တော်လေးကွာသွားပြီ။ အရင်လုပ်ငန်းအမျိုးအစားနဲ့ အခုလုပ်တဲ့ လုပ်ငန်းအမျိုးအစားလည်း ကွာသွားတဲ့အတွက်ကြောင့် လွန်ခဲ့တဲ့ ၂၃ နှစ်က လုပ်ခဲ့တဲ့စက်မှုကဏ္ဍထုတ်လုပ်မှုကို ကြည့်ရင် ၄ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ အခုငါးနှစ်တာကာလ ၂၀၁၂ ကနေ ၂၀၁၅-၁၆ ဆို ပုဂ္ဂလိကမြေ ဆောင်ရွက်ခွင့်ရှိတဲ့အတွက် စက်မှုကဏ္ဍလုပ်ငန်းတွေ ကြီးထွားလာတယ်။ စက်မှုလုပ်ငန်းတွေမှာသာ လိုအပ်တဲ့ ဖြည့်ဆည်းမှု (facilities) သာ အပြည့်အဝရှိလာမယ်ဆိုရင် ဒီထက်ပို တိုးတက်လာမယ်။ ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးပါတယ်။

### မွေးမြူရေး အစာစက်ရုံ အရေအတွက် များလာ

မွေးမြူရေးကဏ္ဍဆိုရင် အရင်က ရေငန်ငါး၊ ပုစွန် အအေးခန်း လောက်ပဲရှိတယ်။ အခုဆိုရင် ကုန်းသတ္တဝါတွေပါ နိုင်ငံသားတွေရော၊ နိုင်ငံခြားသားတွေရော ဆောင်ရွက်လာတဲ့အတွက် ဆိတ်၊ ဝက်၊ နွား၊ ကြက်တွေ မွေးမြူရေးကဏ္ဍမှာ ပိုမိုမွေးမြူလာတဲ့အတွက် မွေးမြူရေး အစာစက်ရုံတွေလည်း အရေအတွက် များလာပါတယ်။

ဦးအေးလွင် ။ ။ အရင်က နိုင်ငံခြားသားဟာ အစိုးရဆီကသာ မြေငှားရမ်းခွင့်ရှိတာ။ ၂၀၁၁ အစိုးရသစ် တက်လာပြီး နောက်ပိုင်းမှာ နိုင်ငံခြားသားဟာ မြေကို အစိုးရဆီကသာမကဘဲ ပုဂ္ဂလိကဆီကပါ ငှားရမ်းခွင့် ရှိလာတယ်။ အဲ့ဒါက တည်ဆောက်ပြီးသား စက်မှုဇုန်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အားသာချက်ဖြစ်သွားတယ်။ ဒါပေမယ့် အကြောင်းကြောင်းတွေဖြစ်တဲ့ မြေကစားတဲ့ သူတွေကြောင့် မြေဈေးကြီးတော့ အခက်အခဲဖြစ်သွားတယ်။ နိုင်ငံခြားသားတွေလည်း ဒါကို လက်မခံနိုင်ဘူး။ တစ်ပြိုင်တည်းလုပ်ဖို့ ခက်ခဲပေမယ့် ဒါကို ပြန်လည်သုံးသပ်ဖို့လိုတယ်။ ဗီယက်နမ်မှာဆို ရင်းနှီးမြှုပ်နှံမယ့် လုပ်ငန်းရှင်က လုပ်ငန်းနဲ့ပတ်သက်တဲ့ အချက်အလက်တင်လိုက်တာနဲ့ လိုအပ်တဲ့မြေကို အစိုးရက မြေရှာပေးရတယ်။ လုပ်မယ်ပြောပြီး မလုပ်မှ ပြန်သိမ်းတယ်။ အရေးလည်းယူတယ်။

### စနစ်ကို ပြန်လည်သုံးသပ်ဖို့လို

ကျွန်တော်တို့ MIC က တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးကနေ အစိုးရရဲ့ စီမံခန့်ခွဲနိုင်သော မြေစာရင်းကို ဧကသောင်းနဲ့ချီပြီး ရထားပြီးပါပြီ။ အဲဒီမြေက လမ်းမရှိတာ၊ မီးမရှိတာဖြစ်ချင်ဖြစ်မယ်။ ဖြစ်နိုင်မယ်ဆို အစိုးရက လမ်းရော၊ မီးရောဖန်တီးနိုင်တဲ့ ပုံစံရအောင် ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ဗီယက်နမ်လိုပဲ လုပ်လိုက်ရင် အခွင့်အလမ်းတွေ အများကြီးရမယ်။ လက်ရှိကျွန်တော်တို့အနေနဲ့ လမ်းတွေ၊ တံတားတွေမှာ မောင်းတံတွေနဲ့ လမ်းကြေး၊ တံတားကြေး ကောက်တဲ့ စနစ်ကို ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ ပြည်သူတွေကို သက်သာသော နှုန်းထားနဲ့ ခရီးသွားခွင့်ပေးမယ်ဆိုရင်တောင်ကပစ္စည်းမြောက်ကို ပို့နိုင်မယ်။ အနောက်ပစ္စည်း အရှေ့ကို ပို့နိုင်မယ်။ အဲဒီလိုတိုးတက်လာရင် လုပ်ငန်းရှင်က အမြတ်ရမယ်။ အဲဒီအမြတ်နဲ့ အစိုးရကို အမြတ်ခွန် ဆောင်နိုင်မယ်။ ရတဲ့အခွန်နဲ့ အစိုးရက လမ်းတွေ၊

*စာမျက်နှာ ၉ သို့*

# ပါမောက္ခဆရာတော်များသီတင်းသုံးမည့်ကျောင်းတော် လေးကျွန်းသူဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၊ စွယ်တော်မြတ်စေတီအနီးရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ရာ အဆိုပါတက္ကသိုလ်တွင် နိုင်ငံတကာမှ ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီးတို့ တက်ရောက်သင်ကြားလျက်ရှိသည်။**





တက္ကသိုလ်ဖွင့်လှစ်သည့် ၁၉၉၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ B.A (Buddhamma) ဘွဲ့ရရှိသူ ၇၀၃ ဦး၊ M.A (Buddhamma) ရရှိသူ ၁၈၉ဦး၊ Ph.D (Buddhamma) ရရှိသူ ၂၆ ဦး ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်သည် ကမ္ဘာပေါ်တွင် ရဟန်းသီလရှင်နှင့် လူများကို သင်ကြားပေးသည့် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်သည် အဆိုပါတက္ကသိုလ်တွင်အဆောက်အအုံများလိုအပ်လျက်ရှိရာ လေးကျွန်းသူဖောင်ဒေးရှင်းမှ ပါမောက္ခဝိဟာရ ( Professors' Residence ) အဆောက်အအုံကို ၄-၁၀-၂၀၁၇ ရက်တွင် ပန္နက်တင်မင်္ဂလာပြုလုပ်ပြီးစတင်တည်ဆောက်ခဲ့ရာ ၂၁-၇-၂၀၁၈ ရက်တွင် ကျောင်းလွှတ်ပူဇော်မင်္ဂလာအခမ်းအနားကျင်းပပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ လှူဒါန်းရာ ဆရာတော်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ဆက်လက်လွှဲပြောင်းလှူဒါန်းသည်။

အဆိုပါ အဆောက်အအုံတွင် ပါမောက္ခဆရာတော်များ သီတင်းသုံးနေထိုင်ရန်အတွက်အိပ်ခန်းများ၊ စာဖတ်ခန်း၊ ဗီရို၊ စာကြည့်စားပွဲ ၊ ဧည့်ခန်း ၊ ဆွမ်းစားခန်း ၊ ရေချိုးခန်း ၊ အိမ်သာနှင့် အခန်းတွင်း အသုံးအဆောင်ပစ္စည်းများ တို့ကို ထည့်သွင်းလှူဒါန်းထားသည်။ အဆောက်အအုံမှာ အလျား ၁၀၈ ပေ၊ အနံ ၃၈ ပေခွဲရှိ သုံးထပ်ခွဲအဆောက်အအုံဖြစ်ပြီး အဝီစိရေတွင်း၊ ထရန်စဖော်မာ၊ မီးစက်များ၊ ကားရပ်နားရန်နေရာများတို့ကို ထည့်သွင်းတည်ဆောက်ထားရာ တန်ဖိုးငွေကျပ်သိန်း ရှစ်ထောင်သုံးရာကျော် ကုန်ကျကြောင်း သိရသည် ။

ကျောင်းလွှတ်ပူဇော်မင်္ဂလာအခမ်းအနားနှင့်အတူရေစက်ချအလှူမင်္ဂလာ ပြုလုပ်ရာ လေးကျွန်းသူဖောင်ဒေးရှင်းမှ ကျောင်းရှိသံဃာတော်များအား ဆွမ်းနှင့် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း ၊ စာရေးတံမဲ လှူဒါန်းခြင်း ၊ ဓမ္မပူဇာတရားပွဲတို့ကို ပြုလုပ်လှူဒါန်းရာ ငွေကျပ်သိန်း ၉၆၀ ကုန်ကျကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်တွင် တက်ရောက်သင်ကြားမည့်ရဟန်းတော်များအတွက် သီတင်းသုံးနေထိုင်မည့်အဆောက်အအုံများ လိုအပ်လျက်ရှိရာ လေးကျွန်းသူဖောင်ဒေးရှင်းမှ ဆက်လက်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည် ။

**ဖြိုးသူရကျော်**

# မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်မြို့ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဥယျာဉ်တွင် ဩဂုတ်လ တတိယပတ်က မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် အသင်းအထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦးက ဥပဒေဘွဲ့ဆိုင်ရာအထောက်အကူရရှိစေရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်ပေးအပ်ချက်အရ ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးတွင် တရားစွဲဆိုတင်ပို့ထားသော ဒေါ်ကရင်မ အမှုကို တရားလိုဘက်မှ မိမိတို့အသင်းဝင်များ လိုက်ပါဆောင်ရွက်နေကြောင်း၊ IT Law နှင့် ပတ်သက်ပြီး ပညာရှင်များကို ဖိတ်၍ အသင်းဝင်များကို သင်တန်းပေးပို့စီစဉ်နေကြောင်း၊ ယင်းအပြင် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည်ဖြစ်သည့် ရန်ကုန်တက္ကသိုလ်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်တွင် မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်းအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်းသည် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ထူးချွန်သည့် အသင်းဝင်များ၏ သားသမီးများအား ထူးချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၆ ရက်တွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

*စာမျက်နှာ ၈ မှ*

တံတားတွေ လုပ်ဆောင်မယ်။ လက်ရှိအစိုးရက ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ လမ်းပန်းဆက်သွယ်ရေးကွန်ရက်ကို တစ်ပြည်လုံး အတိုင်းအတာနဲ့ လုပ်နေသလို လျှပ်စစ်တည်ဆောက်ဖို့ အမျိုးသားအဆင့် မဟာခတ်အားလိုင်းတွေလုပ်နေပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို လမ်းအဆင်သင့်၊ မီးအဆင်သင့် ဆိုတာမျိုး တစ်ပြိုင်တည်း လုပ်ပေးလာနိုင်ရင် တိုးတက်မှာပါ။

**မေး ။ ။ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး တိုးတက်အောင် MIC အနေနဲ့ ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာလေး ကိုလည်း ဆွေးနွေးပေးပါ။**

> **တရုတ်နိုင်ငံရဲ့ one belt, one road စီမံချက်ထဲမှာ ကျွန်တော်တို့နိုင်ငံလည်းပါနေတဲ့အတွက် ကျွန်တော်တို့ရဲ့ဥက္ကဋ္ဌကိုယ်တိုင်ကလည်း ဟောင်ကောင်ကိုသွားတယ်။ အဲဒီမှာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို မြန်မာနိုင်ငံရဲ့အခွင့်အလမ်းတွေ၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အသစ်ဖွဲ့တဲ့အခါ မူဝါဒတွေကို ရှင်းပြတယ်။ လွယ်ကူအောင်လုပ်ပေးမယ်။ တာဝန်ယူမှု တာဝန်ခံမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လိုချင်တယ်။ ဒါတွေကို အာမခံတယ်။ နောက်တစ်ခါ နိုင်ငံတကာကိုထွက်ပြီး အပြင်ထွက် ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်တယ်။ နောက်မြန်မာနိုင်ငံမှာလည်း နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းတွေနဲ့တွေ့ပြီး ရင်းနှီးမြှုပ်နှံမှုအတွက် လုပ်ပေးနိုင်တဲ့ကိစ္စတွေကို ရှင်းလင်းဆွဲဆောင်တယ်။**

ဦးသန်းအောင်ကျော် ။ ။ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်အောင် ဆောင်ရွက်မယ့်ပုံစံရှိပါတယ်။ အရင်တုန်းကတော့ နိုင်ငံခြားနဲ့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံတဲ့ အစီအစဉ် (Foreign Direct Investment Promotion Plan- FDIPP) ဆိုတာဆွဲခဲ့တယ်။ နောက်ပိုင်း ပြောင်းလဲလာတဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ စီးပွားရေးမူဝါဒ၊ ပတ်ဝန်းကျင်အခြေအနေ၊ ကမ္ဘာ့အခြေအနေတွေနဲ့ လိုက်လျောညီထွေမှုရှိအောင် အခုအခါမှာတော့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအစီအစဉ် (Myanmar Investment Promotion Plan-MIPP) ကို ပြန်ဆွဲထားတယ်။ ဒီကိစ္စကို ပြန်ဆွဲတဲ့အခါမှာ စီးပွားရေးမူဝါဒလည်း ကိုက်ရမယ်။ အခုကျွန်တော်တို့နောက်ဆုံးလုပ်တဲ့ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ် ( Myanmar Sustainable Development Plan – MSDP ) နဲ့လည်း အံဝင်အောင်ဆိုပြီး ပြန်ဆွဲထားတယ်။ ကျွန်တော်တို့ မှန်းထားတာက ၂၀၁၆-၁၇ ကနေမှန်းပြီး ဆွဲထားတာ ကာလတို ၂၀၂၀-၂၁ အထိ ငါးနှစ်မှာ အရင်က ၆ ဘီလီယံအထိ မှန်းထားပေမယ့် အခု ၅ ဒသမ ၈ ဘီလီယံလောက်အထိ မှန်းထားတယ်။ အဲဒီကနေ နောက်ထပ် ၂၀၂၅-၂၆ ငါးနှစ်တာ ကာလမှာတော့ ၈ ဒသမ ၅ ဘီလီယံ စလုပ်ပြီ။ အဲဒီကနေ နောက်ထပ် ငါးနှစ်မှာ ၁၂ ဘီလီယံလောက်တိုးပြီး မှန်းထားတယ်။ အဲဒီကနေ ၂၀၃၅-၃၆ အထိကို ၁၇ ဘီလီယံလောက်အထိ တိုးမှန်းထားတယ်။ နှစ်စဉ်အလိုက် တိုးတက်လာဖို့ပေါ့။

အဲဒီလိုရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်တဲ့အခါမှာလည်း ကျွန်တော်တို့က လက်တန်းမဟုတ်ဘဲ JICA (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ) နဲ့ နှစ်အလိုက် ငါးနှစ်ဆိုရင် ဘယ်လောက်ရနိုင်မလဲ၊ ဘာတွေပြင်ဆင်ဖို့လိုမလဲ၊ ကိုယ့်ဘက်က ဘာတွေလုပ်ထားရမလဲ ဆိုတဲ့ စီမံကိန်းရှိတယ်။ နောက်အဲဒီစီမံကိန်းကို အထောက်အကူပြုမယ့် ကိစ္စတွေကိုလည်းလုပ်တယ်။ တိုင်းပြည်ရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတာက နိုင်ငံတော်လို့ပြောပေမယ့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၄ ခု ရှိတဲ့ နေရာတွေမှာ လုပ်ကိုင်ရင်းနှီးကြတာ။ ဥပမာ - ဧရာဝတီဆို ဘယ်လိုရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းရှိသလဲ၊ မန္တလေး၊ တောင်ကြီး စသည်ဖြင့် အဲဒီဒေသတွေရဲ့ အခွင့်အလမ်းတွေက ဘာလဲ။ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့လည်း နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေ၊ ကျွန်တော်တို့ဒေသတွင်းက ရင်းနှီးမြှုပ်နှံသူတွေနဲ့ ရင်းနှီးမြှုပ်နှံမှု (Investment) ပွဲတွေ လုပ်ပေးတယ်။ မန္တလေး၊ ကရင်၊ ကယား လုပ်ပြီးပြီ။ မကြာခင် ဧရာဝတီမှာလုပ်မယ်။ နိုဝင်ဘာလထဲမှာ မန္တလေးမှာလည်း လုပ်ဦးမယ်။

**ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်**

တရုတ်နိုင်ငံရဲ့ one belt, one road စီမံချက်ထဲမှာ ကျွန်တော်တို့ နိုင်ငံလည်း ပါနေတဲ့အတွက် ကျွန်တော်တို့ရဲ့ဥက္ကဋ္ဌကိုယ်တိုင်ကလည်း ဟောင်ကောင်ကို သွားတယ်။ အဲဒီမှာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို မြန်မာနိုင်ငံရဲ့အခွင့်အလမ်းတွေ၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အသစ်ဖွဲ့တဲ့အခါ မူဝါဒတွေကို ရှင်းပြတယ်။ လွယ်ကူအောင် လုပ်ပေးမယ်။ တာဝန်ယူမှု တာဝန်ခံမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လိုချင်တယ်။ ဒါတွေကို အာမခံတယ်။ နောက်တစ်ခါ နိုင်ငံတကာကိုထွက်ပြီး အပြင်ထွက် ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်တယ်။ နောက် မြန်မာနိုင်ငံမှာလည်း နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းတွေနဲ့ တွေ့ပြီး ရင်းနှီးမြှုပ်နှံမှုအတွက် လုပ်ပေးနိုင်တဲ့ ကိစ္စတွေကို ရှင်းလင်းဆွဲဆောင်တယ်။

ဦးအေးလွင် ။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှု ပွဲတွေ လုပ်တယ်ဆိုတာက သူတို့ဒေသမှာ ရှိတဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သင့် ၊ လုပ်ထိုက်တာကို လုပ်ဖို့အတွက် ပြောတာပါ။ တိုင်းဒေသကြီးနဲ့ပြည်နယ် ဒေသတွေမှာ ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ဆိုရင် ဘယ်အရာက ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် ဦးစားပေး အစီအစဉ်လိုက် ဆောင်ရွက်ဖို့ မျက်စိဖွင့် နားဖွင့် စည်းရုံးအကြံပေးတာ။ MIC ဥက္ကဋ္ဌဆိုရင်လည်း ပြည်ပကို ထွက်တယ်။ နောက် ပြည်တွင်းမှာရှိတဲ့ ဥရောပကုန်သည်များအသင်း၊ အမေရိကန် ကုန်သည်များအသင်း၊ တရုတ်-မြန်မာကုန်သည်များအသင်း၊ အာဆီယံကုန်သည်များ အသင်းတွေနဲ့ တွေ့သလို ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)တို့ကလည်း သုတေသနစာတမ်းတွေထုတ်တယ်။

အဲဒီတစ်ပြိုင်တည်းမှာတင် ကျွန်တော်တို့က နောက်ကျခဲ့တဲ့အတွက်ကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းနဲ့ တွဲလျက်ဖြစ်တဲ့ ပြည်ပကနေလိုအပ်တဲ့ ကုန်ကြမ်းတွေ ကြိုတင်တင်သွင်းတဲ့စနစ်ပါ။ အဲဒါက မည်သူမဆို တင်သွင်းခွင့်ရှိပေမယ့် ကိုယ်ပိုင် ကုန်လှောင်ရုံမှာ တင်သွင်းပြီးမှ ထိန်းချုပ်လို့မရဘူး။ နိုင်ငံတကာ ဥပဒေအရ အကောက်ခွန်ဦးစီးဌာနက ထိန်းချုပ်ပြီးမှ လက်လီဝယ်တဲ့သူတွေကို ဈေးပေါပေါနဲ့ အချိန်တိုအတွင်းမှာ ပြန်ရောင်းနိုင်တဲ့စနစ်ဆိုရင် စက်မှုလက်မှု အသေးစားလေးတွေက တိုးတက်လာမယ်။ အဲဒီစနစ်ကို MIC က ခွင့်ပြုလိုက်ပေမယ့် အခြားဝန်ကြီးဌာနရဲ့ဥပဒေတစ်ခုနဲ့ မကိုက်တော့ အဲဒီကုန်တွေ တင်သွင်းဖို့ လိုင်စင်ရရှိရေး၊ လိုင်စင်မရရှိရေး၊ အများကြီး တင်သွင်းခွင့်ရှိရေး၊ မရှိရေးမှာ သွားပြီး ပြဿနာဖြစ်နေတယ်။ အဲဒါအတွက်လည်း ဝန်ကြီးဌာနအချင်းချင်း ဖြေရှင်းပေးနေပါတယ်။ နိုင်ငံခြားသားက သူ့အရင်းနဲ့သူ့ကုန်ကြမ်းတွေ ကြိုတင်တင်သွင်းပြီး ဒီမှာလက်လီရောင်းချတဲ့စနစ်၊ အဲဒီအခါကျမှ လက်လီဝယ်နိုင်တဲ့ ကုမ္ပဏီက export လိုင်စင်လျှောက်တာ ဖြစ်ဖြစ်၊ အခွန်ဆောင်တာဖြစ်ဖြစ် စနစ်တကျထုတ်လုပ်တဲ့ပုံစံ မြန်မာပြည်မှာ ထွန်းကားဖို့လိုပါတယ်။ အဲဒီမှာပဲ လမ်းတံတားတွေ စရိတ်သက်သက်သာသာနဲ့ သွားတဲ့စနစ် တစ်ပြိုင်တည်း လိုတယ်။ လျှပ်စစ်မီးတို့၊ ဆက်သွယ်ရေးတို့ကလည်း တစ်ပြိုင်တည်း တိုးလာပြီဆိုရင် နောက်သုံးနှစ်ကျော်လောက်ဆို အခုထက်ပိုကောင်းတဲ့ အခွင့်အလမ်းတွေရလာမယ်။

**စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ယုံကြည်မှုအပိုင်း၊ အကာအကွယ်ပေးမှု ၊ ရခိုင်ပြည်နယ်အရေးကြောင့် ရင်းနှီးမြှုပ်နှံမှုကျဆင်းသည့် အခြေအနေအပေါ် ဆောင်ရွက်နေမှုအပိုင်းတို့ကို ဆက်လက်ဖော်ပြပါမည်။**

# ကုန်သွယ်မှုလိုငွေ နှစ်အတော်ကြာ ပေါ်ပေါက်လာမယ်ဆိုရင် သွင်းကုန်တွေအတွက် နိုင်ငံခြားငွေ လိုအပ်ချက်မြင့်မားမှုကြောင့် ငွေလဲလှယ်နှုန်းအပေါ် ဖိအားဖြစ်လာပြီး ငွေတန်ဖိုးကို ကျဆင်းစေပါတယ်

သတင်းအဖွဲ့

**နိုင်ငံခြားငွေလဲလှယ်နှုန်းကိစ္စ၊ ကျပ်ငွေတန်ဖိုး ကျဆင်းခြင်း၊ ကျပ်ငွေတန်ဖိုး လျော့ကျခြင်းကြောင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုစသည်တို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

**မေး။ လတ်တလော ပြည်သူတွေစိတ်ဝင်စားမှု မြင့်တက်နေတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းနဲ့ပတ်သက်ပြီး မေးချင်ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်ငွေလဲလှယ်ရာမှာ လွန်ခဲ့တဲ့လများအတွင်း မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာ ကျဆင်းသွားခဲ့ပါတယ်။ ဒီလို မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာကျဆင်းရခြင်းရဲ့အကြောင်းရင်းတွေကို ဆွေးနွေးပေးစေလိုပါတယ်။**

ဖြေ။ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းတဲ့ အကြောင်းရင်းများစွာရှိတဲ့အနက် ကျပ်ငွေတန်ဖိုး သို့မဟုတ် ငွေလဲလှယ်နှုန်းကို လွှမ်းမိုးထားတဲ့ အဓိကအချက်တွေကတော့- ပထမအချက်က ကုန်သွယ်မှုလိုငွေ (နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းရဲ့ သာမန်စာရင်းလိုငွေ)၊ ဒုတိယအချက်က အတိုးနှုန်း၊ တတိယအချက်က ငွေဖောင်းပွမှုနှုန်းနဲ့ စတုတ္ထအချက်ကတော့ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအလားအလာ စသည်တို့ ဖြစ်ပါတယ်။

အဲဒီအချက်တွေကို အချုပ်အားဖြင့် ရှင်းပြရရင် ပထမအချက်ဖြစ်တဲ့ ကုန်သွယ်မှုလိုငွေဆိုတာက သွင်းကုန်က ပို့ကုန်ထက် ပိုမိုမြင့်မားနေတာ၊ ကုန်သွယ်မှုပိုငွေဆိုတာက ပို့ကုန်က သွင်းကုန်ထက် ပိုမိုများပြားတာကို ဆိုလိုပါတယ်။ ကုန်သွယ်မှုလိုငွေ နှစ်အတော်ကြာ ပေါ်ပေါက်လာမယ်ဆိုရင် သွင်းကုန်တွေအတွက် နိုင်ငံခြားငွေလိုအပ်ချက်မြင့်မားမှုကြောင့် ငွေလဲလှယ်နှုန်းအပေါ် ဖိအားဖြစ်လာပြီး ငွေတန်ဖိုးကို ကျဆင်းစေပါတယ်။

### အတိုးနှုန်းမြင့်မားရင် ပြည်တွင်းကို ငွေကြေးတွေစီးဝင်လာဖို့ အခွင့်အရေးရှိ

ဒုတိယအချက်ဖြစ်တဲ့ အတိုးနှုန်းနဲ့ပတ်သက်ပြီး အတိုးနှုန်းမြင့်မားရင် ပြည်တွင်းကို ငွေကြေးတွေစီးဝင်လာဖို့ အခွင့်အရေးရှိလာတဲ့အတွက်ကြောင့် ပြည်တွင်းငွေကြေးပိုမိုခိုင်မာလာနိုင်ပါတယ်။ နိုင်ငံတကာကူးလူးဆက်ဆံမှု (Exposure) များပြားပြီး Financial Integration မြင့်မားတဲ့နိုင်ငံတွေမှာ အတိုးနှုန်းမြင့်ချိန်မှာ တိုင်းပြည်ထဲကို ငွေကြေးစီးဝင်လာတဲ့အတွက်ကြောင့် သူတို့ရဲ့ ငွေကြေးတွေ ခိုင်မာလာတာကို တွေ့မြင်နိုင်ပါတယ်။ လက်ရှိ အမေရိကန်နိုင်ငံရဲ့ အတိုးနှုန်းတွေ မြင့်တက်လာမှုကြောင့် ဒေါ်လာတန်ဖိုးပိုမိုခိုင်မာလာပြီး တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ တခြားနိုင်ငံတွေရဲ့ ငွေကြေးတန်ဖိုးတွေ ကျဆင်းခဲ့ခြင်းဖြစ်ပါတယ်။ ဒီအချက်ကို Global Affect လို့ ဆိုနိုင်ပါတယ်။

အခုအခြေအနေမှာ ပြည်တွင်းစီးပွားရေးကိန်းဂဏန်းတွေကို မူတည်ပြောဆိုတာဖြစ်ပြီး ပြည်တွင်းနဲ့မပတ်သက်တဲ့ ပြည်ပအချက်တွေဖြစ်တဲ့ ပြည်ပနိုင်ငံရဲ့ နိုင်ငံခြားငွေကြေး တန်ဖိုးကျသွားခြင်း သို့မဟုတ် တန်ဖိုးတက်လာခြင်း၊ ရေနံဈေးများ တက်လာခြင်းကြောင့် ရေနံတင်သွင်းတဲ့ နိုင်ငံတွေအနေနဲ့ ရေနံတင်သွင်းတဲ့ Demand အရ မိမိနိုင်ငံရဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ် ဖိအားဖြစ်ပေါ်လာခြင်း၊ စစ်ဘေးကာလတွေမှာ မိမိရဲ့ နိုင်ငံခြားငွေအပေါ် ဖိအားဖြစ်ပေါ်လာခြင်း စသည်တို့ ဖြစ်ပါတယ်။ ယင်းအချက်တွေကို External Factors သို့မဟုတ် Global Factors လို့ ပြောနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ ငွေလဲလှယ်နှုန်းမြင့်မားလာခြင်းဟာ External Factors က စတင်ခဲ့ခြင်း ဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာတန်ဖိုးက လွန်ခဲ့တဲ့ လေးလနဲ့ ခြောက်လမှစပြီး အလွန်ခိုင်မာလာလို့ မြန်မာကျပ်ငွေတန်ဖိုးသာမက တစ်ကမ္ဘာလုံးရှိ ငွေကြေးတန်ဖိုးများလည်း ကျဆင်းလာခဲ့ပါတယ်။ ယင်းကို External Affect or Global Affect လို့ခေါ်ဆိုပြီး အဲဒီလို ဖြစ်ပေါ်ခြင်းကြောင့် ငွေကြေးတန်ဖိုးကျဆင်းခြင်းကို မည်သည့်နိုင်ငံမှ ရှောင်လွှဲ၍မရနိုင်ပါ။ ဒါပေမယ့် မြန်မာနိုင်ငံအနေနဲ့ ကျပ်ငွေတန်ဖိုးကျဆင်းခြင်းဟာ တခြားနိုင်ငံတွေထက် ပိုမိုသက်ရောက်မှုရှိတာကို တွေ့မြင်နိုင်ပါတယ်။ လွန်ခဲ့တဲ့ ခုနစ်လ ကာလအတွင်း အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံအနေနဲ့ ၉ ရာခိုင်နှုန်းခန့်၊ အိန္ဒိယနိုင်ငံ ၇ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ ၆ ရာခိုင်နှုန်း အသီးသီး ငွေကြေးတန်ဖိုးကျဆင်းခဲ့ပြီး မြန်မာနိုင်ငံမှာ ၁၂ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့လို့ Global Factors ကြောင့် ကျဆင်းမှုမှန်ပေမယ့် မြန်မာနိုင်ငံရဲ့ ငွေကြေးတန်ဖိုးက ပိုမိုကျော်လွန်စွာ ကျဆင်းခဲ့တာကို တွေ့မြင်နိုင်ပါတယ်။

**မေး။ မြန်မာနိုင်ငံရဲ့ ငွေကြေး ပိုမိုကျဆင်းခဲ့တဲ့ အကြောင်းရင်းတွေကိုလည်း သုံးသပ်ပေးစေလိုပါတယ်။**

ဖြေ။ ကျပ်ငွေတန်ဖိုးကျဆင်းခဲ့ခြင်းဟာ External Affect မှ စတင်ခဲ့ပေမယ့် ပြည်တွင်းအခြေအနေကိုသုံးသပ်ရင် ပထမအချက်က မြန်မာနိုင်ငံမှာ

> **“လက်ရှိ အမေရိကန်နိုင်ငံရဲ့အတိုးနှုန်းတွေ မြင့်တက်လာမှုကြောင့် ဒေါ်လာတန်ဖိုး ပိုမိုခိုင်မာလာပြီး တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ တခြားနိုင်ငံတွေရဲ့ ငွေကြေးတန်ဖိုးတွေ ကျဆင်းခဲ့ခြင်း ဖြစ်ပါတယ်။ ဒီအချက်ကို Global Affect လို့ ဆိုနိုင်”**

> **“မြန်မာနိုင်ငံရဲ့ရာသီအလိုက် နိုင်ငံခြားငွေ လိုအပ်ချက်ဟာ ပြောင်းလဲမှုရှိတာကို တွေ့မြင်နိုင်ပါတယ်။ အထူးသဖြင့် ဇူလိုင်လကနေ ဒီဇင်ဘာလအထိ နိုင်ငံခြားငွေ လိုအပ်ချက်မြင့်မားတဲ့ အချိန်ကာလဖြစ်တာကို တွေ့နိုင်ပါတယ်”**

စီးပွားရေးအခြေအနေ အချိုးမညီမှုပြဿနာ (Structural Problem) သို့မဟုတ် စီးပွားရေးနဲ့ပတ်သက်တဲ့ အခြေခံပြဿနာ (Economic Fundamental Problem) တွေ ရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ ကုန်သွယ်မှုကို ပြန်ကြည့်ရင် ပြီးခဲ့တဲ့နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ကုန်သွယ်မှုလိုငွေဟာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံရှိခဲ့ပြီး၊ ဒီတန်ဖိုးဟာ လျော့နည်းသွားတဲ့ ပမာဏဖြစ်ပါတယ်။ အဲဒီမတိုင်ခင် (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်)က ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံခန့်ရှိကြောင်း တွေ့ရပါတယ်။

ဒီတန်ဖိုးတွေ ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ ပြည်တွင်းငွေတန်ဖိုးအပေါ် ဖိအားများစွာသက်ရောက်ကြောင်း တွေ့မြင်နိုင်ပါတယ်။ ဒုတိယအချက်ကတော့ မြန်မာနိုင်ငံရဲ့ ရာသီအလိုက် နိုင်ငံခြားငွေလိုအပ်ချက်ဟာ ပြောင်းလဲမှုရှိတာကို တွေ့မြင်နိုင်ပါတယ်။ အထူးသဖြင့် ဇူလိုင်လကနေ ဒီဇင်ဘာလအထိ နိုင်ငံခြားငွေ လိုအပ်ချက်မြင့်မားတဲ့ အချိန်ကာလဖြစ်တာကို တွေ့နိုင်ပါတယ်။ အဆိုပါ ရာသီအလိုက် နိုင်ငံခြားငွေလိုအပ်ချက်ကတော့ နိုင်ငံခြားငွေနဲ့ ကျောင်းလခပေးခြင်း၊ ဘုရားဖူးသွားခြင်းတို့ ဖြစ်ပါတယ်။ တတိယအချက်က မကြာခင်က Re-Export ခွင့်ပြုပေးခဲ့တာဖြစ်ပြီး Re-Export ဆိုတာက ထိုင်းနဲ့ ဗီယက်နမ်ကနေ သကြားနဲ့ ဒီဇယ်ကို တင်သွင်းပြီး တရုတ်နိုင်ငံကို တစ်ဆင့်ပြန်လည်တင်ပို့ခြင်းကို ဆိုလိုပါတယ်။ Re-Export ပမာဏက အတော်ကြီးမားတာကိုတွေ့ရှိရပြီး Re-Export ပြုလုပ်ခြင်းက အမြတ်ငွေရရှိတဲ့အတွက် တိုင်းပြည်အတွက် အကျိုးရှိတာကို လက်ခံပါတယ်၊ ဥပမာ- သကြားတစ်တန် ၄၆၀ နဲ့ ဝယ်ယူပြီး ၅၅၀ နဲ့ ပြန်ရောင်းလို့ အမြတ်ရပါတယ်။ ဒါပေမယ့် လက်တွေ့မှာ Re-Export ပြုလုပ်ဖို့ ပထမဆုံး နိုင်ငံခြားက တင်သွင်းရတော့ မိမိတို့ရဲ့ နိုင်ငံခြားငွေစာရင်း (Nostro Account) ကနေ ဦးစွာ အမေရိကန်ဒေါ်လာနဲ့ ပေးချေရပြီး တရုတ်နိုင်ငံကို ပြန်လည်တင်ပို့ရတဲ့အတွက် ဝယ်ယူချိန်နဲ့ ရောင်းချချိန်ကြားတွင် Time lag ရှိတဲ့အပြင် တရုတ်နိုင်ငံကနေ ငွေကြေးယွမ်နဲ့သာ ရရှိပါတယ်။

### ကျပ်ငွေတန်ဖိုးကျဆင်းခြင်းက ဒေါ်လာတန်ဖိုးတက်ခြင်းကစ

ဒါကြောင့် ယွမ်ငွေကြေးအားလုံးက အမေရိကန်ဒေါ်လာ ချက်ချင်းမဖြစ်လာသလို အမေရိကန်ဒေါ်လာဖြစ်လာနိုင်တဲ့ ယွမ်ငွေရရှိဖို့လည်း အချိန်စောင့်ဆိုင်းရပါတယ်။ Re-Export အတွက် အမေရိကန်ဒေါ်လာ Demand မြင့်တက်လို့ ငွေလဲလှယ်နှုန်းမြင့်တက်လာတာကို အခွင့်ကောင်းယူပြီး ငွေကြေးရောင်းဝယ်မှုမှာ ဈေးကစားခြင်း(Speculation) ပြုလုပ်လာလို့လည်း မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခဲ့ရခြင်း ဖြစ်ပါတယ်။ ဒီအချက်တွေကို ခြုံငုံကြည့်ရင် မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းရခြင်းရဲ့ အဓိကအကြောင်းရင်းက အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခြင်းကစခဲ့ပြီး အခြားနိုင်ငံတွေရဲ့ ငွေကြေးတန်ဖိုးက ပျမ်းမျှ ခြောက်ရာခိုင်နှုန်းကနေ ခုနစ်ရာခိုင်နှုန်းထိ တန်ဖိုးကျဆင်းခဲ့သလို မိမိတို့ငွေကြေးလည်း တန်ဖိုး ကျဆင်းခဲ့ရပါတယ်။ အခြား Factor ဖြစ်တဲ့ ပို့ကုန်၊ သွင်းကုန် မမျှတခြင်း၊ Temporary ဖြစ်တဲ့ Seasonal Demand အရ အမေရိကန်ဒေါ်လာလိုအပ်ချက် မြင့်မားခြင်း၊ Re-Export ကို ခွင့်ပြုခြင်းနဲ့အတူ Speculation ပြုလုပ်လာခြင်းတို့ကြောင့်လည်း မြန်မာကျပ်ငွေတန်ဖိုး သိသာစွာ ကျဆင်းခဲ့ရခြင်း ဖြစ်ပါတယ်။

**မေး။ အခုလို မြန်မာကျပ်ငွေတန်ဖိုး လျော့ကျခြင်းကို သက်သာမှုရှိစေဖို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဘယ်လိုတုံ့ပြန်ဖြေရှင်း ဆောင်ရွက်သွားမယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ မြန်မာကျပ်ငွေတန်ဖိုး လျော့ကျတာကို သက်သာမှုရှိစေဖို့ ဘယ်အချက်တွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေရှင်းဆောင်ရွက်ပေးနိုင်တယ်။ ဘယ်အချက်တွေက ရှိနေတဲ့ ပကတိအခြေအနေအတိုင်း လက်ခံရမယ်ဆိုတာ ခွဲခြားပြီး ပွင့်လင်းမြင်သာစွာ ရှင်းပြသွားမှာ ဖြစ်ပါတယ်။ ပထမအချက်က External Factor ဖြစ်တဲ့ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာခြင်းကြောင့်ဖြစ်ပြီး၊ ဒုတိယအချက်က ပို့ကုန်/ သွင်းကုန် မမျှတမှုကြောင့် စီးပွားရေးအခြေအနေအချိုးမညီမှုပြဿနာ (Structural Problem) ကို Adjustment ပြုလုပ်ဖို့ ဖြစ်ပါတယ်။ စီးပွားရေးအခြေခံတွေ မျှတလာစေအောင် စီးပွားရေးမူဝါဒများနဲ့ ထိန်းညှိပြီး ဝန်ကြီးဌာနတွေပေါင်းစပ်ပြီး အကောင်အထည်ဖော်သွားရမယ့်အချက် ဖြစ်ပါတယ်။ ဒီကိစ္စ ရေရှည်ဆောင်ရွက်သွားရမယ့်အချက်ဖြစ်လို့ အချိန်ယူဖြေရှင်းရမှာ ဖြစ်ပါတယ်။ ဒီကိစ္စက ဗဟိုဘဏ်တစ်ခုတည်းကနေ အဓိကတာဝန်ယူဖြေရှင်းလို့ မရနိုင်ပါဘူး။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထက် အင်အားကောင်းတဲ့ ဗဟိုဘဏ်တွေတောင် ဒီကိစ္စကို ဝင်ရောက်ဖြေရှင်းလို့ မရနိုင်တာကို အားလုံးလက်ခံထားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် Temporary အမေရိကန်ဒေါ်လာ လိုအပ်ချက်များဖြစ်တဲ့ Season Demand အရ လည်းကောင်း၊ Re-Export ခွင့်ပြုပြီး လည်းကောင်း၊ Speculation ပြုလုပ်လာခြင်းကြောင့် လည်းကောင်း မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခြင်းကို အတိုင်းအတာတစ်ခုအထိ သက်သာစေဖို့ ဗဟိုဘဏ်ကနေ ဖြေရှင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ Re-Export ကလည်း အကျိုးရှိတာမှန်ပေမယ့် ရတဲ့အကျိုးနဲ့ ပြန်လည်ပေးဆပ်ရတဲ့အချက်တွေကို ချိန်ထိုးစဉ်းစား ဆောင်ရွက်သင့်ပါတယ်။

### အရန်ငွေနဲ့ချင့်ချိန်ပြီး ဒေါ်လာရောင်းချပေး

လွန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ်က Car Permit ကို ရပ်ဆိုင်းတော့မယ်လို့ ကြေညာခဲ့လို့ မော်တော်ယာဉ်တွေ များစွာတင်သွင်းခဲ့ခြင်းနဲ့ Re-Export ခွင့်ပြုခဲ့ခြင်းတို့ကြောင့် အမေရိကန်ဒေါ်လာ လိုအပ်ချက်မြင့်မားခဲ့ပြီး ငွေလဲလှယ်နှုန်းတွေ မြင့်တက်ခဲ့တဲ့ အတွေ့အကြုံတွေရှိခဲ့ပါတယ်။ Re-Export ရပ်ဆိုင်းခဲ့ချိန်မှာ ငွေလဲလှယ်နှုန်း ရုတ်တရက်ကျဆင်းခဲ့တာကို တွေ့မြင်နိုင်ပါတယ်။ Re-Export တစ်ခုတည်းကြောင့် ငွေလဲလှယ်နှုန်းမြင့်တက်ခဲ့တယ်လို့ မဆိုလိုပါဘူး။ ဒါပေမယ့် အခုချိန်မှာ Re-Export ဟာ ငွေလဲလှယ်နှုန်းမြင့်မားစေတဲ့ Triggering Factor တစ်ခုဖြစ်ပါတယ်။ Re-Export ကိစ္စရပ်ဆိုင်းခြင်းကို ဌာနချင်း ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ မိမိ Control ပြုလုပ်လို့မရတဲ့ External Factor ကြောင့် ဖြစ်ပေါ်တဲ့အချက်တွေကို ဖြေရှင်းဆောင်ရွက်ပေးလို့ရမှာ မဟုတ်ပါဘူး။ Structural Problem ဖြစ်တဲ့ ပို့ကုန်/ သွင်းကုန် မညီမျှမှုကိုလည်း ဝန်ကြီးဌာနတွေ အချိန်ယူပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်လို့ ဗဟိုဘဏ်အနေနဲ့ လိုအပ်တဲ့ဘက်က ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မိမိအထင်အရ Structural Problem ကြောင့်ဖြစ်တဲ့ ပြဿနာက နည်းပါးပါတယ်။ အခုလို ကျပ်ငွေတန်ဖိုး ရုတ်တရက် တစ်ဟုန်ထိုးကျသွားတာမျိုး မဖြစ်နိုင်ပါဘူး။ ဗဟိုဘဏ်အနေနဲ့ Temporary အမေရိကန်ဒေါ်လာ လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ အရန်ငွေအင်အားနဲ့ ချင့်ချိန်ပြီး ၂၆ ရက် ဇူလိုင်လကနေစပြီး တစ်နေ့ကို အမေရိကန်ဒေါ်လာတစ်သိန်း ရောင်းချပေးခဲ့ပါတယ်။ ဩဂုတ်လ ၁၄ ရက်အထိ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ သန်းရောင်းချပေးခဲ့ပါတယ်။ ၁၅ ရက် ဩဂုတ်လမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅

> **“ပို့ကုန် / သွင်းကုန် မညီမျှမှုကိုလည်း ဝန်ကြီးဌာနတွေ အချိန်ယူ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်လို့ ဗဟိုဘဏ် အနေနဲ့ လိုအပ်တဲ့ဘက်က ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”**

သန်း၊ ၁၆ ရက် ဩဂုတ်လမှာ အမေရိကန်ဒေါ်လာ ၄ သန်းရောင်းချပေးခဲ့ပါတယ်။ မိမိတို့အနေနဲ့လည်း Market Stability ဖြစ်ရေးကို အမြဲထည့်သွင်းစဉ်းစားလျက်ရှိပါတယ်။

ဒါပေမယ့် အခုလို ထုတ်ရောင်းလို့ နိုင်ငံတော်ရဲ့ အရန်ငွေကြေး လျော့ကျသွားမှာကိုလည်း စိုးရိမ်ပါတယ်။ မိမိတို့ရဲ့ အရန်ငွေကြေးအခြေအနေက လွန်စွာတောင့်တင်းတဲ့ အနေအထားမျိုးမဟုတ်ဘဲ ထိုက်သင့်တဲ့အနေအထားမှာသာရှိပါတယ်။ နောက်ထပ် မိမိတို့စဉ်းစားထားတဲ့ အစီအစဉ်က ဈေးကွက်ထဲကို နိုင်ငံခြားငွေ အလုံးအရင်း ထည့်သွင်းပေးနိုင်တဲ့ Currency SWAP အစီအစဉ် ဖြစ်ပါတယ်။ Currency SWAP ဆိုတာ နိုင်ငံခြားငွေလိုအပ်တဲ့ ဘဏ်တွေကို စိစစ်ပြီး ဗဟိုဘဏ်ကနေ အမေရိကန်ဒေါ်လာ ထုတ်ချေးပေးမယ့် အစီအစဉ်တစ်ရပ် ဖြစ်ပါတယ်။ ဗဟိုဘဏ်ကနေ ဘဏ်တွေကို အမေရိကန်ဒေါ်လာ ထုတ်ချေးပေးပြီး ဘဏ်တွေက အဲဒီ အမေရိကန်ဒေါ်လာနဲ့ညီမျှတဲ့ ကျပ်ငွေကို အပေါင်အဖြစ် ပြန်လည်ပေးထားရမှာ ဖြစ်ပါတယ်။ SWAP ကာလက ၁၄ ရက် သို့မဟုတ် တစ်လဖြစ်ပြီး လိုအပ်ရင် ဗဟိုဘဏ်အနေနဲ့ စဉ်းစားပြီး သက်တမ်းတိုးပေးဖို့ရှိပါတယ်။ ကျပ်ငွေပေါ်မှာ အတိုးပေးမှာဖြစ်လို့ သင့်တင့်တဲ့အတိုးနှုန်း သတ်မှတ်ပေးသွားမှာ ဖြစ်ပါတယ်။ Currency SWAP မှာ အမေရိကန်ဒေါ်လာကို ရောင်းချပေးတာမဟုတ်ဘဲ ခေတ္တထုတ်ချေးတာဖြစ်လို့ ပြန်လည်ရရှိမှာဖြစ်တဲ့အတွက် ဈေးကွက်ထဲသို့ ပမာဏများများ ထည့်ပေးနိုင်တာကြောင့် ဈေးကွက်အနေအထား အနည်းငယ်ပြောင်းလဲသွားနိုင်ပါတယ်။

Currency SWAP ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် အခုအသေးစိတ်ညှိနှိုင်းနေပါတယ်။ ဒါ့အပြင် ဈေးကွက်မှာ ဗဟိုဘဏ်က ရောင်းချတဲ့ဈေးနဲ့ ပြင်ပပေါက်ဈေးကြားမှာ Manipulate ပြုလုပ်သွားခဲ့တာတွေလည်း ရှိပါတယ်။ ဥပမာ- ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ တစ်ဒေါ်လာကို ၁၅၀၀ နဲ့ ရောင်းချပေးပေမယ့် ၁၅၄၀ ကျပ်နဲ့ လွယ်ကူစွာ ပြန်လည်ရောင်းချသွားပါတယ်။ ဒီအချက်ကို ပြည်သူတွေက ဝေဖန်တာလည်း ရှိပါတယ်။ Currency SWAP ပြုလုပ်ချိန်မှာ ဘဏ်တွေအနေနဲ့ ချေးယူတဲ့ ဒေါ်လာငွေအပေါ်မှာ အတိုးနှုန်းတစ်ရပ် (ဥပမာအားဖြင့် LIBOR + Margin) တစ်ရပ်ကို ဒေါ်လာနဲ့ ဗဟိုဘဏ်ကို ပေးချေရမှာဖြစ်ပြီး အပေါင်ထားရှိတဲ့ ကျပ်ငွေတွေအပေါ် ဗဟိုဘဏ်ထံကနေ ကျပ်ငွေနဲ့အတိုးပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ ဒီလိုပြုလုပ်ခြင်းဖြင့် ဘဏ်တွေအနေနဲ့ မနစ်နာသလို ဈေးကွက်ရဲ့ လိုအပ်တဲ့ Liquidity ကို Support လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အခုအစီအစဉ်ကို မကြာမီ စတင်မှာဖြစ်ပြီး နောင်မှာ Two Way နဲ့ နိုင်ငံခြားငွေ ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ တစ်ခုက Currency SWAP ဖြစ်ပြီး ကျန်တစ်ခုက FX Auction System ကနေ သင့်တင့်တဲ့ အမေရိကန်ဒေါ်လာ ပမာဏတစ်ရပ်ကို ရောင်းချပေးသွားမှာဖြစ်ပါတယ်။

***ဆက်လက်ဖော်ပြပါမည်***

# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ စစ်တွေမြို့ရှိ သင်္ကေပြင်ကယ်ဆယ်ရေးစခန်း၌ ကွင်းဆင်းသတင်းယူ

**စစ်တွေ ဩဂုတ် ၂၂**

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့များပါဝင်သော သတင်းအဖွဲ့သည် ယနေ့ညနေပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် စစ်တွေမြို့ရှိ သင်္ကေပြင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်သတင်းရယူကြသည်။

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့တွင် Kyodo News၊ TV Asahi၊ Asahi Shinbum၊ French 24၊ AFP၊ EPA၊ BBC သတင်းဌာနတို့မှ သတင်းသမားများ လိုက်ပါလာကြသည်။

သင်္ကေပြင်ကယ်ဆယ်ရေးစခန်းသည် ၂၀၁၂ ခုနှစ်မှ စတင်တည်ရှိခဲ့ပြီး လက်ရှိတွင် အိမ်ထောင်စု တစ်ထောင်ကျော်၊ လူဦးရေ ခြောက်ထောင်ခန့်ရှိကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ သင်္ကေပြင်ကယ်ဆယ်ရေးစခန်း၌ သတင်းရယူနေစဉ်။

# မောင်တောခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မောင်တော ဩဂုတ် ၂၂**

မောင်တောခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် မောင်တောမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မောင်တောခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က အမှာစကားပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူမှုဝန်ထမ်းလုပ်ငန်းများ၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကလေးနှင့်လူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ရခိုင်ပြည်နယ်နှင့် မောင်တောခရိုင်အတွင်း ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မောင်တောခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအဖွဲ့ဝင် ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ NGO နှင့် INGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။



အစည်းအဝေး ကျင်းပရခြင်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက "လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပတဲ့ ရည်ရွယ်ချက်ကတော့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းထားရှိမှုကတစ်ဆင့် ပုံမှန်လည်ပတ်နိုင်တဲ့ ကော်မတီအဖြစ် ရပ်တည်နိုင်ဖို့ဖြစ်ပါတယ်။ နောက်တစ်ချက်က ကော်မတီဝင်တွေအနေနဲ့ ခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တွေမှာ ကလေးသူငယ်အခွင့်အရေးတွေ ပိုမိုဆောင်ရွက်ပေးနိုင်ဖို့နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့လည်း ပိုမိုပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "မောင်တောခရိုင်အတွင်းမှာ ကလေးသူငယ်အခွင့်အရေးတွေနဲ့ပတ်သက်ပြီး တစ်ဖက်နိုင်ငံက ပြန်လည်ရောက်ရှိလာတဲ့ ကလေးတွေကို အရေးပေါ်ထောက်ပံ့မှုပေးတာတွေ၊ ခရိုင်အတွင်းမှာ တည်ထောင်ခွင့်ပြုမိန့်ရ မူကြိုကျောင်းတွေမှာလည်း ထောက်ပံ့မှုပေးတာတွေ ရှိပါတယ်။ နောက်ပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုသင်တန်းတွေပေးနေတာလည်း ရှိပါတယ်။ ဆက်လက်ပြီး မိတ်ဖက်အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းကာ နည်းပညာအထောက်အပံ့ပေးတာတွေ ရှိပါတယ်။ သင်တန်းတွေပေးသွားဖို့ ရှိပါတယ်။ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှာလည်း ခရိုင်အတွင်းမှာ လူမှုရေးပင်စင်ပေးတာတွေ၊ ကိုယ်ဝန်ဆောင်နဲ့ သူတို့ကမွေးဖွားလာတဲ့ ကလေးတွေကို တစ်လကို ငွေကျပ်တစ်သောင်းခွဲနှုန်းနဲ့ ထောက်ပံ့ပေးတာတွေလည်း ရှိပါတယ်။ ဖြစ်ရပ်တစ်ခုခုဖြစ်ပွားလို့ တိုင်ကြားမှု၊ ချိတ်ဆက်မှုရှိလာရင်လည်း ဖြစ်ရပ်တွေကို စီမံခန့်ခွဲမှုပေးတာတွေလည်း ရှိပါတယ်"ဟု ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ- ရာမည၊ မျိုးသူဟိန်း**

# ကမမောင်းမြို့၌ သံလွင်မြစ်ရေမြင့်တက်မှုကြောင့် အနိမ့်ပိုင်းရပ်ကွက်အချို့ ရေဝင်မှုရှိနေ

**ဖာပွန် ဩဂုတ် ၂၂**

ကရင်ပြည်နယ် ကမမောင်းမြို့၌ ဩဂုတ်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယနေ့တွင် အနိမ့်ပိုင်းရပ်ကွက် ကျေးရွာအချို့၌ ဒုတိယအကြိမ် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ကမမောင်းမြို့ရှိ ရပ်ကွက်၊ ကျေးရွာအားလုံးနီးပါးသို့ ရေဝင်လျက်ရှိပြီး၊ ကမမောင်းမြို့ မိတ္တီလာကျေးရွာရှိ ကားလမ်းမပေါ်တွင် ရေအမြင့် လေးပေကျော်ခန့် မြင့်တက်လျက်ရှိပြီး မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ယာယီဖြတ်သန်းသွားလာခွင့်မပြုတော့ကြောင်း သိရသည်။

သံလွင်မြစ်ရေတက်မှုကြောင့် ကမမောင်းမြို့၌ ရေဘေးရှောင်စခန်းနှစ်ခု ဖွင့်လှစ်ထားလျက်ရှိပြီး စုစုပေါင်းအိမ်ထောင်စု ၁၅၃ စု၊ လူဦးရေ ၆၃၀တို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ယခုအခါ ဒုတိယအကြိမ် သံလွင်မြစ်ရေတက်လာမှုကြောင့် ကျန်ရှိနေသေးသည့် ရပ်ကွက်၊ ကျေးရွာများရှိ အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ရေကြီးရေလျှံမှုများကြောင့် ဒေသခံပြည်သူများအနေဖြင့် ကမမောင်းမြို့မှ ဘားအံ၊ ကမမောင်းမြို့မှ ဖာပွန်မြို့သို့ သွားလာရန်ခက်ခဲကာ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ဌာနဆိုင်ရာ၊ လူမှုအဖွဲ့အစည်းနှင့် တပ်မတော်သားများက ဖြန့်ဝေပေး

**တနင်္သာရီ ဩဂုတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများထံသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများ၊ တပ်မတော်သားများက လမ်းကြောင်းခြောက်ခုဖြင့် ဖြန့်ဝေလျက်ရှိသည်။

အဆိုပါ ရပ်ကွက်၊ ကျေးရွာများမှာ ချောင်းကြီးချောင်းငယ်ရပ်ကွက်၊ ဘန်လော၊ တကူး၊ သာရဘွင်၊ သန္ဒောကော့မပြင်း ကျေးရွာအုပ်စုနှင့် မမသောင်ကျေးရွာ၊ ပဝ၊ အရှေ့မော်တုန်း၊ အနောက်မော်တုန်း၊ သာရဇုံအောက်ကင်းအောက်ပြင်ကျေးရွာ၊ ဗောခကမ်းဘန်းသဲ၊မြေမအုံ၊ ကျောက်တလုံး၊ ကျွဲခရံ၊ ကြိမ်ချောင်းဝ ကျောက်မီးကျောင်း၊ မြန်အင်းတော်၊ ပျို့အိုင်၊ ညောင်ပင်ကွင်း၊ သကျက်ကျေးရွာ၊ လယ်တောင်ယာ၊ တမုတ်ချုံး၊ ကမ္မလိုင်၊ ချောင်းလမုနှင့် တာပလပ်ကော့ယွန်းကျေးရွာတို့ဖြစ်သည်။ **သတင်းစဉ်**

# စစ်တောင်းမြစ်ရေ ဒုတိယအကြိမ် တက်လာမှုကြောင့် ရွှေကျင်မြို့နယ်တွင် စာသင်ကျောင်းအချို့ပိတ်ထားရ

**ရွှေကျင် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ဩဂုတ် ၁၇ ရက်မှစတင်၍ စစ်တောင်းမြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာခဲ့ပြီး ယနေ့အထိ အိမ်ထောင်စု ၁၅၈ စု၊ လူဦးရေ ၈၃၀ ကျော်အား ရေဘေးကယ်ဆယ်ရေးစခန်းလေးခုသို့ ရွှေ့ပြောင်းနေထိုင်ကြရပြီး မူလွန်စာသင်ကျောင်းငါးကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

ယခုတိုင် စစ်တောင်းမြစ်ရေအခြေအနေမှာ ရွှေကျင်မြို့နယ်တွင် စိုးရိမ်ရေမှတ်အထက်တွင်ရှိနေပြီး အနိမ့်ပိုင်းရပ်ကွက်နေ ဒေသခံများအနေဖြင့် မြစ်ရေများ မြင့်တက်လာခြင်းကြောင့် ဒုတိယအကြိမ် ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ထပ်မံပြောင်းရွှေ့နေထိုင်ကြရပြီး သက်ဆိုင်ရာတာဝန်ရှိသူများက နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

ပဲခူးတိုင်းဒေသကြီး မဒေါက်မြို့ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု




ကရင်ပြည်နယ် ဘားအံမြို့ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု




ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု



# ပုဂံရှိ သမိုင်းဝင်မြစေတီဘုရားကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ကို ရိုးရာအရုပ်သွန်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ညောင်ဦး ဩဂုတ် ၂၂

**ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြစေတီဘုရားကြီးအား ရတနာစိန်ဖူးတော် ငါးဆူ၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ အသစ်တစ်ဖန် တင်လှူပူဇော်သွားမည်ဖြစ်ကာ စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကိုလည်း မြန်မာ့ရိုးရာအရုပ်သွန်းပွဲတော်များထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြင်းကပါကျေးရွာမှ ဒေသခံပြည်သူများထံမှ သိရသည်။**

အဆိုပါ ရတနာစိန်ဖူးတော် ငါးဆူ၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော် ပွဲကို ၁၃၈၀ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂၊ ၁၃ ရက်တို့တွင် တင်လှူပူဇော်သွားမည်ဖြစ်ပြီး စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်အား နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဝါခေါင်လဆန်း ၁၄ ရက်နှင့် ဝါခေါင်လပြည့်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ဝါခေါင်လဆန်း ၁၄ ရက်တွင် မြင်းကပါကျေးရွာ ဒေသခံပြည်သူများ၏ ဖန်တီးပုံဖော်ထားသော မြန်မာ့ရိုးရာ အရုပ်သွန်းပွဲများဖြင့် ဆင်ယင်ကျင်းပ သွားမည်ဖြစ်ကာ လပြည့်နေ့ နံနက်ပိုင်း တွင် စေတီတော်ကြီး၌ ဆွမ်းသပိတ်လုံးများ ကပ်လှူခြင်း၊ မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များကို ပင့်ဖိတ်၍ ငွေဆွမ်းလောင်းလှူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြင်းကပါကျေးရွာရှိ မြစေတီဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်သည် နှစ်စဉ်နှစ်တိုင်း မြန်မာ့ရိုးရာ အရုပ်သွန်းပွဲများ၊ ဗလာအငြိမ့်ဇာတ်ပွဲများ၊ မြန်မာ့ရိုးရာအရုပ်သွန်း ပွဲတော်များအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ဧည့်သည်များနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံကျေးလက်နေ ပြည်သူများ စိတ်ဝင်တစား လာရောက် ကြည့်ရှုကြသည့်အတွက် ကြိတ်ကြိတ်တိုး စည်ကားသည့် ဘုရားပွဲတော်ကြီးတစ်ခု ဖြစ်ကြောင်း မြင်းကပါကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သူ ဦးဇော်ပွေးက ပြောပြသည်။

**ရဲဝင်းနိုင် ( ညောင်ဦး)**

## ချောင်းနက်-နေပြည်တော်ကားလမ်း မြေပြို၍ လမ်းပိတ်ဆို့

**တောင်တွင်းကြီး ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ချောင်းနက်-နေပြည်တော် (တောင်ညို)ကားလမ်း ဝံအော်အထက်ပိုင်း မိုင်တိုင် ၄၅/၄ နှင့် ၄၅/၅ အကြား ယနေ့ ညနေပိုင်းက မြေပြိုကျနေသဖြင့် ယာဉ်ကြီးများ ဖြတ်သန်းသွားလာ၍မရဘဲ ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

**ဝ၈၅**

# ကမ္ဘာ့အလှမယ်ပြိုင်ပွဲကြီးအတွက် အလှမယ် သိမ့်သဥ္ဇာအား ရွေးချယ်

ရန်ကုန် ဩဂုတ် ၂၂

**ကမ္ဘာ့အလှမယ်ပြိုင်ပွဲကြီးအတွက် ပထမဆုံးအကြိမ် မြန်မာနိုင်ငံကိုယ်စားပြုစေလွှတ်နိုင်ရန် ယှဉ်ပြိုင်ရွေးချယ်သော(Miss Tourism Worldwide 2018 )ပြိုင်ပွဲကြီး နောက်ဆုံးဆန်ခါတင် အလှမယ်ရွေးချယ်ပွဲကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ ဆရာစံလမ်းရှိ CBC ballroom ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အလှမယ် သိမ့်သဥ္ဇာက သရဖူဆုကို ဆွတ်ခူးရရှိသွားကြောင်း သိရသည်။**



ကမ္ဘာ့အလှမယ်ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ် သိမ့်သဥ္ဇာကို ဆုယူအပြီး တွေ့ရစဉ်။

အဆိုပါပြိုင်ပွဲတွင် ဆန်ခါတင် ရွေးချယ်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု အလှမယ် ၁၇ ဦးတို့က တိုင်းရင်းသားရိုးရာဝတ်စုံ၊ မြန်မာ့ရိုးရာဝတ်စုံ၊ ရေကူးဝတ်စုံဖြင့် ယှဉ်ပြိုင်မှုများတွင် ပြိုင်ပွဲဝင်အလှမယ်များမှ အလှမယ် ၁၁ ဦး စိစစ်ရွေးချယ်သည်။ ထို့နောက် ညနေခင်းပွဲတက်ဝတ်စုံဖြင့် ယှဉ်ပြိုင်မှုတွင် အလှမယ်ခြောက်ဦးအား ထပ်မံရွေးချယ်ပြီး ထိုမှတစ်ဆင့် နောက်ဆုံး Final အလှမယ်အား အဆင့်ဆင့်ရွေးချယ်ကြကြောင်း သိရသည်။ ရွေးချယ်မှုတွင် အလှမယ်လေးများ၏ ကိုယ်နေကိုယ်ဟန်၊ ကိုယ်ရည်ကိုယ်သွေးနှင့် ပရဟိတလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု အပိုင်းများပါဝင်ကာ အမှတ်ပေးရွေးချယ်ခြင်းဖြစ်ပြီး ပြိုင်ပွဲကြီး၏ စခန်းသွင်းလေ့ကျင့်ရေးကာလကို အမှတ် ၇၀ ပေးထားပြီး ယနေ့ည ပြိုင်ပွဲတွင် အမှတ် ၃၀ ပေးကာ ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် Miss Tourism Worldwide Myanmar 2018 သရဖူကိုအလှမယ် သိမ့်သဥ္ဇာ (ရန်ကုန်တိုင်းဒေသကြီး)က လည်းကောင်း၊ First Runner Up ဆုကို အိသဥ္ဇာဇော် (ရန်ကုန်တိုင်းဒေသကြီး)က လည်းကောင်း၊ Second Runner Up ဆုကို ယွန်းမီမီခိုင်(စစ်တွေ)က လည်းကောင်း၊ ရရှိပြီး စခန်းသွင်းကာလတစ်လျှောက် ပြိုင်ပွဲအတွင်း ဝင်ရောက်ယှဉ်ပြိုင်ကြသော အလှမယ်များအား Title Award ဆုများရရှိသွားကြောင်း သိရသည်။

"ဒီပြိုင်ပွဲကMiss Tourism ဖြစ်တာကြောင့် ခရီးသွားရယ်၊ လူမှုယဉ်ကျေးမှုရယ် ပါဝင်ပြီး အဓိက ဦးဆောင်ပြသရတာဖြစ်လို့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုတွေနဲ့ ခရီးသွားလုပ်ငန်းတွေကို ဦးစားပေးလုပ်ဆောင်ပေးရတာ ဖြစ်ပါတယ်" ဟု ပွဲစီစဉ်သူ ကိုသားချမ်းက ပြောသည်။

ယင်းပြိုင်ပွဲကြီးကို Grace Beauty Myanmar Organization မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ရွေးချယ်ခံရသော အလှမယ် သိမ့်သဥ္ဇာသည် စက်တင်ဘာ ၃ ရက်တွင် စင်ကာပူနိုင်ငံ၌ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် Miss Tourism Worldwide ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ နိုင်ငံပေါင်း ၄၀ ခန့်မှ နိုင်ငံကိုယ်စားပြု အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

❒ *ကျော့ဖုံးမှ*

ဂျကာတာမြို့ရှိ တိုက်ကွမ်ဒို အားကစားရုံ၌ ကျင်းပသော အမျိုးသား အတိုက် ၆၃ ကီလိုတန်း(ဘင်တန်ဝိတ်တန်း) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ကျော်ကျော်က ပါကစ္စတန်ကစားသမားကို ၃၂ ဦးအဆင့်တွင် ရှုံးနိမ့်ခဲ့သောကြောင့် မြန်မာအသင်းပွဲစဉ်များအားလုံးပြီးဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဂျကာတာမြို့ရှိ မြားပစ်ကွင်း၌ ကျင်းပလျက်ရှိသော မြားပစ် (Compound) အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ အဆင့်သတ်မှတ်ချက် ပွဲစဉ်တွင်မြန်မာက ယောစိမ်းယ က မြား ၇၂ ချောင်းဖြင့် ပစ်ခတ်ရာတွင် (၃၃၄+၃၃၄=စုစုပေါင်း ၆၆၈) မှတ်ဖြင့် ပြိုင်ပွဲဝင် ၅၂ ဦးတွင် အဆင့် ၃၉ ဖြင့် လည်းကောင်း၊ စုစုလှိုင်က(၃၃၈+၃၂၉=စုစုပေါင်း ၆၆၇) မှတ်ဖြင့် ပြိုင်ပွဲဝင် ၅၂ ဦးတွင် အဆင့် ၄၀ ဖြင့် လည်းကောင်း၊ လှလှစံက(၃၂၈+၃၃၄=စုစုပေါင်း ၆၆၂) မှတ်ဖြင့် ပြိုင်ပွဲဝင် ၅၂ ဦးတွင် အဆင့် ၄၆ ဖြင့် အသီးသီးရရှိခဲ့ပြီး အသင်းလိုက် ၁၃ သင်းတွင် အဆင့် ၁၁ ရရှိခဲ့သည်။

ဆက်လက်၍ ညနေပိုင်းပွဲစဉ် အမျိုးသား Compound Ranking ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇင်သူရိန်မှူးက မြား ၇၂ ချောင်းဖြင့် ပစ်ခတ်ရာတွင် (၃၄၆+၃၄၇= စုစုပေါင်း ၆၉၃) မှတ်ဖြင့် ပြိုင်ပွဲဝင် ၆၀ တွင် အဆင့် ၁၃ ရရှိခဲ့သည်။

ပလန်ဘန်းမြို့ရှိ JSC Roneu Stadium အားကစားရုံ၌ အမျိုးသမီး သုံးယောက်တွဲ အသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ထိုင်းအသင်းကို နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ဆက်လက်၍အမျိုးသားရှစ်ယောက်တွဲ မီတာ ၂၀၀၀ အနောက်တိုင်းလှေလှော် ပြိုင်ပွဲတွင် အဆင့်ငါးဖြင့်သာ ကျေနပ်ခဲ့ရသည်။ အမျိုးသမီး ၂၅ မီတာ လေပစ္စတိုပြိုင်ပွဲတွင် မြန်မာမှ မေပိုးဝါ ယှဉ်ပြိုင်ရာ ရမှတ် ၅၇၄ မှတ်ဖြင့် နိုင်ငံပေါင်း ၃၂ နိုင်ငံတွင် အဆင့် ၁၆ ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာလှေ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း ဗိုလ်လုပွဲတက်ရောက်

**ပလန်ဘန်း ဩဂုတ် ၂၂**

အာရှအားကစားပြိုင်ပွဲ၏ အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲ လက်ရည်စစ်ပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက ပလန်ဘန်းမြို့၌ကျင်းပရာ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။



ဒုတိယအကြိမ် လက်ရည်စစ်ပွဲများကို ယနေ့ကျင်းပခဲ့ပြီး မြန်မာအသင်းသည် စုစုပေါင်း နှစ်ပွဲယှဉ်ပြိုင်ခဲ့ရာက အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် လက်ရည်စစ်ပွဲ အောင်မြင်ခဲ့ခြင်း ဖြစ်သည်။

အမျိုးသမီး လေးယောက်တွဲ မီတာ ၂၀၀၀ အနောက်တိုင်းလှေလှော်ပြိုင်ပွဲတွင် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာ၊ အိန္ဒိယငါးနိုင်ငံတို့ ယှဉ်ပြိုင်ကြရာ မြန်မာအသင်းမှ စံချိန် ၇:၄၄း၁၉ စက္ကန့်ဖြင့် တတိယနေရာမှ ပန်းဝင်ခဲ့သည်။ အမျိုးသား ရှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် လက်ရည်စစ်ပွဲ အောင်မြင်ခဲ့ခြင်းမရှိပေ။ အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲ ဗိုလ်လုပွဲများကို ဩဂုတ် ၂၃ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲနှင့် လေးယောက်တွဲပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့ရိုးရာလှေလှော်အသင်းထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၂**

(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ပလန်ဘန်းမြို့တွင် ကျင်းပရာ မြန်မာ့ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေ၊ ကနူး/ကယက်လှေ စသည့်ပြိုင်ပွဲများသည် ပလန်ဘန်းမြို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယနေ့ နံနက် ၈ နာရီခွဲက မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် အုပ်ချုပ်၊ နည်းပြ၊ အမျိုးသား၊ အမျိုးသမီး အားကစားသမား စုစုပေါင်း ၃၇ ဦးတို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မိဘဆွေမျိုးများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါရိုးရာလှေပြိုင်ပွဲကို အမျိုးသားအသင်းက မီတာ ၂၀၀၊ မီတာ ၅၀၀၊ မီတာ ၁၀၀၀ နှင့် အမျိုးသမီးအသင်းက မီတာ ၂၀၀၊ မီတာ ၅၀၀ တို့ကို ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိ ယှဉ်ပြိုင်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လှေအသင်းမှာ ဩဂုတ် ၂၃ ရက်တွင် ဗိုလ်လုပွဲအဖြစ် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ကာဇက်စတန်နိုင်ငံအသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကနူး/ကယက်လှေအသင်းမှာ ဩဂုတ် ၂၇ ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ကွင်းလယ်ကစားသမား ပီဂျာနစ်သည် ဂျူဗင်တပ်စ်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ပီဂျာနစ် (၂၈နှစ်) သည် ဂျူဗင်တပ်စ်အသင်းအား စီးရီးအေနှင့် ကိုပါအီတာလီယာဖလားတို့ကို ရရှိအောင်စွမ်းဆောင်ပေးထားနိုင်ကြောင်းလည်း သိရသည်။
- မန်ယူနည်းပြ မော်ရင်ဟိုသည် အသက် ၂၂နှစ် အရွယ် ပြင်သစ်တိုက်စစ်ကစားသမား မာရှယ်အား ရောင်းထုတ်ရန် အမှုဆောင်ဥက္ကဋ္ဌ အက်ဝုဒ်ဝက်အား ပြောဆိုထားကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသော်လည်း သည်ဆန်း၏ ဖော်ပြချက်တွင်မူ မာရှယ်အနေဖြင့် အိုးထရက်ဖို့ဒ်တွင် ဆက်လက်နေလိုပြီး အသင်း၌ နေရာတစ်နေရာစာအတွက် ကြိုးစားယှဉ်ပြိုင်သွားမည်ဟု ဆုံးဖြတ်ထားကြောင်း ဖော်ပြထားသည်။
- ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ အသက် ၂၇ နှစ် အရွယ် ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား အီဒင် ဟာဇက်အား ဥရောပအပြောင်းအရွှေ့ဈေးကွက်မပိတ်မီတွင် နောက်ဆုံးအကြိမ်ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်ဖွယ်ရှိကြောင်း မေးရာ၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းမှ အသက် ၂၇ နှစ်အရွယ် စပိန်နောက်ခံကစားသမား မာကို့စ်အလွန်ဆိုအား ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့က ဥရောပအပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီတွင် ပေါင် ၂၇ သန်းပေးချေကာ ခေါ်ယူချင်နေသော်လည်း အဆိုပါ ကစားသမားသည် နည်းပြဆာရီ၏ အစီအစဉ်တွင် အရေးပါသူတစ်ဦးဖြစ်သောကြောင့် ချယ်လ်ဆီးအသင်းက လက်ခံစဉ်းစားဖွယ်မရှိကြောင်းလည်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။
- အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေး၏ လုပ်အားခနှစ်ဆ တောင်းဆိုမှုကို ပေးချေသွားမည် မဟုတ်သော်လည်း အဆိုပါ ကွင်းလယ်ကစားသမားကို စာချုပ်သစ်တစ်ရပ် ချုပ်ဆိုနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက် အရ သိရသည်။
- မန်စီးတီးအသင်းသည် တနင်္လာနေ့က လေ့ကျင့်ရေးကွင်းတွင် ဒဏ်ရာရရှိခဲ့သော အသက် ၃၅ နှစ်အရွယ် ချီလီဂိုးသမား ဘရာဗို၏ နေရာကိုအစားထိုးနိုင်ရန်အတွက် အရန်ဂိုးသမားတစ်ဦးကို အပူတပြင်း ရှာဖွေလျက်ရှိနေကြောင်း ဒေးလီးမေးလ်၏ ဖော်ပြချက်အရ သိရသည်။ ယခုရာသီတွင် ဂိုးသမား ဂျိုးဟတ်နှင့် အန်းဂုစ်ဂွန်းတို့သည် အသင်းမှထွက်ခွာသွားပြီးနောက် ဘရာဗို၏ ဒဏ်ရာရရှိမှုက မန်စီးတီးအသင်းအတွက် ထိုးနှက်ချက်တစ်ခုဖြစ်ကာ ယခုလို အပူတပြင်း ရှာဖွေရခြင်းဖြစ်ကြောင်းလည်း သိရသည်။

**အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၈-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "စီးပွားရေးစကားဝိုင်း" (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ )(တတိယပိုင်း)
၁၀း၃၀ - အလုပ်သမားရေးရာ အစီအစဉ်
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၇)
၁၄း၀၀ - "ထူးချွန်သူတို့ လျှောက်သောလမ်း"

**ညပိုင်း**

၁၆း၃၅ - "ရတနာထဲက ရတနာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်"
၁၇း၁၅ - "ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၇၂)
၁၈း၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများ ကွန်ရက်" (အပိုင်း-၂၈)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **"မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခြင်း"(စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်)**
-Britain's Got Talent(13)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်(အပိုင်း-၃)

# ဘုရားသုံးဆူမြို့၌ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ မူးယစ်ဆေးဝါးရောင်းဝယ်သူ ငါးဦးဖမ်းဆီးရမိ

**ဘုရားသုံးဆူ ဩဂုတ် ၂၂**

နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ ဘုရားသုံးဆူနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ်၂၁ ရက် ညနေ ၃ နာရီခွဲက ဘုရားသုံးဆူမြို့ အမှတ်(၂) ရပ်ကွက် ဥဒေါင်းကန် ၉ လမ်းရှိ ကျော်လင်းထွန်း(ခ)အငယ်ကောင်၏ နေအိမ်ကို သတင်းအရ သွားရောက်စစ်ဆေးရာ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

ဩဂုတ် ၂၁ ရက် ညနေပိုင်းက ပူးပေါင်းအဖွဲ့များ သွားရောက်စစ်ဆေးစဉ် ကျော်လင်းထွန်း(ခ)အငယ်ကောင်ထံမှ အိုက်စ် စုစုပေါင်းအလေးချိန် ၃၂၇ ဒသမ ၅၂၈ရမ်၊ ကာလတန်ဖိုးငွေကျပ် ၂၆၂ သိန်းကျော် ဖမ်းဆီးရမိခဲ့သည်။ ကျော်လင်းထွန်း(ခ)အငယ်ကောင်နှင့်ဇနီး မစန္ဒီထွန်းတို့အား စစ်ဆေးမေးမြန်းရာ အဆိုပါ မူးယစ်ဆေးများကို ဝင်းအေး(ခ)အာဒစ်ဆိုသူက လွန်ခဲ့သောတစ်လခန့်က ချက်ပလက်ယာဉ်ဖြင့် လာရောက်ပို့ပေးကြောင်း စစ်ဆေးသိရှိခဲ့ရသည်။

ထို့နောက် ဝင်းအေး(ခ)အာဒစ်အား စုံစမ်းရှာဖွေရာ ယင်းနေ့ ည ၁၁ နာရီခန့်က အ.ထ.ကကျောင်း သီရိရတနာလမ်းတွင် ISUZUယာဉ်ပေါ်၌ ဝင်းအေး(ခ)အာဒစ်ဆိုသူကို ယာဉ်မောင်း စောထူးကိုနှင့် အချွန်းလ် (ထိုင်းနိုင်ငံသား)တို့နှစ်ဦးနှင့်အတူ တွေ့ရှိရသဖြင့် ရဲစခန်းသို့ ခေါ်ဆောင်ပြီး ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၅၂၅၂ပြား၊ အိုက်စ် တစ်ကီလိုဂရမ်နှင့် အိုက်စ်အကြေမှုန့် သုံးဂရမ်ခန့်၊ ကာလတန်ဖိုး ငွေကျပ် ၈၀၂ သိန်းကျော်၊ ဆမ်ဆောင်း J2 Prime ဖုန်းတစ်လုံး၊ မူးယစ်ရောင်းချရသည့် ငွေစက္ကူရေရာ ၁၁၉၁၀၀၊ ထိုင်းငွေရေရာ၂၅၀၀ ဘတ် စုစုပေါင်းတန်ဖိုး ငွေ ကျပ် ၁၂၂၃ သိန်းကျော်ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ယာဉ်မောင်း စောထူး ကို၏ ခါး၌ BERETTA made in Italy စာတန်းပါ ကိုးမမ ပစ္စတို တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ကျည် ၁၆ တောင့်



တို့အား တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ထို့နောက် ဝင်းအေး(ခ)အာဒစ်၏ ထွက်ဆိုချက်အရ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချရာတွင် အသုံးပြုသည့် ထိုင်းအက္ခရာ ၆၄၄ ချက်ပလက် အမျိုးအစားယာဉ်မှာ ဘုရားသုံးဆူမြို့ အမှတ်(၂)ရပ်ကွက် ဥဒေါင်းကန်အနီးရှိ (အာနိုး) ရေဆေးခုံတွင် သွားရောက်ရေဆေးထားကြောင်း သိရှိရသဖြင့် ယင်းနေ့ ည ၁၁ နာရီ ၄၅ မိနစ်က ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးများအား ရောင်းချ၊ ဖြန့်ဖြူးနေသူများဖြစ်သည့် ကျော်လင်းထွန်း(ခ) အငယ်ကောင်နှင့်ဇနီး မစန္ဒီထွန်း၊ ဝင်းအေး (ခ)အာဒစ်၊ စောထူးကိုနှင့် အချွန်းလ်တို့ငါးဦးအား ဘုရားသုံးဆူနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်သူဟိန်း(ပြန်/ဆက်)**

# မိုးကောင်းမြို့၌ မူးယစ်တရားခံပြေးတစ်ဦးအား တူမီးသေနတ်တစ်လက်နှင့်အတူ ဖမ်းမိ

**မိုးကောင်း ဩဂုတ် ၂၂**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဩဂုတ် ၂၂ရက် နံနက် ၆ နာရီက မူးယစ်ဆေးဝါးပုဒ်မဖြင့် ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေးတစ်ဦးအား တူမီးသေနတ်တစ်လက်နှင့်အတူ တောတွင်း၌ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ ရဲအုပ်သိန်းမြင့် ဦးစီးသည့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ဟိုပင်နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးပုဒ်မဖြင့် ဖမ်းဆီးရန် အလိုရှိနေသည့် တရားခံပြေးတစ်ဦးအား မိုးကောင်းမြို့နယ် ပြွန်သုံးလုံးကျေးရွာ၏ အနောက်မြောက်ဘက် ခါးတုံးကွင်း (ဒေသအခေါ်)တောတွင်း၌ မူးယစ်ဆေးဝါးများရောင်းချနေသည့် သတင်းအရ ရှောင်တခင် ဝင်ရောက်ဖမ်းဆီးရာ မူးယစ်တရားခံပြေး အေးဝင်း(ခ)သစ်မွှေး (၄၁ နှစ်)အား ၎င်း၏ဇနီးဖြစ်သူ ဒေါ်အုန်းမြင့်(ခ)ဒေါ်ခင်အုန်းမြင့်(၃၇ နှစ်)နှင့်အတူ တောတွင်းပုန်းအောင်းရာ တဲ၌ တွေ့ရှိဖမ်းဆီးရမိသည်။

အဆိုပါနေရာကို ဆက်လက်ရှာဖွေစစ်ဆေးရာ ဘိန်းချက်လုပ်ရာတွင် အသုံးပြုသော ဘိန်းဖျော်ရည် ၀ ဒသမ ၄ လီတာခန့်ပါတစ်ဘူး၊ တော်ပါအရည်တစ်ဘူး၊ဘိန်းဆီ တစ်ဂရမ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ အရှည် သုံးပေ ငါးလက်မရှိသစ်သားကိုယ်ထည်တပ်ဆင်ထားသည့် တူမီးသေနတ်တစ်လက်၊ ယင်းယမ်းကတ် ငါးကတ်၊ ခဲတောင့်ခြောက်တောင့်နှင့်အတူ မူးယစ်ဆေးဝါးရောင်းချရရှိငွေကျပ် သိန်း ၈၀၊ ကိုရိုလာဗင် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်တရားခံပြေး အေးဝင်း(ခ)သစ်မွှေးနှင့် ဒေါ်အုန်းမြင့်(ခ) ဒေါ်ခင်အုန်းမြင့်တို့နှစ်ဦးအား မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကသာ၊ မန္တလေး၊ ရန်ကုန်နှင့် လားရှိုးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂၂**

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာ ကသာ-အင်းတော်သွား ကားလမ်း မီးရထားသံလမ်းကူးအနီးတွင် ခင်မောင်ဇော်(ခ)မောင်ဇော် မောင်းနှင်ပြီး ကျော်ဇင်ထွန်း(ခ)အငယ် လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၀ ရက် ည ၁၀ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက် (၂)၊ ၆၂ လမ်း ၄၂ လမ်းနှင့် ၄၃ လမ်းကြား မနော်ရမ္မ ကလေးကစားကွင်းရှေ့တွင် ဟန်ထွန်းဦး(ခ)မဲကြီးနှင့် မစောယုမွန်(ခ)အငယ်မတို့အားရှာဖွေရာ ဟန်ထွန်းဦး(ခ)မဲကြီး၏ မီးအားထိန်းစက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ဩဂုတ် ၂၁ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးထောင့်ကန်လမ်း စူပါဝမ်းစင်တာရှိ ကားပါကင်အနီး၌ နောင်နောင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀ ၊ အိုက်စ် လေးဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ-၂၉ ရပ်ကွက် ကောက်လျှင်လမ်းရှိ လင်းမြင့်အောင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၄၀ ၊ အိုက်စ် ၄၃ ဂရမ်၊ အက်တောစီဆေး ၁၆၈ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-တန့်ယန်းသွားလမ်း သတ္တုစက်ရုံအနီးတွင် ခရီးသည်တင်မော်တော်ယာဉ် ရောက်ရှိလာ၍ ရှာဖွေရာ ခရီးသည် မနန်းလုခင်(ခ)မအေးဆွေခင်ထံမှ ဘိန်းစိမ်း ခြောက်ကီလိုနှင့် မနန်းစမ်၏ လက်ဆွဲအိတ်အတွင်းမှ ဘိန်းစိမ်း သုံးကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဗန်းမော်မြို့၌ ရေမြောင်းကွန်ကရစ်အုတ်နံရံပြိုကျပိမိ၍ နှစ်ဦးသေဆုံး

**ဗန်းမော် ဩဂုတ် ၂၂**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဩဂုတ် ၂၁ ရက် နံနက် ၁၁ နာရီခွဲခန့်က ရေမြောင်းကွန်ကရစ်အုတ်နံရံပြိုကျပိမိ၍ နှစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်မြို့၌ နေထိုင်ကြသည့် ဇော်ဇော် (၂၈ နှစ်)နှင့် ရဲရင့်ဇော် (၁၆ နှစ်)တို့ နှစ်ဦးသည် သီဟနေဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေသော မင်းကုန်းရပ်ကွက် လက်ဝဲသုန္ဒရလမ်း အိမ်အမှတ် မက/၄၅ နှင့် မက/၄၆ နေအိမ်အကြားရှိ ရေဆိုးမြောင်း ကွန်ကရစ်နံရံအား ပြုပြင်ဆောက်လုပ်နေစဉ် အမြင့် ငါးပေ၊ အရှည် ၂၄ ပေ၊ ထု ကိုးလက်မခန့်ရှိ မြောင်းကွန်ကရစ် အုတ်နံရံပြိုကျပိမိသဖြင့် ဒဏ်ရာများရရှိ၍ သေဆုံးခဲ့ကြကြောင်း သိရသည်။ အဆိုပါ အမျိုးသားနှစ်ဦး သေဆုံးမှုနှင့်ပတ်သက်၍ မြို့မရဲစခန်းမှ သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**ဆီမီးခုံ -နန်းရီ**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ အကောက်ခွန်မဲ့ သကြားအိတ်များဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၅၄ စီး၊ သွင်းကုန် ၆၀၆ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှုခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၄၁ သန်းခန့် စုစုပေါင်းတားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၄၁ သန်း ခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၁ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင် လှည့်ကင်းသွားရောက်စစ်ဆေးရာ ပျဉ်းကတိုးကုန်းကျေးရွာအနီး ရှောင်ကွင်းလမ်းဘေး၌ စုပုံထားသည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ သကြားအိတ် (၅၀ ကီလို) ၄၃ အိတ် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၇၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တကောင်းနီကယ်စက်ရုံရှေ့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တကောင်း ဩဂုတ် ၂၂**

တကောင်းမြို့နယ်ခွဲ တကောင်းတောင် နီကယ်စီမံကိန်းလုံခြုံရေးရုံးရှေ့ ကားလမ်းမ၌ ဆိုင်ကယ်စီးလာသူတစ်ဦးထံမှ ငွေကျပ် ၁၇ သိန်းကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း တကောင်းနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ရက်က တကောင်းနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်ကျော်စွာလင်းနှင့်အဖွဲ့သည် တကောင်းမြို့နယ်ခွဲ အင်းနက်အုပ်စု မြိုင်သာယာရွာ တကောင်းတောင်နီကယ်စီမံကိန်း လုံခြုံရေးရုံးရှေ့ ကားလမ်းမ၌ စောင့်ဆိုင်းနေစဉ် ထီးချိုင့်မြို့နယ်ဘက်မှ MIKKO - 125 ဆိုင်ကယ်စီးနင်းလာသူ သူရိန်လင်း (၂၄ နှစ်)ကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၇ ပြား ကာလတန်ဖိုးငွေကျပ် ၁၇၉၁၀၀၀ ခန့်နှင့် ဘိန်းဖြူအမှုန့် ၀ ဒသမ၂ ဂရမ် ကာလ တန်ဖိုးငွေကျပ် ၂၀၀၀၀ ခန့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

၎င်းအားစစ်မေးရာ ထီးချိုင့်မြို့နယ် တုံလုံရွာမြောက်ဘက် ကျွန်းတောသို့ သွားရောက်၍ (၄၀ နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးထံမှ မူးယစ်ဆေးဝါးများအား ဝယ်ယူခဲ့ပြီး နီကယ်တောင်ကွက်သစ်တွင် ပြန်လည်ရောင်းချရန်နှင့် ကိုယ်တိုင်သုံးစွဲရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ကျောက်တူးနီကယ်တောင် ကွက်သစ်မြိုင်သာယာရွာနေ သူရိန်လင်း (၂၄နှစ်) အား တကောင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

# တောင်နှင့်မြောက်ကိုရီးယားမိသားစုဝင်များ တွေ့ဆုံမှုသည် ယခုအကြိမ်မှာ နောက်ဆုံးဖြစ်နိုင်




**ဆိုးလ် ဩဂုတ် ၂၂**

ဆယ်စုနှစ်ခုနှစ်ခုကျော်ကြာ ဝေးကွာနေခဲ့သော တောင်နှင့်မြောက်ကိုရီးယားမှ မိသားစုဝင်များသည် ဗုဒ္ဓဟူးနေ့တွင် တွေ့ဆုံခဲ့ကြရာ ၎င်းတို့၏ အသက်အရွယ်ကို ထည့်သွင်းစဉ်းစားလျှင် ယခုတစ်ကြိမ်တွေ့ဆုံမှုမှာ နောက်ဆုံးအကြိမ်ဖြစ်နိုင်သည်။

၁၉၅၀-၁၉၅၃ ကိုရီးယားစစ်ပွဲကာလအတွင်း လူပေါင်းသန်းနှင့်ချီ၍ ကွဲကွာသွားခဲ့ရပြီး ကိုရီးယားကျွန်းဆွယ်ကိုနှစ်ခြမ်းကွဲသွားစေခဲ့ရာ ညီအစ်ကိုမောင်နှမများ၊ မိဘနှင့်သားသမီးများ၊ ဇနီးမောင်နှံအချင်းချင်း အဆက်အသွယ်ပြတ်တောက်ကာ ကွဲသွားခဲ့ရသည်။

နှစ်ကာလကြာရှည်လာသည့်အခါ အချို့မှာသေဆုံးသွားခဲ့ကြပြီး ယခုအခါ မြောက်ကိုရီးယားရှိမိသားစုဝင်များနှင့် တွေ့ဆုံရန်စာရင်းပေးထားသည့် တောင်ကိုရီးယားမိသားစုဝင်များမှာ ခြောက်သောင်းခန့်သာ အသက်ရှင်ကျန်ရစ်တော့သည်။ ယခုနှစ်အတွင်းတွေ့ဆုံမှုမှာ သုံးနှစ်အတွင်း ပထမဦးဆုံးအကြိမ်တွေ့ဆုံမှုပင်ဖြစ်သည်။

အသက်ရှင်ကျန်ရစ်နေသည့် မိသားစုဝင်များမှာ ကံကောင်းထောက်မစွာပင် တွေ့ဆုံခွင့်ရခဲ့ပြီး မိသားစုပေါင်း ၈၉ စု တွေ့ဆုံခဲ့ကြကြောင်း ယခုသီတင်းပတ်နှောင်းပိုင်းတွင်လည်း ကျန်ရှိနေသေးသောမိသားစုများထပ်မံတွေ့ဆုံရန်ရှိကြောင်း ဗုဒ္ဓဟူးနေ့က ပြုလုပ်သောတွေ့ဆုံပွဲ၌ နှုတ်ဆက်ပွဲမတိုင်မီ အသက် ၈၈ နှစ်အရွယ် တောင်ကိုရီးယားနိုင်ငံသား ကင်ဘရောင်းအိုသည် ၎င်း၏ညီမဖြစ်သူနှင့် တွေ့ဆုံခွင့်ရသည့်အခါ ရှိုက်ကြီးတငင် ငိုယိုခဲ့သည်။

"အစ်ကိုမငိုပါနဲ့မငိုပါနဲ့" ဟု ညီမဖြစ်သူကနှစ်သိမ့်ပေးခဲ့ပြီး သူကိုယ်တိုင်လည်း မျက်ရည်များကျနေခဲ့သည်။ တစ်ဦးလက်ကို တစ်ဦးဆုပ်ကိုင်ထားကြပြီး ၁၀ မိနစ် ခန့် စကားမပြောနိုင်ခဲ့ကြပေ။ ဘရောင်အို၏ သားဖြစ်သူက ၎င်း၏ဖခင်ဖြစ်သူမှာ ယခုကဲ့သို့ငိုလိမ့်မည်ကို မသိခဲ့ဟုပြောခဲ့သည်။

တောင်ကိုရီးယားလူမျိုးဖြစ်သူ အသက် ၇၇ နှစ်အရွယ် လီဆွန်နန်ကလည်း သူ၏အစ်ကိုဖြစ်သူ ဘေးနားထိုင်ကာ အစ်ကိုဖြစ်သူ၏ သားထံ တူတူမ၊သားသမီးများ၊ မွေးချင်းမောင်နှမများ၊ ကလေးငယ်များအမည်များကိုချရေးခိုင်းခဲ့သည်။ "ကျွန်တော်အသက်ရှင်တုန်းလေး သူတို့နာမည်လေးကို မှတ်မိချင်လို့ပါ" ဟု အသက် ၇၇ နှစ်အရွယ် လီကပြောသည်။

**အေအက်ဖ်ပီ**

## အီတလီတောင်ကြားတွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ ၁၀ ဦးထက်မနည်း သေဆုံး

**ရိုးမား ဩဂုတ် ၂၂**

အီတလီနိုင်ငံတောင်ပိုင်း ကာလာဘရီယာတောင်ကြားဒေသတွင် မကြာသေးမီက ရုတ်တရက်မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ တောင်ကြားဒေသရှိ တောင်တက်ဝါသနာရှင် ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ရေကြီးမြေပြိုမှု ဖြစ်ပွားချိန်တွင် တောင်ကြားဒေသ၌ လူပေါင်း ၃၆ ဦးပါဝင်သည့် တောင်တက်သမားအဖွဲ့နှစ်ဖွဲ့ ရှိကြောင်း၊ ကျောက်တုံး၊ ကျောက်ခဲများရောပါနေသည့် ရုတ်တရက်ရေကြီးမြေပြိုမှုများကြောင့် တောင်တက်သမားများတိမ်းရှောင်ချိန်မရလိုက်ဘဲ ယခုကဲ့သို့ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ တောင်တက်သမားအဖွဲ့ နှစ်ဖွဲ့အနက် ၁၆ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ခြောက်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာအလွန်ပြင်းထန်သူများကို ရဟတ်ယာဉ်ဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ သေဆုံးသူများမှာ မည်သည့်နိုင်ငံက ဖြစ်သည်ကို မသိရသေးကြောင်းနှင့် သေဆုံးသူအများစုမှာ အီတလီနိုင်ငံသားများဖြစ်ကြောင်း အများစုက ပြောခဲ့သည်။




အခင်းဖြစ်ပွားချိန်တွင် တောင်ကြားဒေသအတွင်း နာရီပေါင်းအနည်းငယ်လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားသည့် တောင်ကြားဒေသ၏ မြေအနေအထားမှာ လွန်စွာအန္တရာယ်များသည့် ဒေသတစ်ခုဖြစ်ပြီး နှစ်စဉ်အချိန်အတိုင်းအတာ တစ်ခုအတွင်း ဝင်ရောက်ခြင်းကို ကန့်သတ်ထားကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် တောင်ကြားဒေသသို့ ဝါရင့်တောင်တက်သမားများသာ ဝင်ရောက်ရန်အကြံပြုထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ထိုင်းနိုင်ငံအလယ်ပိုင်း အဓိကဆည်တစ်ခု ရေလျှံပြီး ရေကြီးမှုဖြစ်နိုင်ကြောင်း တာဝန်ရှိသူများပြောကြား

**ဗန်ကောက် ဩဂုတ် ၂၂**

ထိုင်းနိုင်ငံအလယ်ပိုင်း ပက်ချ်ဘူရီပြည်နယ်ရှိ အဓိကဆည်တစ်ခုသည် ဩဂုတ် ၂၂ ရက်နေ့လယ်ပိုင်းက ရေလျှံလာနိုင်မည်ဟု ခန့်မှန်းရပြီး ထိုမှတစ်ဆင့် ရေကြီးမှုဖြစ်ပေါ်လာနိုင်ကြောင်း တာဝန်ရှိသူများက မကြာသေးမီက ပြောခဲ့သည်။

ကန်ကာရာချန်ဆည်သည် လက်ရှိတွင် ရေပမာဏ ၇၇၇ သန်း ကုဗမီတာကို ယင်းသိုလှောင်နိုင်သော ပမာဏ၏ ၁၀၉ ရာခိုင်နှုန်း သိမ်းဆည်းထားပြီး ၁၀ နှစ်တာကာလအတွင်း ရေပမာဏအများဆုံးဖြစ်ကာ တစ်စက္ကန့်လျှင် ၂၈၆ ကုဗမီတာနှုန်းဖြင့် ရေများ ရေပိုလွှဲမှ လွှတ်နေကြောင်း သိရသည်။

ထိုသို့ ရေများလွှတ်မှုကြောင့် ပက်ချ်ဘူရီမြစ်ကမ်းပါးဒေသတွင် ရေကြီးလာနိုင်ပြီး ဩဂုတ် ၂၂ ရက်တွင် ပက်ချ်ဘူရီမြို့တွင် ရေကြီးနိုင်ကြောင်း ပြည်နယ်ဆိုင်ရာ ဆည်မြောင်းစီမံကိန်းညွှန်ကြားရေးမှူး ဆန့်ဂျွန်ချာရွမ်းက ဩဂုတ် ၂၁ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

၎င်းက ဆည်၏ ရေပိုလွှဲအပေါက်တွင် ဩဂုတ် ၂၁ ရက်နံနက်ပိုင်းက စီးဆင်းနေသော ရေအမြင့်သည် ၁ ဒသမ ၄၄ မီတာရှိကြောင်း ပြောခဲ့သည်။ ဆည်မြောင်းဦးစီးဌာနက မြို့အတွင်းတွင် ငါးရက်မှ ခုနစ်ရက်အထိရေကြီးနိုင်ပြီး ရေအမြင့် ၁၀ စင်တီမီတာမှ ၂၀ စင်တီမီတာအထိရှိနိုင်ကြောင်း ခန့်မှန်းပြောကြားခဲ့သည်။

မြစ်အနီးတည်ဆောက်ထားသော အပန်းဖြေဟိုတယ်အလုံး ၅၀ နီးပါး ရေမြုပ်ကုန်သဖြင့် မြစ်ရေမြင့်တက်မှု ကျဆင်းအောင် လုပ်ဆောင်ရန် ပြည်နယ်ဆိုင်ရာ အာဏာပိုင်များက တောင်းဆိုထားကြောင်းသိရသည်။

အခြားပြည်နယ် ရှစ်ခုဖြစ်သည့် ဘန်ကန်၊ ဆာခွန်နာခွန်၊ ချန်သာဘူရီ၊ ထရတ်၊ ရာနွန်၊ ခရာဘီ၊ ထရန်နှင့် ဆာတမ်ပြည်နယ်များတွင်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်လာနိုင်သဖြင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ဗင်နီဇွဲလားအရှေ့မြောက်ကမ်းရိုးတန်းတွင် အင်အားပြင်းငလျင်တစ်ခုလှုပ်

**ကာရာကပ်စ် ဩဂုတ် ၂၂**

ဗင်နီဇွဲလားနိုင်ငံ အရှေ့မြောက်ကမ်းရိုးတန်းတွင် ဩဂုတ် ၂၁ ရက်က ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ ထိခိုက်သေဆုံးသူ ရှိမရှိ မသိရသေးကြောင်း သိရသည်။ ဗင်နီဇွဲလား ငလျင်သုတေသနဖောင်ဒေးရှင်းက ဒေသစံတော်ချိန် ညနေ ၅ နာရီ ၃၁မိနစ်တွင် ဆူခရီပြည်နယ် ရာဂူရာပါရိုမြို့၏ အရှေ့တောင်ဘက် ၁၉ ကီလိုမီတာကို ဗဟိုပြုကာ ငလျင်လှုပ်ခဲ့ကြောင်း ပြောသည်။

ငလျင်ဒဏ်ကို အနီးဝန်းကျင်ဒေသများဖြစ်သော နူဗာအက်စ်ပါတာ၊ မိုနာဂါတ်၊ ဘိုလီဗာ၊ ဒယ်လ်တာ၊ အမာဂူရို၊ အရာဂူအာနှင့် ကာရာဘိုဘို စသည့်ပြည်နယ်များတွင်လည်း ခံစားခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး နက်စ်တော်ရီဗာရိုးက ပြောခဲ့သည်။

မြို့တော်ရှိ အဆောက်အအုံများတွင် နေထိုင်ကြသူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် တိုက်တွန်းထားကြောင်း သိရသည်။ အဆိုပါ အင်အားပြင်းငလျင်ကြောင့် နံရံများ၊ လမ်းများပျက်စီးခဲ့ပြီး အိမ်နီးချင်းထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံများ အပြင် ကိုလံဘီယာနိုင်ငံမြို့တော် ဘိုဂိုတာမှပင် ငလျင်ဒဏ်ကို သိရှိခဲ့ရသလို ဘိုဂိုတာနိုင်ငံတကာလေဆိပ်ကိုလည်း ယာယီပိတ်ထားရကြောင်း သိရသည်။ အမေရိကန်နိုင်ငံ ပစိဖိတ်ဆူနာမီသတိပေးချက်စင်တာက ဆူနာမီဖြစ်နိုင်ကြောင်း အစောပိုင်းက သတိပေးခဲ့သော်လည်း နောက်ပိုင်းတွင် ငလျင်ကြောင့် ဆူနာမီခြိမ်းခြောက်မှုမဖြစ်နိုင်ကြောင်း ပြန်လည်ပြောခဲ့သည်။ ယခုအချိန်အထိသေဆုံးသူစာရင်းကို မသိရသေးဟု ဝန်ကြီးက ရုပ်မြင်သံကြားမှ တစ်ဆင့်ပြောကြားခဲ့သည်။

လတ်တလောတွင် မည်သည့်ပျက်စီးမှုမဆို အနီးကပ်စောင့်ကြည့်နေကြောင်း ပြောခဲ့သည်။ အားလုံးငြိမ်းငြိမ်းချမ်းချမ်းနဲ့ စိတ်ရှည်ရှည်ရှိကြဖို့ တိုက်တွန်းကြောင်း ရီဗာရိုးလ်က ဆိုသည်။ ဗင်နီဇွဲလားနိုင်ငံ ဗဟိုအစိုးရအနေဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့် အနီးကပ်ဆက်သွယ်ကာ လိုအပ်သော ညွှန်ကြားမှုများကို ကြိုးပမ်းဆောင်ရွက်နေကြောင်း ဝန်ကြီးက ဆိုသည်။

အမေရိကန်ဘူမိဗေဒတိုင်းတာရေး၏ ထုတ်ပြန်ချက်အရ ငလျင်မှာ ပြင်းအားရစ်ချ်စတာစကေး ၇ ဒသမ ၃ ရှိကြောင်း၊ မြေအောက်အနက် ၁၂၃ ကီလိုမီတာတွင် ဗဟိုပြုလှုပ်ခဲ့ကြောင်း သိရသည်။



ယခုလှုပ်ခဲ့သည့် ငလျင်မှာ ၁၉၀၀ ပြည့်နှစ်နောက်ပိုင်း လှုပ်ခတ်ခဲ့သည့် ငလျင်များအနက် အင်အား ပြင်းငလျင်တစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ထိုင်းရွေးကောက်ပွဲ လာမည့်နှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည်

**ဗန်ကောက် ဩဂုတ် ၂၂**

ထိုင်းနိုင်ငံသည် အထွေထွေရွေးကောက်ပွဲကို လာမည့် ဖေဖော်ဝါရီလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း ရွေးကောက်ပွဲမှာ အချိန်အတိုင်းအတာတစ်ခုအထိ ကြန့်ကြာနိုင်သေးကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာက ပြောကြားသည်။

ချန်ဖွန်ပြည်နယ် အစိုးရအစည်းအဝေးအပြီး ဝန်ကြီးချုပ်က အထွေထွေရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျင်းပရန် သတ်မှတ်ထားကြောင်း သတင်းထောက်များအား ပြောခဲ့သည်။

ဝန်ကြီးချုပ် ပရာယုချန်အိုချာဥက္ကဋ္ဌတာဝန်ယူထားသည့် ငြိမ်းချမ်းရေးနှင့် တရားဥပဒေထိန်းသိမ်းရေး အမျိုးသားကောင်စီမှ ချမှတ်ပြဋ္ဌာန်းထားသော နိုင်ငံရေးဆိုင်ရာတားမြစ်ချက်များနှင့် တားဆီးမှုများကို ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရေးအတွက် လာမည့်လတွင် ဖယ်ရှားပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိ ဦးဆောင်ပါတီများက စစ်ဘက်ဆိုင်ရာအုပ်ချုပ်ရေး အာဏာရှိသူများအား နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုလွတ်လပ်စွာဆောင်ရွက်နိုင်ရန် နိုင်ငံရေးတားဆီးမှုများအားလုံးနှင့် ပိတ်ဆို့ထားမှုများအားလုံး ဖယ်ရှားပေးရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ ပရာယုက ၎င်း၏အစိုးရ အဖွဲ့အစည်းအနေဖြင့် ချန်ဖွန်သို့ လာရောက်ခြင်းသည် နိုင်ငံရေးဆိုင်ရာ လုပ်ဆောင်ချက်မဟုတ်ကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**

### ဖမ်းဆီးခံထားရသည့် ကုမ္ပဏီ ဝန်ထမ်း ၂၉ ဦးကို တာလီဘန်တို့ ပြန်လွှတ်ပေး

**ကဘူးလ် ဩဂုတ် ၂၂**

တာလီဘန်စစ်သွေးကြွများသည် ကုရ်ဘာနီအီးဒ် ပွဲတော်ကာလအတွင်း အာဖဂန်နိုင်ငံတောင်ပိုင်း ပြည်နယ်ကန်ဒါဟာရှိ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ လုပ်သား ၂၉ ဦးကို ဖမ်းဆီးထားရာမှပြန်လွှတ်ပေးခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် ဒေသခံအာဏာပိုင်များက ပြောသည်။

ဖမ်းဆီးခံထားရသူများသည် ဇွန်လလယ်တွင် ဖမ်းဆီးခံထားရခြင်းဖြစ်ပြီး စစ်သွေးကြွခေါင်းဆောင်က ပြန်လွှတ်ပေးရန် အမိန့်ပေးခဲ့ခြင်း ဖြစ်သည်။ တာလီဘန်များသည် အာဖဂန်အစိုးရကမ်းလှမ်းထားသော အပစ်အခတ်ရပ်စဲရေးကို ပယ်ချခဲ့သည်။

**ဆင်ဟွာ**

# လာမယ့် အမေရိကန်ရွေးကောက်ပွဲမှာ ရုရှား ကြားဝင်နှောင့်ယှက်ဦးမှာလား

*တင်လင်းအောင်*

**ရုရှားအစိုးရရဲ့ဟက်ကာများဟာ အမေရိကန်ဉာဏ်ကြီးရှင်အဖွဲ့ရဲ့ ဝက်ဘ်ဆိုက်တွေကို အပိုင်စီးသိမ်းပိုက်ဖို့ ကြိုးစားခဲ့တယ်လို့ ဩဂုတ် ၂၁ ရက်က နာမည်ကြီးကွန်ပျူတာကုမ္ပဏီဖြစ်တဲ့ မိုက်ခရိုဆော့ဖ်က ပြောကြားလိုက်တဲ့အခါမှာတော့ အမေရိကန်နိုင်ငံရေးမှာ ခြေထိုးခဲ့တဲ့ ရုရှားနိုင်ငံရဲ့နည်းပရိယာယ်ကို သတိထားဖို့ အချက်ပြသလိုဖြစ်ခဲ့ပါတယ်။**




**ဒိုမိန်းအတုတွေ ပိတ်ခဲ့**

ရုရှားစုံစမ်း ထောက်လှမ်းရေးအေဂျင်စီက ထိန်းချုပ်ပြီး နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ Fancy Bear ကွန်ပျူတာအချက်အလက် ခိုးယူတဲ့ လုပ်ငန်းကို တည်ထောင်လည်ပတ်နေတဲ့ အင်တာနက်ဒိုမိန်းအတုခြောက်ခုကို လွန်ခဲ့တဲ့ရက်သတ္တပတ်က နည်းပညာကုမ္ပဏီဖြစ်တဲ့ မိုက်ခရိုဆော့ဖ်က ပိတ်ခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီကွန်ပျူတာ အချက်အလက်ခိုးယူတဲ့လုပ်ငန်းဟာ အမေရိကန်ဉာဏ်ကြီးရှင်အဖွဲ့နှစ်ဖွဲ့ရဲ့ ဝက်ဘ်ဆိုက်တွေနဲ့ အမေရိကန်အထက်လွှတ်တော်ရဲ့ဝက်ဘ်ဆိုက်စာမျက်နှာတွေကို အတုပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။

ဝက်ဘ်ဆိုက် အတုတွေဟာ အွန်လိုင်းအသုံးပြုသူတွေကို တကယ့်မှန်ကန်တဲ့ ဝက်ဘ်ဆိုက်စာမျက်နှာမှ အာရုံပြောင်း၊ လမ်းကြောင်းပြောင်းဖို့ကို အဓိကရည်ရွယ်တယ်လို့သိရပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အသုံးပြုမိသူတွေရဲ့ အီးမေးလ်နဲ့ လျှို့ဝှက်ကုတ်တွေကိုလည်း တိတ်တဆိတ်မှတ်သားထားတယ်လို့ မိုက်ခရိုဆော့ဖ်က ဆိုပါတယ်။

**အချက်အလက် ခိုးယူမှု တွင်ကျယ်လာ**

၂၀၁၆ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲမှာ အမတ်လောင်းတွေနဲ့ သူတို့ရဲ့စည်းရုံးလှုံ့ဆော်မှုတွေ၊ နိုင်ငံရေးပါတီတွေ၊ မဲစနစ်တွေကို ပစ်မှတ်ထားဆောင်ရွက်မှု စတင်ခဲ့တဲ့ Fancy Bear ကွန်ပျူတာအချက်အလက်ခိုးယူတဲ့ဆောင်ရွက်မှုတွေဟာ ယခုအခါမှာတော့ ပိုမိုတွင်ကျယ်လာခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီလို အချက်အလက်တွေကို ကြည့်ခြင်းအားဖြင့် ရုရှားဟာ လာမယ့်နိုဝင်ဘာလမှာ ကျင်းပမယ့် အမေရိကန်ရွေးကောက်ပွဲမှာ ဝင်ရောက်နှောင့်ယှက်ဦးမှာလားဆိုတဲ့ စိုးရိမ်မှုတွေ မြင့်တက်စေခဲ့ပါတယ်။ မိုက်ခရိုဆော့ဖ်အပါအဝင် ဆိုက်ဘာလုံခြုံရေး အတိုင်ပင်ခံတွေဟာ အမတ်လောင်းတစ်ဦးတစ်ယောက်ချင်းစီရဲ့ဝါဒဖြန့်စည်းရုံးလှုံ့ဆော်မှုတွေကို ထိုးဖောက်တိုက်ခိုက်ဖို့ အကြိမ်ပေါင်းများစွာ ကြိုးစားထားတာကို ဖော်ထုတ်ပေးခဲ့ပါတယ်။

**စိုးရိမ်ပူပန်မိ**

အခုလိုမျိုး ဆောင်ရွက်မှုတွေနဲ့ အခြားလုပ်ဆောင်ချက်တွေဟာ လာမယ့် ၂၀၁၈ ခုနှစ်ရွေးကောက်ပွဲမှာ အမေရိကန်နိုင်ငံရေးပါတီတွေနဲ့ ပတ်သက်ပြီး လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေဖြစ်လာမလားဆိုတာ ကျွန်တော်တို့ စိုးရိမ်ပူပန်မိပါတယ်လို့ မိုက်ခရိုဆော့ဖ် ဥက္ကဋ္ဌ ဘရတ်စမစ်က သူ့ရဲ့ ဘလော့စာမျက်နှာမှာ ရေးသားခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဒီမိုကရေစီဟာ တိုက်ခိုက်ခံနေရပြီဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေတာပဲလို့ မိုက်ခရိုဆော့ဖ်ဥက္ကဋ္ဌ ဘရတ်စမစ်က ဆက်လက်ပြောကြားခဲ့ပါတယ်။

**ကာကွယ်မှုတွေ အဆင့်မြှင့်**

ရုရှားနိုင်ငံက ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပြိုင်ပွဲမှာ နက်ရှိုင်းစွာ ပါဝင်ပတ်သက်ပြီးနောက် အမေရိကန်နိုင်ငံရေး အဖွဲ့အစည်းတွေနဲ့ အစိုးရအေဂျင်စီတွေဟာ အချက်အလက်ခိုးယူခြင်းနဲ့ ဆိုရှယ်မီဒီယာအသုံးပြုကြိုးကိုင်ခြယ်လှယ်ခြင်းတွေကို ဆန့်ကျင်တားဆီးဖို့ သူတို့ရဲ့ ကာကွယ်မှုတွေကို အဆင့်မြှင့်တင်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

**အတော်လေးခရီးပေါက်ခဲ့**

ရုရှားသမ္မတ ဗလာဒီမာပူတင်ဟာ ရုရှားစုံစမ်းထောက်လှမ်းရေး အေဂျင်စီနဲ့ အခြားစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဖက်ဒရယ်လုံခြုံရေးအဖွဲ့တို့ရဲ့ ဒီမိုကရက်တစ်ပါတီနဲ့ ဒီမိုကရက်ဟီလာရီကလင်တန်ရဲ့ ကွန်ပျူတာထဲကို ထိုးဖောက်ဝင်ရောက်ပြီး အိမ်ဖြူတော်နေရာလုပ်ပွဲကို နှောင့်ယှက်တဲ့ လုပ်ဆောင်မှုကို ဦးဆောင်ခဲ့တယ်လို့ အမေရိကန်စုံစမ်းထောက်လှမ်းရေးအကြီးအကဲက ပြောပါတယ်။ အဲဒီ လုပ်ဆောင်ချက်ဟာ အတော်လေး ခရီးပေါက်ခဲ့တယ်လို့လည်း ဆိုပါတယ်။

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ကွန်ပျူတာအချက်အလက်တွေ ဖောက်ထွင်းရယူခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးသူရောဘတ်မူလာဟာ ရုရှားစုံစမ်းထောက်လှမ်းရေးအေဂျင်စီမှ အေးဂျင့် ၁၂ ဦးကို စွဲချက်တင်မှုနဲ့ ပတ်သက်ပြီး ဇူလိုင်လမှာ ရုရှားက ကြားဝင်နှောင့်ယှက်ခဲ့ပါတယ်။

**အနောက်ဥရောပနိုင်ငံရေးမှာ နှောင့်ယှက်**

ထို့အတူပဲ ရုရှားစုံစမ်းထောက်လှမ်းရေးအေဂျင်စီဟာ လွန်ခဲ့တဲ့သုံးနှစ်က အနောက်ဥရောပနိုင်ငံတွေဖြစ်တဲ့ ဆွီဒင်၊ ဂျာမနီ၊ ပြင်သစ်နဲ့ နယ်သာလန်နိုင်ငံတွေရဲ့နိုင်ငံရေးတွေမှာ ဝင်ရောက်နှောင့်ယှက်တဲ့ မှတ်တမ်းမှတ်ရာတွေ ရှိခဲ့ပြီးတော့ အဲဒီအပေါ်မှာ အနောက်ဥရောပနိုင်ငံတွေကလည်း မကျေနပ်ဘဲ ပြန်လည်တုံ့ပြန်မှုတွေ လုပ်ဖို့တောင် စီစဉ်ခဲ့တယ်လို့ သိရပါတယ်။

**ပစ်မှတ်ထားတိုက်ခိုက်**

Fancy Bear ကွန်ပျူတာ အချက်အလက်ခိုးယူတဲ့ ဆောင်ရွက်မှုဟာ အမေရိကန်ဉာဏ်ကြီးရှင်အဖွဲ့တစ်ဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်နေတယ်လို့ မိုက်ခရိုဆော့ဖ်က ပြောခဲ့ပါတယ်။ အဆိုပါ အမေရိကန်ဉာဏ်ကြီးရှင်အဖွဲ့ဟာ အပြည်ပြည်ဆိုင်ရာ ရီပတ်ဘလစ်ကန်အင်စတီကျုတစ်ခု ဖြစ်ပါတယ်။

အဲဒီအင်စတီကျုဟာ ဒီမိုကရက်တစ်စည်းမျဉ်းစည်းကမ်းတွေကို မြှင့်တင်နေတဲ့အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး အဲဒီအဖွဲ့ထဲမှာ ရီပတ်ဘလစ်ကန်အမတ် ဂျွန်မက်ကိန်း ပါဝင်ကြောင်းသိရပြီး ဂျွန်မက်ကိန်းဟာ ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ပြစ်ပြစ်နှစ်နှစ်ဝေဖန်တဲ့ သူတစ်ယောက်လည်း ဖြစ်ပါတယ်။

တခြားအမေရိကန် ဉာဏ်ကြီးရှင်အဖွဲ့တစ်ဖွဲ့ကတော့ ဟုဒ်ဆန်အင်စတီကျုဖြစ်ပြီး အဲဒီအဖွဲ့ဟာ ရုရှားကို စီးပွားရေးနဲ့ နိုင်ငံရေးဆိုင်ရာ ဖိအားတွေပေးတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး နေတိုးရဲ့အင်အားကို ကြီးထွားအောင်လုပ်တဲ့ အဖွဲ့လည်း ဖြစ်ပါတယ်။

**ရုရှားက ရန်အလိုဆုံး**

လွန်ခဲ့တဲ့လက အမေရိကန်အမျိုးသားစုံစမ်းထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဒန်ကုဒ်က ဟုဒ်ဆန်အင်စတီကျုမှာ ဘာပြောခဲ့လဲဆိုတော့ ဆိုက်ဘာခြိမ်းခြောက်မှုအားလုံးမှာ ရုရှားကတော့ တကယ့်ကို ရန်အလိုဆုံးလို့ ပြောခဲ့ပါတယ်။

ရုရှားနိုင်ငံဟာ အမေရိကန်နိုင်ငံရဲ့ဒီမိုကရေစီကို တိုက်ခိုက်ဖို့ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို ဆက်လက်လုပ်ဆောင်ဦးမှာပဲလို့ သူက ဆက်လက်ပြီးတော့ ပြောခဲ့ပါတယ်။

ရုရှား စုံစမ်းထောက်လှမ်းရေး အေဂျင်စီဟာ အမေရိကန် လွှတ်တော်ကို တိုက်ခိုက်ဖို့ အင်တာနက် ဒိုမိန်းအတုကို ဖန်တီးခဲ့တယ်လို့ မိုက်ခရိုဆော့ဖ်က ပြောခဲ့ပါတယ်။

မိုက်ခရိုဆော့ဖ်ဟာ ဝက်ဘ်ဆိုက်ခြောက်ခုကိုပိတ်ဖို့ တရားရုံးရဲ့ အမိန့်တစ်ရပ် ရရှိခဲ့ပါတယ်။ အဲဒီထဲမှာ Fancy Bear က တည်ထောင်ခဲ့တဲ့ ဆိုက်အတု ၈၄ ခု ပါဝင်ခဲ့တယ်လို့ သိရပါတယ်။

မကြာသေးမီက ဖြစ်ခဲ့တဲ့ကိစ္စမှာ မိုက်ခရိုဆော့ဖ်က အောင်မြင်တဲ့ ကွန်ပျူတာအချက်အလက် ခိုးယူတိုက်ခိုက်မှုတွေမှာ ဒိုမိန်းအတုတွေ အသုံးပြုခဲ့တဲ့အပေါ် သက်သေအထောက်အထားတွေ မရှိသေးကြောင်း ပြောခဲ့သလို မည်သူ့ကို အတိအကျဦးတည်ကြောင်းလည်း မသိရသေးကြောင်း ပြောခဲ့ပါတယ်။

**ဆန့်ကျင်တဲ့သူတွေ တိုက်ခိုက်ဖို့ရည်ရွယ်**

ကျွမ်းကျင်သူတွေကတော့ ရုရှားသမ္မတဗလာဒီမာပူတင်ကို ဆန့်ကျင်တဲ့သူတွေကို တိုက်ခိုက်ဖို့ ရည်ရွယ်တယ်လို့ ပြောခဲ့ပါတယ်။

ရုရှားဟာ ပါတီ၊ ဂိုဏ်းဂဏကွဲပြားအောင် တိုက်ခိုက်ခြင်းမဟုတ်ဘဲ သူတို့နိုင်ငံရဲ့ အကျိုးအမြတ်အတွက် တိုက်ခိုက်ခြင်းဖြစ်တယ်လို့ ဟားဗတ်တက္ကသိုလ်မှ ဒစ်ဂျစ်တယ် ဒီမိုကရေစီ အစီအစဉ်ကာကွယ်ရေး ညွှန်ကြားရေးမှူး အဲရစ်ရိုဆန်ဘတ်ချ်က ဆိုပါတယ်။

ကရင်မလင်ကတော့ လတ်တလော စွပ်စွဲမှုတွေအပေါ် ငြင်းဆိုထားကြောင်းနဲ့ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စ်ကော့ဗ်ကတော့ ဘယ်ဟက်ကာကို ပြောဆိုနေသလဲ မသိကြောင်း၊ ဘယ်ရွေးကောက်ပွဲကို လွှမ်းမိုးသလဲဆိုတဲ့ အကြောင်းကို ပြောနေသလဲဆိုတာကိုလည်း မသိကြောင်း ပြောခဲ့ပါတယ်။ အခြေအမြစ်မရှိဘဲ ပြောဆိုမှုတွေကို သတိထားသင့်ကြောင်းလည်း ၎င်းက ပြောခဲ့ပါတယ်။

ဘယ်လိုပဲဆိုဆို လာမယ့် အမေရိကန်ရွေးကောက်ပွဲမှာ ရုရှားက ကြားဝင် နှောင့်ယှက်ဦးမလားဆိုတာကတော့ စိတ်မအေးသလိုဖြစ်သလို ဆက်လက် လေ့လာစောင့်ကြည့်ရဦးမှာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

> “ အဲဒီလို အချက်အလက်တွေကို ကြည့်ခြင်းအားဖြင့် ရုရှားဟာ လာမယ့်နိုဝင်ဘာလမှာ ကျင်းပမယ့် အမေရိကန်ရွေးကောက်ပွဲမှာ ဝင်ရောက်နှောင့်ယှက်ဦးမှာလားဆိုတဲ့ စိုးရိမ်မှုတွေ မြင့်တက်စေခဲ့ပါတယ်။ မိုက်ခရိုဆော့ဖ်အပါအဝင် ဆိုက်ဘာလုံခြုံရေး အတိုင်ပင်ခံတွေဟာ အမတ်လောင်းတစ်ဦးတစ်ယောက်ချင်းစီရဲ့ ဝါဒဖြန့်စည်းရုံး လှုံ့ဆော်မှုတွေကို ထိုးဖောက်တိုက်ခိုက်ဖို့ အကြိမ်ပေါင်းများစွာ ကြိုးစားထားတာကို ဖော်ထုတ်ပေးခဲ့ပါတယ်”

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကြီးအုံကြီးဝရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ပွဲ တက်ရောက်

**ပွင့်ဖြူ ဩဂုတ် ၂၂**

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်းများ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် သဘာဝရေပြင်များတွင် လျော့ပါးသွားသောငါးများကို ပြန်လည်ဖြည့်ဆည်းပေးသည့်အနေဖြင့် ငါးမျိုးစိုက်ထည့်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ကြီးအုံကြီးဝရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက မကွေးတိုင်းဒေသကြီးအတွင်း ဆည်ရေလှောင်တမံ ၃၅ ခု၊ ရောဝတီမြစ်အတွင်း လေးနေရာ၊ ကျေးရွာကန် ၄၈၁ ကန်နှင့် စပါးခင်းကေ ၁၉၀ တို့တွင် ငါးမျိုးစိုက်ထည့်ပေးလျက်ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ငါးမျိုးစိုက်ထည့်ရန် ၆၃ ဒသမ ၈၅ သိန်းလျာထားခဲ့ပြီး ၅၈ ဒသမ ၉၉ သိန်း မျိုးစိုက်ထည့်နိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ငါးမျိုးစိုက်ထည့်ရန် ၆၀ ဒသမ ၃၆၅ သိန်း လျာထားရာ ယနေ့အထိ ဆည်ရေလှောင်တမံ ၁၇ လုံး၊ ကျေးရွာကန် ၄၄ ကန်၌ စုစုပေါင်း ငါးမျိုးကောင်ရေ ၁၉ ဒသမ ၀၂ သိန်းကို မျိုးစိုက်ထည့်ပေးပြီးဖြစ်ရာ လျာထားချက်ပြည့်မီရန် ငါးမျိုးများ ဆက်လက်စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း၊ ရေချိုမြစ်များ၊ ချောင်းများကို ဖြတ်ပိတ်ပြီး တည်ဆောက်ထားသည့် ဆည်ရေလှောင်တမံများမှာ ငါးတက်၊ ငါးဆင်းလမ်းကြောင်းများ ထည့်သွင်းတည်ဆောက်ပေးနိုင်မည်ဆိုလျှင် ငါးများ၏ ဂေဟစနစ်ကို မပျက်ယွင်းစေဘဲ ငါးသယံဇာတများ ပြန်းတီးခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဘတ်ဂျက်အခက်အခဲရှိသော်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံတို့၏ ဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းရန် ဆည်တမံများ၌ ငါးတက်၊ ငါးဆင်းလမ်းကြောင်းများ ထည့်သွင်းတည်ဆောက်ခြင်းကို စဉ်းစားဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်ကြသော တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြီးအုံကြီးဝရေလှောင်တမံအတွင်း စုစုပေါင်း ငါးမျိုးကောင်ရေ ငါးမြစ်ချင်း သုံးသိန်းနှင့် ငါးခုံးမကြီး နှစ်သိန်းတို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ကြီးအုံကြီးဝဆည်ရေလှောင်တမံကို အမှီပြု၍ ငါးဖမ်းလုပ်ငန်းဆောင်ရွက်သူ ရေလုပ်သား ၅၅၀ ခန့်ရှိပြီး အဆိုပါရေလှောင်တမံအတွင်းမှ တီလားပီးယား၊ ငါးဖယ်၊ ငါးဖန်းမ၊ ငါးပတ်၊ ငါးကြောင်း၊ ငါးမြွေထိုး၊ ငါးလင်ပန်း၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးဒေါက်၊ ငါးရံ့၊ ငါးခုံးမ၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ကသပိုးနှင့် ငါးရံ့ပုတက် စသည့်ငါးများ ဖမ်းယူရရှိကြောင်း ရေလုပ်သားများထံမှ သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**





# စစ်တောင်းမြစ်ကူးတံတားသစ် တည်ဆောက်နိုင်ရေးနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းအား JICA အဖွဲ့ လာရောက်တွေ့ဆုံ

**ပဲခူး ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ဧည့်ခန်းမ၌ ယမန်နေ့က JICA အဖွဲ့မှ Mr. Hironor KUROICI နှင့် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်သူတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ JICA အဖွဲ့မှ ဦးတင်အောင်မိုးက အရှေ့-အနောက် စီးပွားရေးစင်္ကြံ အဝေးပြေးလမ်းမကြီး (သီလဝါ-ခရမ်း-ပဲခူး-ကျိုက်ထို) လမ်းပိုင်းအတွင်း စစ်တောင်းမြစ်ကူးတံတားအသစ်တစ်စင်း တည်ဆောက်ရန် လာရောက်ရှင်းလင်းတင်ပြခြင်းဖြစ်ကြောင်း၊ ယင်းမြစ်ကူးတံတားသည် အရှည် ပေ ၂၃၀၀ ရှိပြီး လေးလမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ဂျပန်နည်းပညာဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် တံတားတည်ဆောက်မှုအသေးစိတ်ကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က လမ်း/တံတား စီမံကိန်းသစ်များသည် အနာဂတ်အတွက် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ပြီး အမှန်တကယ်လိုအပ်သည့် စီမံကိန်းများဖြစ်ကြောင်း၊ တံတားတည်ဆောက်ရာတွင် မြေနေရာအနည်းဆုံးကိုသာ အသုံးပြုရန်လိုအပ်ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် မလွတ်ကင်းသည့် လယ်ယာမြေများအတွက် ဥပဒေနှင့်အညီ ဒေသခံတောင်သူများအား ထိုက်သင့်သည့် လျော်ကြေးငွေ/ နစ်နာကြေးရရှိရန် လိုအပ်ကြောင်းနှင့် မိမိတို့တိုင်းဒေသကြီးအတွင်း စစ်တောင်းမြစ်ကူးတံတားသစ်ကြီး တစ်စင်းကို နှစ်ရှည်ချေးငွေဖြင့် တည်ဆောက်ရန် လာရောက်ရှင်းလင်းပြောကြားမှုအပေါ် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါမြစ်ကူးတံတားသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရှမ်းကိုင်းကျေးရွာအနီးမှ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း စစ်တောင်းမြစ်အား လက်ရှိတံတားအဟောင်း အောက်ဘက် ၃ ဒသမ ၆ ကီလိုမီတာအကွာအဝေးမှ ဖြတ်သန်းဖောက်လုပ်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဒေသထွက်ကုန်များ ဈေးကွက်အသစ်တစ်ခု ဖန်တီးနိုင်ခြင်းနှင့် အနာဂတ်တွင် အရေးပါသည့် အဝေးပြေးလမ်းမကြီးတစ်ခုအဖြစ် အသုံးပြုနိုင်မည်ဖြစ်၍ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် JICA အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဟိန်းထက် (ပြန်/ဆက်)**

# ပြည်နယ်အဆင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ် တက်ရောက်

**တောင်ကြီး ဩဂုတ် ၂၂**

အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ် ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများသည် လူသားများ၏ ကျန်းမာရေးနှင့် အေးချမ်းစွာနေထိုင်မှုကို ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိပြီး လူ့အဖွဲ့အစည်း၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံ၏ အခြေခံအုတ်မြစ်များ လှိုက်စားလာသည်ကို တွေ့ရှိရကြောင်း၊ မူဝါဒ မူကြမ်းအပေါ် မူဝါဒသစ်ရေးဆွဲရေး ဦးစီးကော်မတီအစည်းအဝေး၊ ဒုတိယအကြိမ် အစိုးရဌာနများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပသော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒ အတည်ပြုရေးဆိုင်ရာ ဆွေးနွေးပွဲတွင် အတည်ပြုနိုင်ခဲ့ပါကြောင်း၊ အတည်ပြုထားသော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒမူကြမ်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့သော အမှတ်စဉ် ၁/၂၀၁၇ အစည်းအဝေး၌ ဆက်လက်အတည်ပြုပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါကြောင်း ဆွေးနွေးပွဲတွင် ပြောကြားသည်။

အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်နှင့် ပတ်သက်၍ မူဝါဒကဏ္ဍများအလိုက် ရှင်းလင်းတင်ပြရာ ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေးကဏ္ဍကို ရဲမှူးကြီး သန့်လွင်မောင်နှင့် ဦးခမ်းအောင်၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေးကဏ္ဍ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေးကဏ္ဍ၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးကဏ္ဍတို့ကို သက်ဆိုင်ရာတာဝန်ရှိသူတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း**




# မြို့နယ်အလိုက် သစ်သယ်ယူသုံးစွဲမှုများနှင့်ပတ်သက်၍ အစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုး တက်ရောက်



**လွိုင်ကော် ဩဂုတ် ၂၂**

ကယားပြည်နယ်အတွင်း တရားမဝင် စီးပွားဖြစ် သစ်ထုတ်လုပ်မှုများ ပပျောက်ရေး၊ မူဝါဒနှင့်အညီ လုပ်ကိုင်သူများကို ပံ့ပိုးပေးရေး၊ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်သူများကို အားပေးနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် မြို့နယ်အလိုက် သစ်သယ်ယူသုံးစွဲမှုများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုးက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တရားမဝင်သစ်များ စီးပွားဖြစ်ထုတ်လုပ်မှု မရှိစေရေး၊ မြို့နယ်ကျော် သယ်ဆောင်မှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်သော်လည်း လက်တွေ့ဖော်ဆောင်ရာ၌ အားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ ပြည်သူများ နေအိမ်ဆောက်လုပ်ရန် သစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် တောတွင်းရှိ ကိုင်းဖျားကိုင်းနားသစ်များကို ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲနိုင်ရေး ပြည်ထောင်စုသို့ တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း၊ သစ်ပင်ခုတ်လှဲခြင်း၊ မြို့နယ်ကျော်သယ်ဆောင်ခြင်း၊ ဘားတုံးသယ်ဆောင်ခြင်းများကို ခွင့်ပြုပေးသွားမည် မဟုတ်ဘဲ သစ်တောမူဝါဒနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက သစ်များဖမ်းဆီးအရေးယူမှု အားသာချက်၊ အားနည်းချက်များ ရှင်းလင်းတင်ပြပြီး ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ပုံစံ (၈) ဝင်သစ်များကို မြန်မာ့သစ်လုပ်ငန်းမှ လေလံတင် ရောင်းချပေးမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဥပဒေချုပ်က သစ်တောနည်းဥပဒေပါ တိုင်းဒေသကြီး/ပြည်နယ် သစ်တောညွှန်မှူးတို့၏ လုပ်ပိုင်ခွင့်တာဝန်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ ရှင်းလင်းတင်ပြပြီး ပြည်နယ်သစ်တောညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**စိုင်းညဏ်လင်းထွဋ် (ပြန်/ဆက်)**

# သေမင်းတမန်ရထားလမ်းဖောက်လုပ်စဉ်က နိုင်ငံပေါင်းစုံဆုံးရှုံးနစ်နာမှုများအတွက် ဝမ်းနည်းအောက်မေ့ဖွယ် အထိမ်းအမှတ်လှူပ်ရှားမှု အောက်တိုဘာလတွင် ကျင်းပမည်

**မော်လမြိုင် ဩဂုတ် ၂၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ဒုတိယကမ္ဘာစစ်အတွင်းက တည်ဆောက်ခဲ့သော မြန်မာ-ယိုးဒယား (ထိုင်း) သေမင်းတမန် မီးရထားလမ်းဖောက်လုပ်ခဲ့စဉ်က နိုင်ငံပေါင်းစုံမှ ဆုံးရှုံးနစ်နာမှုများအတွက် ဝမ်းနည်းအောက်မေ့ဖွယ်အထိမ်းအမှတ် လှုပ်ရှားမှုကို အောက်တိုဘာ ၇ ရက်တွင် သံဖြူဇရပ်မြို့ရှိ စစ်သင်္ချိုင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ဩစတြေးလျနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Nicholas Coppel နှင့်အဖွဲ့သည် ဩဂုတ် ၂၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ထံ လာရောက်တွေ့ဆုံခဲ့ပြီး အဆိုပါ အထိမ်းအမှတ်ကျင်းပနိုင်ရေး ဆန္ဒပြုတောင်းခံလာသဖြင့် ပြည်နယ် အစိုးရက ကျင်းပခွင့်ပြုခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ မင်းကြည်ဝင်းက ပြောသည်။

"ရထားလမ်းဖောက်လုပ်စဉ်က သေဆုံးသွားတာကတော့ မြန်မာနိုင်ငံသားတွေလည်း အများကြီးပါခဲ့ကြပါတယ်။ စစ်သုံ့ပန်းတွေနဲ့ ချည်းဖောက်ခဲ့တာတော့လည်း မဟုတ်ပါဘူး။ စာရင်းအတိအကျမရှိတော့ သေဆုံးသူအရေအတွက်မပြောနိုင်ဘူးပေါ့။ သူတို့အတွက်လည်း ဒီပွဲနဲ့အတူ ကုသိုလ်ပြု အမျှအတမ်းပေးဝေတာတွေ လုပ်ပေးသင့်ပါတယ်" ဟု ရထားလမ်းဖောက်လုပ်စဉ် မြန်မာနိုင်ငံသားများလည်း ပါဝင်သေဆုံးခဲ့ရသဖြင့် ၎င်းတို့အတွက်လည်း ဘာသာရေးအရ လုပ်ပေးသင့်ကြောင်း ပြည်နယ်ဝန်ကြီးကပြောသည်။

ရန်ကုန်မြို့နှင့် ဗန်ကောက်မြို့တို့ကို အလွယ်တကူ သွားလာသယ်ယူပို့ဆောင်ပေးနိုင်မည့် ၂၅၈ မိုင် ရှည်သော အဆိုပါရထားလမ်း ဖောက်လုပ်ခဲ့စဉ်က လူအများအပြား သေဆုံးခဲ့ရသဖြင့် သေမင်းတမန်ရထားလမ်းဟု ခေါ်ခဲ့ကြပြီး ရထားလမ်းဖောက်လုပ်စဉ် ရှိမူရှာခေါ် အာရှတိုက်သားအလုပ်သမား ခန့်မှန်းအရေအတွက် ၉၀၀၀၀ ခန့်နှင့် စစ်သုံ့ပန်းပေါင်း ၁၂၆၂၀ ဦး သေဆုံးခဲ့ရသည်။ စစ်သုံ့ပန်းများတွင် ဗြိတိသျှ ၆၉၀၄ ဦး၊ ဩစတြေးလျ ၂၈၀၂ ဦး၊ အမေရိကန် ၁၃၃ ဦးတို့ ပါဝင်ခဲ့သည်ဟု သံဖြူဇရပ်မြို့ရှိ သေမင်းတမန်မီးရထားလမ်းပြတိုက်ရှိ အချက်အလက်များအရ သိရသည်။

သေဆုံးခဲ့ရသူများအနက်မှ ဗြိတိသျှစစ်မှုထမ်းများ၊ ဩစတြေးလျစစ်မှုထမ်းများ၊ ဒတ်ချ်စစ်မှုထမ်းများနှင့် အာရှချွေးတပ်သား စုစုပေါင်း ၃၇၇၁ ဦးကို မြှုပ်နှံထားသည့် မြန်မာနိုင်ငံ၏ ပထမဆုံးစစ်သင်္ချိုင်းကို သံဖြူဇရပ်မြို့တွင်ထားရှိပြီး ယင်းစစ်သင်္ချိုင်းကို ၁၉၄၆ ဒီဇင်ဘာက ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘုရင်ခံ ဆာဟူးဘတ်ရန့်တို့ လာရောက်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်နယ်အစိုးရထံ ပထမဆုံးအကြိမ် တရားဝင်တင်ပြတောင်းခံလာသည့် အောက်တိုဘာ ၇ ရက်တွင် ကျင်းပမည့် အဆိုပါ အောက်မေ့ဖွယ်အခမ်းအနားတွင် မြန်မာနိုင်ငံအခြေစိုက် ပြည်ပသံရုံး လေးခုမှ သံအရာရှိများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး**

# ညောင်ဦးမြို့နယ်မှ အနန္တမေတ္တာ မိုးရေလှောင်ကန်ကြီးကို ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်လျက်ရှိ

**ညောင်ဦး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ခွေးပြုတ်ကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာနေပြည်သူများ၏ သောက်သုံးရေရရှိရေးအတွက် မှီခိုအားထားခဲ့ရသည့် အနန္တမေတ္တာ မိုးရေလှောင်ကန်ကြီးကို ခွေးပြုတ်ကျေးရွာနေ ဒေသခံပြည်သူများ စုပေါင်း၍ ဩဂုတ် ၁၆ ရက်မှ စတင်ကာ ပြန်လည်တူးဖော် ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အနန္တမေတ္တာရေကန်တော်ကြီးကို ၁၈၆၁ ခုနှစ်မှ စ၍ တူးဖော်ခဲ့ရာ ယခုအခါ သက်တမ်း ၁၅၇ နှစ် ရှိပြီဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် ဆရာတော်ကြီးများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ မိုးခေါင်ရေရှားမှုဒဏ်ကို ဖြေရှင်းနိုင်ရန်နှင့် သောက်သုံးရေ ခက်ခဲပြတ်လပ်မှု မဖြစ်ပေါ်စေရန်အတွက် တိုးချဲ့တူးဖော်ခဲ့ကြပြီး ၁၉၆၁ ခုနှစ်တွင် လူမှုဝန်ထမ်းနှင့် သာသနာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ကျေးရွာသန့်ရှင်းရေးနှင့် ရေရရှိရေးအဖွဲ့၏ ပံ့ပိုးမှုဖြင့် လည်းကောင်း ကန်ကြီးကို တိုးချဲ့တူးဖော်ခဲ့ကြောင်း၊ လက်ရှိတွင် အနန္တမေတ္တာရေကန်ကြီးမှာ အရှေ့အနောက် အလျား ပေ ၆၅၀ နှင့် တောင်မြောက် ပေ ၁၁၅၀ ရှိပြီး ကန်အပြည့် ရေဝင်ရေိယာ မှာ ၁၈ ဧကခန့်ရှိကြောင်း၊ ယခင်က အနီးဝန်းကျင်မှ ကျေးရွာ ၂၀ ကျော်၏ သောက်သုံးရေအတွက် မှီခိုအားထားခဲ့ရကြောင်း သိရသည်။

"အရင်တုန်းကတော့ ဒီကန်ကြီးကို ရွာပေါင်း ၂၃ ရွာ မှီခိုသောက်သုံးခဲ့ကြရတာပေါ့ဗျာ၊ ခုတော့ အဝီစိစက်ရေတွင်းတွေ ရွာတော်တော်များများ ရကုန်ကြပြီဆိုတော့ ၁၀ ရွာ၊ ၁၁ ရွာ လောက်ပဲ သောက်သုံးကြတာပေါ့။ ၂၀၀၁ ခုနှစ်ကနေ အခုထိ ၁၇ နှစ်လောက် ရေပြတ်လပ်တာမရှိခဲ့ဘူး၊ တစ်နွေလုံး လုံလုံလောက်လောက်သုံးရတယ်၊ ပြီးခဲ့တဲ့ ၂၀၁၅ တစ်နှစ်မှာပဲ ကန်ရေ မလုံလောက်ဘဲ နွေရာသီရေပြတ်လပ်မှုဖြစ်တယ်၊ ဒါနဲ့ပဲ ဒီကန်ကြီးကို ပြန်လည် တိုးချဲ့ပြီးတူးဖော်ဖို့ဖြစ်လာတာ" ဟု ရေကန်ပြန်လည်တူးဖော်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဦးဆန်းပွင့်ကပြောသည်။

အနန္တမေတ္တာရေကန်ကြီး ပြန်လည်ပြုပြင်တူးဖော်ရန်အတွက် ခွေးပြုတ်ရွာဇာတိ ရန်ကုန်မြို့နေ ဦးဘိုထွန်း-ဒေါ်အေးအေးမြင့် (စက်သုံးဆီရောင်းဝယ်ရေး)က ယာဉ်ယန္တရားများအတွက် စက်သုံးဆီ ကုန်ကျမှုအားလုံးကို တာဝန်ခံ၍ လှူဒါန်းသွားမည်ဖြစ်ကာ မြတ်မေတ္တာမွန် ကုမ္ပဏီကလည်း ငွေကျပ် သိန်း ၁၅၀ မတည်လှူဒါန်းထားကြောင်းသိရသည်။ ထို့အပြင် ကျေးရွာနေ ပြည်သူများ၊ အဝေးရောက်ဒေသခံများနှင့် ဆက်နွယ်ရာအလှူရှင်များ စုပေါင်းလှူဒါန်းငွေမှာလည်း ယနေ့အထိ ငွေကျပ် ၄၀၈ သိန်းကျော်ရရှိပြီးဖြစ်ကြောင်း သိရသည်။

စက်သုံးဆီအလှူရှင် ဦးဘိုထွန်းက "ကျွန်တော်က ဒီဇာတိဖွားပါ။ အခုနေတာကတော့ ရန်ကုန်မှာနေတာပါ။ ဟိုတစ်နှစ်က နွေရာသီပြန်လာဖြစ်တော့ ကန်ရေတွေခန်းပြီး ရွာကလူတွေရော၊ အနီးအနားရွာက လူတွေရော သောက်သုံးရေအတွက် အတော်ခက်ခဲနေကြတာ တွေ့တာနဲ့ ဒီကန်ကြီး ပြန်ပြီးပြုပြင်ဖို့ ဆန္ဒဖြစ်ပေါ်ခဲ့တာပါ။ ဒါနဲ့ပဲ ကျွန်တော့်လုပ်ငန်းတူ သူငယ်ချင်းတွေဆီ အကျိုးအကြောင်းပြောပြီး အကူအညီတောင်းတော့ သူငယ်ချင်း မိတ်ဆွေတွေကလည်း အားတက်သရော ကူညီကြပါတယ်၊ ယာဉ်ယန္တရားအတွက်လည်း သီးခြားငှားရမ်းခအနေနဲ့ မဟုတ်ဘဲ စက်သုံးဆီနဲ့စက်မောင်းလုပ်အားခလောက်ပဲ ကျခံရမှာဆိုတော့ အများကြီးအကူအညီ ရခဲ့တာပါ၊ ဒီလိုအဘက်ဘက်က ဝိုင်းဝန်းအားဖြည့်ကြတာနဲ့ ရွာကအစ်ကိုကြီးတွေ၊ ရပ်မိရပ်ဖတွေနဲ့ တိုင်ပင်ပြီး ဒီကန်ကြီး ပြန်လည်ပြုပြင်ဖြစ်တာပါ" ဟု ပြောသည်။

ရေကန်ကြီး ပြုပြင်တူးဖော်မှု လုပ်ငန်းများကို ဩဂုတ် ၁၆ ရက်မှ စတင်၍ ဘက်ဟိုးနှစ်စီး၊ မြေသယ်ယာဉ် သုံးစီးဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကာ ကန်တာ တိုးချဲ့မှု လုပ်ငန်းအဖြစ် တောင်မြောက် အကျယ် ပေ ၁၁၅၀ တွင် ပေ ၃၀၀ ထပ်မံတိုးချဲ့ တူးဖော်သွားမည်ဖြစ်ပြီး ထွက်ရှိလာသည့်မြေသားများကို ကန်ပေါင်မြေသား မြှင့်တင်ခြင်းအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါရေကန်ကြီး ပြန်လည်ပြုပြင်ပြီးစီးပါက ယခင်ထက် ရေပမာဏ ပိုမိုသိုလှောင်နိုင်မည်ဖြစ်ရာ ခွေးပြုတ်ကျေးရွာမှ လူဦးရေ ၁၁၀၀ ကျော်နှင့် ညောင်လုကျေးရွာမှ လူဦးရေ ၈၀၀ ကျော်တို့အပြင် အနီးဝန်းကျင်ကျေးရွာများဖြစ်သည့် တောရွာ၊ ခရိုင်းတော၊ စံပြပနီတွင်း၊ ကံကျဲ၊ ကြို့ပင်သာ၊ မုန်တော၊ ရွာလု နှင့် ဖြူထွားကျေးရွာတို့ရှိ ဒေသခံပြည်သူများအတွက်ပါ သောက်သုံးရေများ ရာသီမရွေး လုံလောက်စွာ ရရှိသုံးစွဲသွားနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ကျောက်ဖြူမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာပေး သင်တန်းဆင်း

**ကျောက်ဖြူ ဩဂုတ် ၂၂** - ကျောက်ဖြူမြို့နယ်ရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် အသိပညာများ ပိုမိုရရှိစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာပေး သင်တန်းဆင်းပွဲကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဩဂုတ် ၂၀ ရက်က လိပ်ခမော်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အမှာစကားပြောကြားသည်။ သင်တန်းဆင်းပွဲသို့ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းကို ဩဂုတ် ၆ ရက်မှ ၂၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့သည်။

ကျေးလက်နေပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သင်တန်းများ ပို့ချပေးမှုကြောင့် ဒေသခံတောင်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လက်တွေ့ကျကျ လုပ်ဆောင်နိုင်မည်ဖြစ်သောကြောင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူးက ပြောသည်။

**မောင်ကျော်ကြီး**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၈-၂၀၁၈

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၃၅/၉၇၀ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၄၅/၉၈၀ ကျပ် | ၉၉၀/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၀၀/၉၄၀ ကျပ် | ၉၇၅/၉၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၅/၉၈၀ ကျပ် | ၁၀၂၅/၁၀၄၀ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၉၅ ⋅ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၈ ⋅ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ ⋅ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၁၇ ⋅ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၀ ⋅ ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၈ ⋅ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၈ ⋅ ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ⋅ ၄၁၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ ⋅ ၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ ⋅ ၅၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၅ ⋅ ၄၈၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# အမှိုက်ပြဿနာ အဖြေရှာ

**သိပ္ပံစာရေးဆရာကိုကိုအောင်**



**စိန်ခေါ်မှုနှစ်မျိုး**

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် နိုင်ငံရေးနှင့်လည်း မပတ်သက်၊ စစ်မက်ရေးရာနှင့်လည်း မဆက်စပ်သော စိန်ခေါ်မှုနှစ်မျိုးကို ရင်ဆိုင်နေကြရလျက်ရှိသည်။ ထိုစိန်ခေါ်မှုနှစ်မျိုးမှာ အမှိုက်စွန့်ပစ်ရေးနှင့် လျှပ်စစ်စွမ်းအင် လုံလောက်စွာရရှိရေးတို့ဖြစ်ကြသည်။ လူမျိုး၊ ဘာသာ၊ ဓလေ့ထုံးတမ်းများ မတူညီကြသော်လည်း၊ အသားအရောင် ကွဲပြားနေကြသော်လည်း၊ စားသောက်နေထိုင်မှုပုံစံ အမျိုးမျိုးအဖုံဖုံ ဖြစ်နေကြသော်လည်း၊ ကျင့်သုံးနေသည့် နိုင်ငံရေးလမ်းစဉ်များ အထွေထွေအပြားပြား ရှိနေကြသော်လည်း၊ ကိုင်စွဲနေသည့် မူဝါဒများ အသီးသီးအသက ပြဋ္ဌာန်းထားကြသော်လည်း လူနေမှုဘဝ၏ အခြေခံအကျဆုံးဖြစ်သည့် အမှိုက်ပြဿနာနှင့် လျှပ်စစ်စွမ်းအင်တိုးမြင့်ရရှိရေးဟူသည့် စိန်ခေါ်မှု နှစ်မျိုးကိုမူ ရှောင်လွှဲ၍မရနိုင်ကြပုံချင်း တူညီလျက်ရှိနေကြသည်။

သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်အကြား နှစ်တစ်ရာကာလအတွင်း ကမ္ဘာ့လူဦးရေသည် သန်းပေါင်းငါးထောင်ကျော် တိုးပွားလာခဲ့သည်။ လူဦးရေတိုးပွားလာခြင်းနှင့်အတူ စက်မှုဖွံ့ဖြိုးတိုးတက်လာခြင်း၊ လူ့အသုံးအဆောင်များ တိုးပွားများပြားလာခြင်း၊ လူနေမှုအဆင့် မြင့်မားလာခြင်းတို့ကလည်း ထက်ကြပ်မကွာ လိုက်ပါလျက်ရှိနေကြရာ ထိုထိုသော အကြောင်းခြင်းရာများကြောင့်လည်း လူမှုအဖွဲ့အစည်းများအတွင်း၌ အမှိုက်ပြဿနာကို ပို၍ ရင်ဆိုင်ကြုံတွေ့လာကြရသည်။

**အမှိုက်ပြဿနာ**

လူတစ်ဦးတစ်ယောက်ချင်းတို့က စွန့်ပစ်လိုက်သော အမှိုက်တစ်စစီတို့သည် မျိုးတူအမှိုက်များနှင့် ပေါင်းစည်းသွားသည့်အခါ လူ့အဖွဲ့အစည်းကို ပြန်၍ခြိမ်းခြောက်နေသော သက်မဲ့ ဒြပ်ဝတ္ထုအပုံကြီးအဖြစ်သို့ ရောက်ရှိသွားသည်။ ကမ္ဘာပေါ်ရှိ အမှိုက်အားလုံးကို အဆင့်အားဖြင့် ခွဲခြားကြည့်မည်ဆိုပါက ထုပ်ပိုးခွံများသည် အောက်ဆုံးအခြေခံအဆင့်တွင် ရှိနေကြပြီး နျူကလီးယားစွန့်ပစ်အမှိုက်များကမူ အပေါ်ဆုံးအဆင့်၌ ရှိနေကြသည်။

**ခေတ်သစ်အမှိုက်များ**

လွန်ခဲ့သော အတိတ်ကာလများကမူ အမှိုက်ပြဿနာကို မြေကျင်းတူး၍ မြှုပ်နှံခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ စုပုံဆွေးမြည့်စေခြင်းစသော နည်းများဖြင့် ဖြေရှင်းခဲ့ကြသည်။ သို့ရာတွင် မျက်မှောက်ကာလ၌မူကား ခေတ်သစ်အမှိုက်များဟုဆိုရမည့် ပလတ်စတစ်အမှိုက်၊ ဖိုင်ဘာအမှိုက်၊ သတ္တုအမှိုက်၊ ဓာတုအမှိုက်၊ အီလက်ထရွန်နစ်အမှိုက်စသည်တို့သည် ကမ္ဘာ့အမှိုက်ပုံများ၌ ဝင်ရောက်နေရာယူလျက်ရှိနေကြပြီ ဖြစ်သည်။

ထိရှစေနိုင်သော မှန်နှင့်ဖန် အမှိုက်များသည်လည်း ရှေးကာလကတည်းကရှိခဲ့သည့် အမှိုက်များဖြစ်သည့်တိုင် ယနေ့အချိန်တွင် ပမာဏအားဖြင့် အဆမတန်များပြားလာပြီး မှန်နှင့်ဖန် အမှိုက်များကင်းသည့် အမှိုက်ပုံဟူ၍ပင် မရှိတော့ပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံများ၌ အများဆုံးထွက်ရှိနေသည့် အမှိုက်မှာ ထုပ်ပိုးခွံအမှိုက်များပင် ဖြစ်ကြသည်။ ယနေ့ခေတ်အသုံးပြုနေကြသော အစားအစာထုပ်ပိုးခွံများနှင့် အရည်ထုပ်ပိုးခွံတို့မှာ ရေနံထွက်ပစ္စည်းများကိုအခြေခံ၍ ထုတ်လုပ်ထားသော ပစ္စည်းများ ဖြစ်ကြသည့်အတွက် နှစ်ပေါင်းများစွာကြာညောင်းသည့်တိုင် ဆွေးမြည့်မသွားနိုင်ကြပေ။ ယင်းသို့ ဆွေးမြည့်မသွားနိုင်သည့်အတွက် မြေဆွေးမြေသြဇာအဖြစ်သို့လည်း ရောက်ရှိသွားနိုင်မည်မဟုတ်ပေ။ လွယ်လင့်တကူ ပျက်စီးဆွေးမြည့်သွားခြင်းမရှိသော မျက်မှောက်ခေတ် ထုပ်ပိုးခွံအမှိုက်များသည် စိုက်ခင်းမြေများရှိ ကောက်ပဲသီးနှံများ၏ ရှင်သန်ဖွံ့ဖြိုးမှုကို ပျက်စီးစေသလို သဘာဝအလျောက် သစ်ပင်သစ်တောများ ပေါက်ရောက်ရှင်သန်မှုကိုလည်း ဟန့်တားထားလျက် ရှိနေကြသည်။

**သမုဒ္ဒရာထဲမှ ရေမအမှိုက်ပုံကြီးများ**

ကမ္ဘာ့အပူပိုင်းဒေသနှင့် သမပိုင်းဒေသကြား အပူလျော့ပိုင်းဒေသရှိ သမုဒ္ဒရာရေဝဲကြီး ငါးခု၌ ရေမအမှိုက်ပုံကြီးများ စုဝေးရောက်ရှိနေကြသည်။ ကမ္ဘာက မိမိဝင်ရိုးပေါ်၌ ၂၃ နှစ်ပိုင်းတစ်ပိုင်း ဒီဂရီတိမ်းစောင်းလျက် လည်နေသည့်ဖြစ်စဉ်ကြောင့် သမုဒ္ဒရာများ၌ ရေဝဲကြီးများ ဖြစ်ပေါ်နေရခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားကမ်းခြေမှ ကီလိုမီတာ ၁၆၀၀ ကွာဝေးပြီး ဂျပန်ကမ်းခြေမှ ကီလိုမီတာ ၁၁၂၀၀ ကွာဝေးသောနေရာရှိ သမုဒ္ဒရာ ရေဝဲကြီးများတွင် ဂျပန်နှင့် တရုတ်နိုင်ငံတို့မှစွန့်ပစ်သော ပလတ်စတစ်အမှိုက်များ စုပုံလျက်ရှိနေကြသည်။

**ကမ္ဘာ့အမှိုက်အများဆုံးနေရာ**

ကမ္ဘာပေါ်တွင် အမှိုက်အများဆုံးရှိနေသော နေရာမှာ ဩစတြေးလျနှင့် နယူးဇီလန်အကြား တက်စ်မန်ပင်လယ် (Tasman Sea)၏ တောင်သမုဒ္ဒရာရပ်ဝန်းဒေသ (Southern Ocean Boundary)ဖြစ်သည်။ ထိုဒေသတွင် ပလတ်စတစ်အမှိုက် အများဆုံးပါဝင်နေသော ကမ္ဘာ့အကြီးဆုံးအမှိုက်ပုံကြီး တည်ရှိနေသည်။ ထိုဒေသသည် ပင်လယ်ငှက်မျိုးစိတ်များ ထူးထူးခြားခြားများပြားစုံလင်သောနေရာလည်းဖြစ်သည်။

**သတ္တဝါများသေဆုံးခြင်း**

ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်ပြင်များပေါ်၌ မျောပါနေသောအမှိုက်ပုံကြီးများနှင့် သမုဒ္ဒရာရေဝဲကြီးများ၌ စုပုံနေသည့် အမှိုက်ပုံကြီးများကြောင့် ရေနေ နို့တိုက်သတ္တဝါ ၄၃ ရာခိုင်နှုန်း သေဆုံးခဲ့ကြရပြီဖြစ်သည်။ မျောပါနေသော အမှိုက်ပုံကြီးများနှင့် စုပုံနေသော အမှိုက်ပုံများအတွင်းရှိ ပလတ်စတစ်အမှိုက်များကို အစာအမှတ်ဖြင့် စားသောက်မိကြသည့်အတွက် ခန္ဓာကိုယ်တွင်းရှိ အစာချေဖျက်ခြင်းဖြစ်စဉ် ပျက်စီးကာ သေဆုံးကြရခြင်းဖြစ်သည်။

အလားတူပင် ပင်လယ်တွားသွားသတ္တဝါများ၏ ၈၆ ရာခိုင်နှုန်းသည်လည်းကောင်း၊ ပင်လယ်ပျော်ငှက်များ၏ ၄၄ ရာခိုင်နှုန်းသည်လည်းကောင်း ပလတ်စတစ်အမှိုက်များကို အစာအမှတ်ဖြင့် ဝါးမျိုမိကြခြင်းကြောင့် သေဆုံးခဲ့ကြရပြီးဖြစ်သည်။

သိပ္ပံသုတေသီတို့သည် ၁၉၆၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ နှစ်ပေါင်းငါးဆယ်ကာလအတွင်း ပင်လယ်ပျော်ငှက်များ အပါအဝင် ငှက်မျိုးစိတ် ၁၃၅ မျိုး၏ အစာစားသောက်မှုပုံစံများကို ကမ္ဘာ့သမုဒ္ဒရာများအတွင်းရှိ ပလတ်စတစ်အမှိုက်ပမာဏနှင့်ချိန်ထိုးကာ သုတေသနပြုခဲ့ကြသည်။ အဆိုပါ သိပ္ပံဆိုင်ရာ သုတေသနပြုချက်များအရ ၁၉၆၀ ပြည့်လွန်နှစ်များက ပလတ်စတစ်အမှိုက်ကို အစာအမှတ်ဖြင့် ဝါးမျိုမိခဲ့သော ပင်လယ်ပျော်ငှက်ပမာဏမှာ ငါးရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်အရောက်တွင် ၈၀ ရာခိုင်နှုန်းအထိ အဆမတန် တိုးပွား များပြားလာခဲ့သည်။

**ပလတ်စတစ်အမှိုက်ပြဿနာ**

အဆိုပါ သုတေသနပြုချက်၏ အဖြေများက ကမ္ဘာပေါ်၌ ထုပ်ပိုးခွံအမှိုက် အမျိုးအစားတစ်ခု ဖြစ်သည့် ပလတ်စတစ်အမှိုက်များ၏ပမာဏ မည်မျှတိုးပွားလာကြောင်းကို မီးမောင်းထိုးပြပေးခဲ့သည်။ ထိုသို့သော မီးမောင်းထိုးပြမှုကြီးအပေါ် နောက်ကြောင်းပြန်ဖော်ထုတ်မှုများကို ဆောင်ရွက်ခဲ့ကြရာ ၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ ကမ္ဘာပေါ်၌ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများကို စီးပွားဖြစ် စတင်ထုတ်လုပ်ခဲ့ကြကြောင်းနှင့် နှစ်ကာလ ၁၁ နှစ်ကြာတိုင်း ထုတ်လုပ်မှုပမာဏ နှစ်ဆ တိုးပွားလာခဲ့ကြောင်း လေ့လာတွေ့ရှိကြရသည်။

လက်ရှိအချိန်တွင် ပျမ်းမျှအားဖြင့် ကမ္ဘာအရပ်ရပ်ရှိ သမုဒ္ဒရာရေပြင် တစ်စတုရန်းကီလိုမီတာ အဝန်းအဝိုင်းအတွင်း၌ ပလတ်စတစ်ထုပ်ပိုးခွံ အမှိုက်စပေါင်း ၅၈၀၀၀၀ နှုန်း မျောပါလျက်ရှိနေကြသည်။ အကျိုးဆက်အဖြစ် ၂၀၁၅ ခုနှစ်အတွင်းက ပစိဖိတ်သမုဒ္ဒရာအတွင်းမှ နမူနာအနေဖြင့် ဖမ်းယူခဲ့သော ငါးများအနက် ၃၅ ရာခိုင်နှုန်း၏ ဝမ်းဗိုက်ထဲတွင် ပလတ်စတစ်အမှိုက်စများကို တွေ့ရှိခဲ့ကြရသည်။

တစ်နေ့တခြား ကြီးထွားလာလျက်ရှိသော အမှိုက်ပြဿနာ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တိရစ္ဆာန်ရုံအတွင်း၌ ကောင်းစွာ မွေးမြူစောင့်ရှောက်ထားပါလျက်နှင့် အရွယ်မတိုင်မီ သေဆုံးသွားသော သစ်ကုလားအုတ်ကို ဗိုက်ခွဲကြည့်လိုက်သည့်အခါ အစာအိမ်အတွင်း၌ ချေဖျက်ခြင်းမပြုနိုင်သော ပလတ်စတစ်အမှိုက်စ ငါးကီလိုဂရမ်ခန့်ကို သိပ္ပံသုတေသီတို့က မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြသည်။

ဤကဲ့သို့ အမှိုက်ပြဿနာ ကြီးထွားလာနေခြင်းကြောင့် ပင်လယ်ပျော်ငှက်အများစုတို့သည် ပလတ်စတစ်အမှိုက်စများကို အစာအမှတ်ဖြင့် မှားယွင်းစားသောက်ထားမိကြပြီးဖြစ်ရာ ၂၀၅၀ ပြည့်နှစ်မတိုင်မီ ပင်လယ်ပျော်ငှက် ၉၉ ရာခိုင်နှုန်းခန့်အထိ သေဆုံးကုန်ကြလိမ့်မည်ဟု သိပ္ပံပညာရှင်တို့က ခန့်မှန်းထားကြသည်။

**စွန့်ပစ်အမှိုက်များကို တစ်ကျော့ပြန်အသုံးချခြင်း**

ပလတ်စတစ်ထုပ်ပိုးခွံအမှိုက်များ အပါအဝင် အမျိုးမျိုးသော စွန့်ပစ်အမှိုက်များကို တစ်ကျော့ပြန်အသုံးချနိုင်အောင် စီမံပြုလုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကို တတ်နိုင်သမျှရှောင်ရှားနိုင်ရန်အတွက် ဂျပန်သုတေသီတို့က လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကတည်းကပင် စိတ်ကူးကြံဆခဲ့ကြသည်။ အမှိုက်များကို စုစည်းချေဖျက်ကာ ဖိသိပ်ခြင်းအားဖြင့် ထွက်ရှိလာသော ဇီဝဒြပ်ထုလောင်စာတောင့်များကို မီးရှို့ပြီး တာဘိုင်စက်များကို လည်ပတ်စေလျက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်ဟူသော နည်းလမ်းများကို ထီထွင်အောင်မြင်ခဲ့ကြသည်။

အမှိုက်များကို တစ်ကျော့ပြန်အသုံးချပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရယူသော အဆိုပါနည်းစဉ်သည် အမှိုက်ပြဿနာကို အတိုင်းအတာတစ်ရပ်အထိ ဖြေရှင်းပေးနိုင်ခဲ့သည်။ သို့ရာတွင် အဆိုပါ နည်းပညာသုံး စက်ကိရိယာများသည် စွန့်ပစ်အမှိုက်များကို ဖျောက်ဖျက်ပေးနိုင်ရုံသာဖြစ်ပြီး ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားမှာ စီးပွားဖြစ်အဆင့်အထိ ရောက်မလာခဲ့ပေ။

စက်ကိရိယာများအတွက် ရင်းနှီးမြှုပ်နှံရသည့် ငွေကြေး၊ တည်ဆောက်လည်ပတ်ရန်အတွက် မြေနေရာ၊ သိမ်းဆည်းပြီးအမှိုက်များကို စက်ရုံသို့သယ်ယူပို့ဆောင်ရသည့် စရိတ်စက စသည်တို့နှင့် နှိုင်းစာလျှင် ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားတန်ဖိုးက အကျိုးအမြတ်များများရအောင် စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် ရင်းနှီးမြှုပ်နှံရမည့် စီးပွားရေးလုပ်ငန်းရှင်များကို ဆွဲဆောင်နိုင်ခြင်းမရှိခဲ့ပေ။

သို့ဖြစ်၍ စွန့်ပစ်အမှိုက်များကို ဖျောက်ဖျက်ပစ်သည့် အဆိုပါနည်းပညာနှင့် စက်ကိရိယာများကို သက်ဆိုင်ရာအစိုးရ သို့မဟုတ် မြူနီစီပယ်အဖွဲ့များကသာ ဝယ်ယူသုံးစွဲခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ အမှိုက်ပြဿနာကို ရှင်းပေးနိုင်သည့် နည်းလမ်းတစ်ခုကြောင့် အောင်မြင်မှုအဆင့်တစ်ခုအထိ ရောက်ခဲ့ခြင်းကိုမူ အသိအမှတ်ပြုကြရမည်ဖြစ်သည်။

**ခေတ်သစ် နည်းပညာတစ်ရပ်**

၂၀၁၀ ပြည့်လွန် နှစ်ကာလများသို့ ရောက်ရှိလာသည့်အခါတွင်မူ စွန့်ပစ်အမှိုက်မျိုးစုံကို တစ်ကျော့ပြန်အသုံးချသော ခေတ်သစ် နည်းပညာတစ်ရပ် ထပ်မံပေါ်ထွက်လာခဲ့သည်။ ERS ဟု အတိုကောက်အားဖြင့် ခေါ်ဝေါ်သော Environmental Recycling System ဖြင့် စွန့်ပစ်အမှိုက်များကိုအသုံးပြုကာ လျှပ်စစ်ဓာတ်အားကို စီးပွားဖြစ်ထုတ်ယူနိုင်ရုံမျှမက ဘေးထွက်ပစ္စည်းများအဖြစ် ထွက်ရှိလာသည့် တိရစ္ဆာန်အစားအစာနှင့် မြေသြဇာတို့ကလည်း စိုက်ပျိုးမွေးမြူရေးကို အထောက်အကူပြုမည်ဖြစ်သည့်အတွက် ဝင်ငွေရလမ်းကို တိုးပွားလာစေပြီဖြစ်သည်။

**ERS နည်းပညာ**

ERS နည်းပညာ အဆင့်မြင့်လာသည်နှင့်အမျှ ညစ်ညမ်းနေသော ရေအိုင်ကြီးများကို သန့်ရှင်းကြည်လင်အောင် ပြုပြင်ခြင်း၊ ဓာတုအညစ်အကြေးများ ရောနှောပျော်ဝင်နေသော ရေများကို ဓာတုပစ္စည်းကင်းစင်အောင် ပြုပြင်ခြင်း၊ ပုပ်သိုးနေသော ရေဆိုးများကို အနံ့အသက်ကင်းဝေးအောင်ပြုပြင်ခြင်းစသည့် ဓာတုနည်းစဉ် (Chemical Process) များကိုပါ ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

ခေတ်သစ် ERS စက်များကိုလည်း အရွယ်အစား အမျိုးမျိုး ထုတ်လုပ်ပေးလာကြသည့်အားလျော်စွာ တစ်ဦးတစ်ယောက်ချင်းအနေဖြင့် ရင်းနီးမြှုပ်နှံမှု မပြုနိုင်သည့်တိုင် ရပ်ကွက်နှင့် ကျေးရွာများအလိုက်သော်လည်းကောင်း၊ မြို့နယ်နှင့် စီရင်စုများအလိုက်သော်လည်းကောင်း တစ်ပိုင်တစ်နိုင် ဝယ်ယူထူထောင် လည်ပတ်နိုင်ကြပြီဖြစ်သည်။

လူတို့၏ကျန်းမာရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် တည်တံ့ရေးတို့ကို အကြီးအကျယ် ခြိမ်းခြောက်စိန်ခေါ်နေသော အမှိုက်ပြဿနာနှင့် လူမှုဘဝရှင်သန်ဖွံ့ဖြိုးရေးကို စိန်ခေါ်နေသော လျှပ်စစ်စွမ်းအင်လိုအပ်ချက် ပြဿနာနှစ်မျိုးကို ခေတ်သစ် ERS နည်းပညာက တစ်ပြိုင်နက် ဖြေရှင်းပေးနိုင်ခဲ့ပြီဖြစ်သည်။

**တတ်နိုင်သည့်ဘက်မှ ကူညီကြ**

သို့ရာတွင် အမှိုက်ဟူသည်မှာ စွန့်ပစ်ရန်လွယ်သလောက် ERS နည်းပညာ မသုံးနိုင်သေးသည့် နယ်မြေဒေသများ၌ ပျောက်ပျက်သွားရန် နှစ်ကာလများစွာကြာမြင့်သော ဒြပ်ဝတ္ထုများဖြစ်နေသေးသည့်အတွက် အမှိုက်တစ်စကို စွန့်ပစ်မည်ဟုကြံရွယ်တိုင်း နောက်ဆက်တွဲ ပြဿနာတစ်ရာကိုပါ ထည့်သွင်းစဉ်းစားပြီး စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်ခြင်းမပြုဘဲ သတ်မှတ်ထားသည့် အမှိုက်ပုံနှင့် အမှိုက်ပုံးများ၌သာ စနစ်တကျ စွန့်ပစ်ကြခြင်းအားဖြင့် ပြဿနာတစ်ရာကို ဖြေရှင်းဆောင်ရွက်ကြရမည့်သူတို့ကို တတ်နိုင်သည့်ဘက်မှ ကူညီသွားသင့်ကြပေသည်။ ။

**၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ ကမ္ဘာပေါ်၌ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများကို စီးပွားဖြစ် စတင်ထုတ်လုပ်ခဲ့ကြကြောင်းနှင့် နှစ်ကာလ ၁၁ နှစ် ကြာတိုင်း ထုတ်လုပ်မှုပမာဏ နှစ်ဆတိုးပွားလာခဲ့ကြောင်း လေ့လာတွေ့ရှိကြရသည်။ လက်ရှိအချိန်တွင် ပျမ်းမျှအားဖြင့် ကမ္ဘာအရပ်ရပ်ရှိ သမုဒ္ဒရာရေပြင် တစ်စတုရန်းကီလိုမီတာ အဝန်းအဝိုင်းအတွင်း၌ ပလတ်စတစ်ထုပ်ပိုးခွံ အမှိုက်စပေါင်း ၅၈၀၀၀၀ နှုန်း မျောပါလျက်ရှိနေကြသည်။ အကျိုးဆက်အဖြစ် ၂၀၁၅ ခုနှစ်အတွင်းက ပစိဖိတ်သမုဒ္ဒရာအတွင်းမှ နမူနာအနေဖြင့်ဖမ်းယူခဲ့သော ငါးများအနက် ၃၅ ရာခိုင်နှုန်း၏ ဝမ်းဗိုက်ထဲတွင် ပလတ်စတစ်အမှိုက်စများကို တွေ့ရှိခဲ့ကြရသည်။**

# တန့်ကြည့်တောင်ဘုရားပွဲတော်ကာလတွင် ဆိပ်ဖြူမြို့မှ တန့်ကြည့်ဘူတာအထိ အထူးရထားပြေးဆွဲမည်

**ဆိပ်ဖြူ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ သမိုင်းဝင် တန့်ကြည့်တောင် စွယ်တော်မြတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲကာလတွင် ဘုရားဖူးများ အဆင်ပြေစေရေးအတွက် ဆိပ်ဖြူဘူတာမှ တန့်ကြည့်ဘူတာအထိ အထူးရထားများ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သမိုင်းဝင် တန့်ကြည့်တောင်စွယ်တော်မြတ်စေတီတော်ကြီးသည် ဒေသခံ ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ စေတီတော်မြတ်ကြီးတစ်ဆူဖြစ်ပြီး ပုဂံဘုရားများစွာရှိသည့်အနက် စွယ်တော်လေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်ကာ ထင်ရှားသော စေတီလည်းဖြစ်သည်။ တန့်ကြည့်တောင်စွယ်တော်မြတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် ဝါခေါင်လပြည့်နေ့တွင် ကျင်းပရာ ထိုရက်များတွင် ဒေသခံပြည်သူများနှင့် ရပ်ဝေးမှ ဘုရားဖူးခရီးသွားများဖြင့် အထူးစည်ကားလေ့ရှိသောကြောင့် ဘုရားပွဲတော်ကာလတွင် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထား တိုင်းအမှတ်(၁၀)ပခုက္ကူ၏ စီစဉ်မှုဖြင့် ဆိပ်ဖြူ-တန့်ဆည် ပုံမှန်ပြေးဆွဲလျက်ရှိသော RBE လူစီးရထားအပြင် RBE လူစီး(အထူး)ရထားနှစ်စီးကိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကာလ ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိအတွင်း ထပ်တိုးပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကာလ အထူးရထားပြေးဆွဲပေးခြင်းနှင့်ပတ်သက်၍ ဆိပ်ဖြူဘူတာရုံပိုင်ကြီးက ရထားများသည် ဆိပ်ဖြူဘူတာမှ နံနက် ၇ နာရီခွဲ၊ မွန်းလွဲ ၂နာရီနှင့် ညနေ ၆ နာရီ ၁၅ မိနစ်အချိန်များတွင် ဆိပ်ဖြူမှ တန့်ကြည့်ဘူတာသို့ ထွက်ခွာပေးမည်ဖြစ်ပြီး တန့်ကြည့်ဘူတာမှ နံနက် ၇ နာရီခွဲ၊ မွန်းလွဲ ၂ နာရီနှင့် ညနေ ၆ နာရီ အချိန်များတွင် ဆိပ်ဖြူသို့ ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ရထားစီးနင်းသူများအနေဖြင့် ရထားစီးနင်းခကို ပုံမှန်နှုန်းဖြစ်သည့် တစ်ဦးလျှင် ကျပ် ၄၅၀ နှုန်းသာ ပေးဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခင်နှစ်များက ပွဲတော်ကာလတွင် ဆိပ်ဖြူ-တန့်ဆည် RBE လူစီး(အထူး)ရထားတစ်စင်းနှင့် ဆိပ်ဖြူ-ပခုက္ကူ အချိန်မှန်ရထားသာ ပြေးဆွဲပေးခဲ့ရာမှ ယခုနှစ်တွင် RBE လူစီး(အထူး)ရထားနှစ်စင်းကို ထပ်တိုးပြေးဆွဲပေးခြင်းဖြစ်ပြီး ဆိပ်ဖြူ-ပခုက္ကူ ခရီးစဉ်တွင်မူ အချိန်မှန်ရထားသာ ပြေးဆွဲမည်ဖြစ်ကြောင်း၊ ဆိပ်ဖြူ-ပခုက္ကူ အချိန်မှန်ရထားတွင် ရထားစီးခရီးသွားများ၏ ကျန်းမာရေးအတွက် ဆေးဝါးများနှင့် ရေသန့်ဘူးကြီးများကို မြန်မာ့မီးရထား တိုင်းအမှတ်(၁၀)ပခုက္ကူမှ ဝန်ထမ်းများက ထားရှိဆောင်ရွက်ပေးထားပြီး ခရီးသွားများ စာပေ




ဖတ်ရှုလေ့လာနိုင်ရန် သုတ ရသ စာအုပ်စာစောင်များကိုလည်း မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း ဆိပ်ဖြူဘူတာရုံပိုင်ကြီး၏ ပြောကြားချက်အရ သိရသည်။

**စိုးလင်းနိုင်(မြန်/ဆက်)**

# ကျောက်ကြီးမြို့နယ်တွင် ဒုတိယအကြိမ် ရေတက်လာ၍ လူနေအိမ်အချို့ ယာယီပြောင်းရွှေ့ရ

**ကျောက်ကြီး ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် ဩဂုတ် ၁၉ ရက်က မိုးရေချိန် ၃ ဒသမ ၉၈ လက်မအထိ ရွာသွန်းခဲ့ပြီး စစ်တောင်းမြစ်ရေနှင့် ကျောက်ကြီးချောင်းရေ ဒုတိယအကြိမ် ပြန်လည်မြင့်တက်လာကာ မြို့ပေါ်ရှိ ပဲခူးရပ်ကွက်အတွင်း မြေနိမ့်ပိုင်းရှိ အိမ်များနှင့် ကပ်ကျေးရပ်ကွက် ချောင်းကမ်းနားဘေး မြေနိမ့်ပိုင်းရှိ အိမ်များသို့ ရေများ တစ်ပေခွဲခန့် ဝင်ရောက်လာသဖြင့် လူနေအိမ်အချို့မှ ပြည်သူများအနေဖြင့် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရကြောင်း သိရသည်။

ရေတက်လာခြင်းကြောင့် အိမ်ထောင်စုပေါင်း ၂၄ စုမှ လူဦးရေ ၁၀၃ ဦးသည် ဩဂုတ် ၂၀ ရက်မှစတင်ကာ ရေဘေးလွတ်ရာ ပဲခူးရပ်ကွက် အနော်ရထာလမ်းရှိ မြို့တွင်းဘုန်းတော်ကြီးကျောင်း မိုးကုတ်ဓမ္မာရုံ၊ သိန်တန်းရပ်ကွက်ရှိ မင်းအိုကြီးဘုန်းတော်ကြီးကျောင်းနှင့် တောင်ငူတန်းရပ်ကွက်ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်းများသို့ ဒုတိယအကြိမ်မြောက် ယာယီပြောင်းရွှေ့နေထိုင်နေကြရကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်တွင် ပြီးခဲ့သော ဇူလိုင် ၂၃ ရက်ကလည်း စစ်တောင်းမြစ်ရေလျှံခြင်းနှင့် ကျောက်ကြီးချောင်းရေမြင့်တက်ခြင်းတို့ကြောင့် မြို့ပေါ်ရှိ ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာ ၃၅ ရွာမှ အိမ်ထောင်စု ၉၀၂ စု လူဦးရေ ၄၀၀၀ ကျော်သည် နေအိမ်များကိုစွန့်ခွာ၍ ယာယီကယ်ဆယ်ရေးစခန်းများနှင့် ရေဘေးလွတ်ရာ ဆွေမျိုးများ၏နေအိမ်များသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး



ဩဂုတ် ၉ ရက်တွင် ရေပြန်ကျခဲ့ခြင်းကြောင့် ယာယီကယ်ဆယ်ရေးစခန်းများကို ပြန်လည်ပိတ်သိမ်းခဲ့ကာ ရေဘေးရှောင်ပြည်သူများမှာလည်း မိမိတို့နေအိမ်များတွင် ပြန်လည်နေထိုင်ခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျောက်ကြီးမြို့၌ စစ်တောင်းမြစ်၏ စိုးရိမ်ရေမှတ်သည် ၉၃၀ စင်တီမီတာဖြစ်ပြီး ဩဂုတ် ၂၀ ရက် ဒုတိယအကြိမ် မြစ်ရေမြင့်တက်ချိန်၌ ရေအမှတ်မှာ ၈၉၀ စင်တီမီတာရှိကာ ကျောက်ကြီးချောင်းရေမှာ တစ်ပေခွဲခန့် ပြန်လည်မြင့်တက်လာသော်လည်း စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။ လတ်တလော ပြောင်းရွှေ့နေထိုင်သူများနှင့် ရေကြီးနစ်မြုပ်နေသည့်နေရာများကို ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းလွင်နှင့် မြို့နယ်ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**ကိုသားကြီး(မြန်/ဆက်)**

## သတင်းတိုများ

### ရေဘေးသင့်ပြည်သူများအတွက်ထောက်ပံ့ပစ္စည်းများပေးအပ်

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ကဇိုင်းကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦး ဦးဆောင်သည့်အဖွဲ့က ဩဂုတ် ၂၀ ရက်က လာရောက်လှူဒါန်းခဲ့သည်။ ကော့နွဲကျေးရွာအုပ်စုအတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၁၂၉ စုအတွက် ဆန် ၂၄ ပြည်အိတ် ၃၉ အိတ်၊ ဆီပိဿာ ၁၅၀၊ ရေသန့်ဆေးပြား သုံးသောင်း၊ ဓာတ်ဆားမှုန့်အထုပ် ၂၂၅၀၊ အိမ်သာခွက် ၁၄၆ စုံ၊ အိမ်သုံးဆေးဝါးများနှင့် တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စောစဖိုး(မြန်/ဆက်)**

### မိုင်းယောင်းမြို့၌ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကွက်ကွင်းသရုပ်ပြ

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် တောင်သူပညာပေးဆွေးနွေးပွဲနှင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကွက် ကွင်းသရုပ်ပြပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၂၁ ရက်က ဝမ်ဘိုးကျေးရွာအုပ်စု ဝမ်ပုံကျေးရွာ၌ ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဦးအေးကို၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးခင်မောင်ထူးနှင့် မြေအသုံးချရေးတာဝန်ခံ ဒေါ်မြဥမ္မာတို့က တောင်သူများအား သီးနှံအထွက်တိုးရေးအတွက် သွင်းအားစုများ ရွေးချယ်သုံးစွဲနည်းများကို ပညာပေးဟောပြောပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးနှင့် ဝန်ထမ်းများက တောင်သူပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ မျိုးကွဲနုတ်ပယ်ခြင်း၊ ကွန်ပေါင်းဓာတ်မြေသြဇာ ကြဲပက်ခြင်းများကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

# အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မောင်းသူများ မိုးရွာချိန်တွင် သတိပြုမောင်းနှင်ရန်လို

**ရေတာရှည် ဩဂုတ် ၂၂**

မိုးရွာသွန်းမှုများပြားသော ဇူလိုင်လအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် မိုးရွာနေချိန်နှင့် မိုးရွာပြီးစအချိန်များ၌ အဖြစ်များကြောင်း ရေတာရှည်မြို့နယ်အတွင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



အမြန်လမ်းမကြီးပေါ်တွင် မိုးရွာသွန်းသည့်အချိန်အတွင်း အရှိန်မြင့်မောင်းနှင်သည့်ယာဉ်များအနေဖြင့် အန္တရာယ်ဖြစ်ပွားနိုင်သည့်အပြင် မိုးရာသီကာလတွင် အမြန်လမ်းမကြီးတစ်လျှောက် လမ်းပေါက်များစွာရှိရာ ယာဉ်မောင်းများအနေဖြင့် အထူးသတိထား မောင်းနှင်နေရကြောင်း ကိုယ်တိုင်ယာဉ်မောင်းနေသူ တောင်ငူမြို့နေ ဦးအောင်အောင်ကပြောသည်။ "အချို့နေရာတွေမှာ လမ်းပေါက်ကြီးတွေကကြီးတော့ ရှောင်မောင်းရတာတွေရှိတယ်၊ ကားက အရှိန်ပါလာရင် အန္တရာယ်များတာပေါ့၊ တာဝန်ရှိသူတွေကလည်း အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးသင့်ပါတယ်"ဟု ၎င်းက ပြောသည်။

မိုးများလွန်းသည့်အခါ လမ်းပေါ် အချို့နေရာများတွင် ရေဝပ်နိုင်ပြီး ယာဉ်ကို အမြန်မောင်းနှင်စဉ် ရေဝပ်သည့်နေရာများကို ဖြတ်မိသည့်အခါ လမ်းကြောင်းပြောင်းကာ ရွှေ့လျားတတ်သည့်အတွက် မိုးရွာနေချိန်နှင့် မိုးရွာပြီးစလမ်းများစွတ်စိုနေချိန်တွင် မောင်းနှင်ကြသည့် ယာဉ်မောင်းသူများအနေဖြင့် အထူးဂရုပြုကြရန်လိုအပ်ကြောင်းနှင့် လတ်တလော ယာဉ်မတော်တဆမှုဖြစ်စဉ်များမှာလည်း မိုးရွာပြီးစအချိန်များတွင် အဖြစ်များကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**



**မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်း ရန်ကုန်-ပြည် ကားလမ်းပေါ်၌ ဩဂုတ် ၂၁ ရက်က ရေကျော်နေစဉ်။(အုတ်ဖိုမြို့နယ်ရှိ သရက်ပင်ဆိပ်ချောင်းရေလျှံ၍ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ်(၁၁၂/၄) နှင့်(၁၁၂/၅)ကြားတွင် လမ်းပေါ် အလျားပေ ၄၀ ခန့်၌ ရေကျော်နေခြင်းဖြစ်ပြီး ရေကြီးမှုကြောင့် ဥသျှစ်ကုန်းချောင်းနား အမကနှင့် သဖန်းပင်ဆိပ် အလက(ခွဲ) ကျောင်းများကိုလည်း ခေတ္တပိတ်ထားရကြောင်း သိရသည်)**

**အောင်သူဆွေ**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဝက်လက်မြို့၌ပြုလုပ်

**ဝက်လက် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ဟောပြောပွဲကို ဩဂုတ် ၂၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ညွန့်က ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အာဟာရပြည့်ဝစုံလင်စွာ စားသောက်နေထိုင်သွားရေးကိုလည်းကောင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်က အသက် ငါးနှစ်အောက်ကလေးငယ်များ သတ်မှတ်ကာလအတွင်း ကာကွယ်ဆေးများ ထိုးနှံသွားရေးကိုလည်းကောင်း ဟောပြောခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အာဟာရအုပ်စု သုံးအုပ်စု ညီမျှစွာ ချက်ပြုတ်စားသောက်နိုင်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့သရုပ်ပြသည်။ ထို့နောက် ကိုယ်ဝန်ဆောင်မိခင် ၂၉ ဦး၊ အသက် ငါးနှစ်အောက်ကလေးငယ် ၁၀ ဦးနှင့် ပြည်သူ့ဆေးရုံသို့တက်ရောက်နေသော လူနာ ၃၄ ဦးအတွက် တန်ဖိုး ကျပ် ၁၂၀၀၀ ခန့်ရှိ အာဟာရများကိုလည်း မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ထောက်ပံ့ပေးခဲ့ကြသည်။

**မြို့နယ် (မြန်/ဆက်)**

# တိုက်ကြီးတိုးဂိတ်ကို နေရာပြောင်းရွှေ့အသစ်တည်ဆောက်လျက်ရှိ



**တိုက်ကြီး ဩဂုတ် ၂၂**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တာခွကျေးရွာတောင်ဘက်(ရန်ကုန်ဘက်အထွက်) ရန်ကုန်-ပြည် ကားလမ်းပေါ် မိုင်တိုင်အမှတ်(၄၃/၂)နှင့် (၄၃/၃) အကြား၌ မက်(စ်)ဟိုင်းဝေးကုမ္ပဏီက တာဝန်ယူပြီး တိုက်ကြီးတိုးဂိတ်ကို နေရာပြောင်းရွှေ့၍ အသစ်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

တိုက်ကြီးတိုးဂိတ်ကို ပြည်ထောင်စုအစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့၏ ခွင့်ပြုချက်များဖြင့် ထိုနေရာတွင် တည်ဆောက်ခြင်းဖြစ်ကာ တိုးဂိတ်ကို ခရီးသည်တင်ကားများသွားလာရန် လမ်းများ၊ ကုန်တင်ကားများသွားလာရန် ကတ္တားများနှင့် လူသွားလမ်းများပါ ထည့်သွင်း၍ စနစ်တကျဆောက်လုပ်မည်ဟု တိုးဂိတ်ဆောက်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တိုက်ကြီးတိုးဂိတ် အဟောင်းသည် တိုက်ကြီးမြို့အဝင် ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၄၆/၃)တွင် တည်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်၍ လုပ်ငန်းလုပ်ကိုင်ခဲ့ကာ ထို့နောက်တွင် ဦးပိုင်ကုမ္ပဏီက တာဝန်ယူလုပ်ကိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ မက်(စ်)ဟိုင်းဝေးကုမ္ပဏီက BOT စနစ်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်-ပြည်လမ်းပိုင်း မိုင်တိုင်အမှတ်(၂၂/၃)မှ(၃၃၀/၀)အထိ လမ်းအရှည် ၃၀၈ မိုင် ၁ ဖာလုံကို တာဝန်ယူဆောင်ရွက်လုပ်ကိုင်ခဲ့သည်။

ထို့နောက် အဆင့်မြင့်တိုးဂိတ်အသစ်ကို ယင်းနေရာတွင်ပင် ပြန်လည်တည်ဆောက်နေစဉ် တိုက်ကြီးမြို့မှကားများကို လမ်းကြေး၊ မြို့ဝင်ကြေးကောက်ယူခြင်းကိစ္စနှင့်ပတ်သက်၍ မပြေလည်မှုများကြောင့် တိုးဂိတ်အသစ်ဆောက်လုပ်ခြင်းကို ရပ်ဆိုင်းထားရန်နှင့် နေရာပြောင်းရွှေ့ရန် တိုက်ကြီးမြို့မှ ယာဉ်ပိုင်ရှင်အချို့နှင့် ယာဉ်မောင်းအချို့က ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုကိစ္စနှင့်ပတ်သက်၍ တိုက်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ လမ်းဦးစီးဌာန၊ တိုးဂိတ်တာဝန်ရှိသူများနှင့် ယာဉ်ပိုင်ရှင်များ တွေ့ဆုံညှိနှိုင်းခဲ့ကြသော်လည်း ပြေလည်မှုမရ၍ ယခု နေရာသစ်တွင် အဆင့်ဆင့် တာဝန်ရှိသူများ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# မင်းလှ၌ ခရိုင်အဆင့် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား စည်ကားစွာကျင်းပ

**မင်းလှ ဩဂုတ် ၂၂**
ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ သာယာဝတီခရိုင်ကိုယ်စားပြု ခရိုင်အဆင့် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲကို မင်းလှမြို့နယ် အမှတ် (၂) ရပ်ကွက် မြို့မစာသင်တိုက်၌ ဩဂုတ် ၂၁ ရက်က ကျင်းပခဲ့သည်။

ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားတွင် တက်ရောက်လာသူများက ကရင်အမျိုးသားသီချင်း သီဆို၍ ကရင်အမျိုးသားအလံကို အလေးပြုကြပြီးနောက် ကြို့ပင်ကောက်မြို့ ချောင်းခွကျေးရွာ ဆရာတော်က ဩဝါဒချီးမြှင့်ကာ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးက ကရင်ရိုးရာ လက်ချည်ပွဲတွင် အဓိကပါဝင်သောပစ္စည်းကိုးမျိုးအကြောင်းနှင့်ကျင်းပသည့်ရည်ရွယ်ချက်များ၊ ကျင်းပပုံများကို ရှင်းလင်းပြောကြားသည်။ ကွဲကွာနေသောဆွေမျိုးများ ပြန်လည်ဆုံတွေ့စေရန်နှင့် ကရင်အမျိုးသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရန် ရည်ရွယ်ချက်များဖြင့် ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစောကြည်စိုး၊ သာယာဝတီခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ စောသောင်းကြီးနှင့် မင်းလှမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်တို့က ကရင်တိုင်းရင်းသားတို့ စည်းလုံးညီညွတ်စွာ နေထိုင်ရေးနှင့် ဘာသာစကား၊ ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ကြရေးအတွက် အမှာစကားများပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် ကရင်တိုင်းရင်းသား အကြီးအကဲများက လက်ချည်ပွဲသို့တက်ရောက်လာသော ခရိုင်အတွင်းရှိ ကရင်တိုင်းရင်းသားလူငယ် ၁၂၀၀ ခန့်အား ညာလက်တွင် ချည်ဖြူသုံးပတ်ချည်နှောင်ပေးပြီး ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ဘိုကလေးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးက ကျေးရွာအရောက် ကွင်းဆင်းဝန်ဆောင်မှုပေး

**ဘိုကလေး ဩဂုတ် ၂၂**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းမှ ပြည်သူများအတွက် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး၏ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဩဂုတ် ၂၁ ရက်က ဘုရားသုံးဆူကျေးရွာအုပ်စု သပြေကုန်းကျေးရွာ၌ ကွင်းဆင်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ကာ အသိပညာပေးဟောပြောပွဲကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးရှိ ဌာန ၁၁ ခုမှ ဝန်ထမ်းများက ဝန်ဆောင်မှုများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်သည်။ ဟောပြောပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ရုံး၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယဉ်ကြည်က တရားဥပဒေစိုးမိုးရေးနှင့် မူခင်းလျော့နည်းကျဆင်းရေးဆိုင်ရာသိကောင်းစရာများ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးဇေယျာထက်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဥပဒေများ၊ ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးစသန်းထူးက ကျန်းမာရေးဆိုင်ရာသိကောင်းစရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးသက်နိုင်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးစိုးသူက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်မြင့်စိုးက လယ်မြေများတွင် ရွှေခရုအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်အိအိမော်က ကျေးလက်လမ်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဟောပြောဆွေးနွေးခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲနှင့်အတူ မြင်းကောင်ရေ ၂၀ အောက် စက်တပ်ရေယာဉ်လိုင်စင် လျှောက်ထားသူများအတွက် လိုင်စင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်းကောင်း၊ ရေလုပ်သားမှတ်ပုံတင် လျှောက်ထားကြသူများအတွက် လုပ်သားမှတ်ပုံတင်များကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဝန်ထမ်းများကလည်းကောင်း ပြုလုပ်ပေးခဲ့သည်။

ဘိုကလေးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးအနေဖြင့် မြို့နယ်အတွင်းရှိ အခြားကျေးရွာအုပ်စု ၇၅ စု၌လည်း ယခုလို ကျေးရွာအရောက် ရွေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လစဉ် အလှည့်ကျ ကွင်းဆင်းသွားရောက်၍ ဝန်ဆောင်မှုများဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်းလည်း မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး ကြီးကြပ်မှုကော်မတီထံမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## သတင်းတိုများ

### သုံးခွမြို့နယ်မှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ထုံးကြီးကျေးရွာအုပ်စုနှင့် ဇွဲထော်ကျေးရွာအုပ်စုတို့တွင် ဩဂုတ် ၂၀ ရက် နံနက် ၅ နာရီခွဲခန့်က လေပြင်းတိုက်ခတ်ခံရ၍ ဒေါင့်ကြီးကျေးရွာဘုန်းတော်ကြီးကျောင်းတွင် နတ်လမ်းအမိုးများ ပျက်စီးခဲ့သလို အိမ်သုံးလုံး ပြိုကျခဲ့ပြီး အိမ် ၁၄ လုံး အမိုးများလန်သွားခဲ့ကြောင်းသိရသည်။ အဆိုပါ လေဘေးသင့်အိမ်ထောင်စုများမှ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က ဒေါင့်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပေးသည့် တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ၊ တာပေါ်လင်စများကို သုံးခွမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဝင်းနိုင်၊ ဒုတိယတပ်ဖွဲ့မှူး ဦးခင်ထွန်းနှင့် မြို့နယ်ကြက်ခြေနီအသင်းဝင်များက လေဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့သည်။

**ကြည်စိုးလွင် (သုံးခွ)**

### ပန်းတနော်မြို့၌ မြစ်ရေဆက်လက်မြင့်တက်လာ၍ စာသင်ကျောင်းနှစ်ကျောင်း ထပ်မံပိတ်ထား

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် မိုးများသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေဆက်လက်မြင့်တက်လာမှုကြောင့် စာသင်ကျောင်း နှစ်ကျောင်းကို ဩဂုတ် ၂၀ ရက်တွင် ထပ်မံပိတ်ထားရကြောင်း သိရသည်။ မြစ်ရေဆက်လက်မြင့်တက်လာမှုကြောင့် အမက(ကာကကျွန်း)နှင့် အမက-လက်ကျာ(ကဇင်းငူ)စာသင်ကျောင်း နှစ်ကျောင်းတို့ကို ထပ်မံပိတ်ထားရခြင်းဖြစ်ပြီး ဩဂုတ် ၂၀ ရက်မှ ၂၇ ရက်အထိ ယာယီပိတ်ထားမည်ဖြစ်ကာ မြစ်ရေပြန်လည်ကျဆင်းသွားပါက ကျောင်းပိတ်ခဲ့ရသော ရက်များအတွက် တနင်္ဂနွေနှင့် အဖိတ်နေ့တိုင်း ပြန်လည်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပုသိမ်မြို့တွင် ငဝန်မြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ငဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၂၁ ရက်က ငဝန်မြစ်ကမ်းဘေးရှိ ရေပေါ်ဈေးနေရာ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစောအောင်ရဲထွဋ်လွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ငဝန်မြစ်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ရွှေဝါငါးကြင်း ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀ နှင့် ငါးရှဉ့် ၅၀၀ တို့ကို မျိုးစိုက်ထည့်ပေးခဲ့သည်။ ငါးသယံဇာတများ မပြုန်းတီးရေးနှင့် ငါးသယံဇာတ ဖွံ့ဖြိုးရေးအတွက် မြို့နယ်အတွင်းရှိ လယ်ကွင်းများနှင့် ချောင်းများအတွင်းသို့လည်း ငါးများ ဆက်လက်မျိုးစိုက်ထည့်သွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### နမ့်ခမ်းမြို့၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း၏ စာဖတ်ဝိုင်းကျင်းပ

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း၏ စာဖတ်ဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ဩဂုတ် ၂၂ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်နေခြည်သွေးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမန်းညွန့်ကြည်က ဒေါက်တာကျော်စိန်ရေးသားသည့် ‘သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ’ စာအုပ်ကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဝင် ဒေါ်ဇက်နန်မိုင်(မေဇက်-မူဆယ်)က ဆရာဟန်စိုး၏ ‘ယုံကြည်ခြင်းတွေပေးပါနှင့် စိတ်အာဟာရဖြည့်စာစုများ’ ကိုလည်းကောင်း ဆိုလိုရင်းနှင့် မှတ်သားသင့်သောအကြောင်းအရာများကို ဖတ်ကြားရှင်းလင်းကာ စာဖတ်ဝိုင်းသို့တက်ရောက်လာကြသော လူငယ်များက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ နမ့်ခမ်းမြို့၌ စာဖတ်ဝိုင်းများကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

### ထီးလင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဟောပြော

ထီးလင်းမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ ရက်က ထန်းပင်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိဒ္ဓိက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့ရပ်/ရွာဝန်းကျင်အနီးရှိ သစ်တော ဝါးတောများကို ထိန်းသိမ်းစောင့်ရှောက်ရေးကိုလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးကိုကိုမျိုးက သစ်ပင်များစိုက်ပျိုးရေးနှင့် စိုက်ပျိုးသည့် သစ်တော/သစ်ပင်များကို တရားဝင်မှတ်ပုံတင်ရေးကိုလည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဝင်းလှိုင်က မြေယာဥပဒေများနှင့်ပတ်သက်၍လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်သူဝင်းက မျိုးကောင်းမျိုးသန့်နွားများမွေးမြူရေးနှင့် နွားစာအတွက် နေပီယာမြက်မျိုးများ အခမဲ့ဖြန့်ဝေပေးနေမှုအခြေအနေကိုလည်းကောင်း၊ ကျွဲ၊ နွားများ ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။

**(၁၀၁)**

### ခေါ်ဇာမြို့၌ကော်မတီသုံးရပ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်

မွန်ပြည်နယ် ခေါ်ဇာမြို့၌ မြို့ကော်မတီသုံးရပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက်က ခေါ်ဇာမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် မြို့စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ကော်မတီဝင်များက မြို့၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# သူ့အမြင် ကိုယ့်အသိ

**ပိတောက်ဂိုဂို (ကညန)**



နံနက်စောစောစီးစီး အလုပ်သွားရန် ပြင်ဆင်ထားပြီးမှ စိတ်တိုစရာက ပေါ်လာရပြန်သည်။ ယခုလည်းကြည့်။ စားပွဲပေါ်တွင်ထားနေကျ၊ မိမိရုံးသွားလျှင် အမြဲယူသွားနေကျအရာ မရှိတော့။ သေချာသည်။ ဖေဖေ့လက်ချက်။ စောစောစီးစီး မျက်နှာစူပုပ်နေသော မိမိအား "ဘာဖြစ်ပြန်ပြီလဲ" ဟု မေမေကမေးတော့ မဖြေချင်လည်း ဖြေရဦးမည်။ "ဖေဖေပေါ့။ သမီး ဆိုင်ကယ်ဦးထုပ်ယူဆောင်းသွားပြန်ပြီ။ နောက်ထပ်အသစ်တစ်လုံး ဝယ်ပါဆိုတော့ မဝယ်ချင်ဘူး။ လမ်းဆုံမှာ Surprised Check ရှိတယ်။ ရှောင်ရကွင်းရပြန်ဦးမယ်"။ လမ်းကြိုလမ်းကြားက ဖြတ်သွားရမည်ဖြစ်သဖြင့် မိမိဆိုင်ကယ်အသစ်ကလေးကို နှမြောစွာကြည့်ရင်း ပြောမိသည်။ ညည်းညူနေ၍ မပြီးသေး။ ရုံးတွင် အစည်းအဝေးရှိသည်။ နောက်ကျ၍မဖြစ်။ "ဆိုင်ကယ်ဦးထုပ် မဆောင်းရတော့ ဆံပင်ကေ မပျက်တော့ဘူးပေါ့"ဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်လိုက်သဖြင့် အလိုလိုပြုံးမိလာသည်။ သို့သော် အပြည့်အဝမပျော်နိုင်သေး။ ယာဉ်ထိန်းရဲ အဖမ်းခံရလျှင် ဒဏ်ရိုက်ခံရမည်။ တရားရုံးသွား၊ ဒဏ်ငွေဆောင်၊ ဘာဆောင်ညာဆောင်၊ အလုပ်ရှုပ်လှသည်။ တစ်လ တစ်လရသည့်လစာကမှ သုံးမလောက်ရသည့်အထဲ ယာဉ်ထိန်းရဲဖမ်း၍ ဒဏ်ငွေဆောင်ရမည်ဆိုလျှင် မလွယ်ကူလှ။ ရုံးပြန်မှ ဖေဖေ့ကို စိတ်ကောက်ရဦးမည်။ ခုမှ သတိရမိသည်။ ယနေ့ညနေ နေပြည်တော် အလည်လာသည့် သူငယ်ချင်းနှင့်တွေ့ဖို့ ချိန်းထားသည်။ ဆိုင်ကယ်ဦးထုပ်လည်း ဆောင်းစရာမရှိသည့်အပြင် သူငယ်ချင်းနှင့်လည်း တွေ့ရမည်ဖြစ်သဖြင့် ဆိုင်ကယ်ဖြင့် ရုံးမသွား တော့။ ရုံးဖယ်ရီနှင့်ပဲ လိုက်မည်။

### ကိုယ့်အသက် အန္တရာယ်

ဒီနေ့ ညနေခင်းကိုအမြန်ရောက်ချင်လှသည်။ တစ်နေ့တာ ရုံးတာဝန်များအကြား လုံးချာပတ်ချာလည်နေသော မိမိအဖို့ ညနေခင်းတွင် သူငယ်ချင်းနှင့်တွေ့ရမည့်အဖြစ်ကိုတွေးပြီး စိတ်ပေါ့ပါးမိသည်။ ဖယ်ရီတွေသာ တစ်စီးပြီး တစ်စီး ထွက်သွားပြီ။ ချိန်းထားသည့်အချိန်ကျော်လွန်သည်အထိ သူငယ်ချင်းရောက်မလာသေး။ ရောက်လာပြန်တော့ ဆိုင်ကယ် Wheel Tag မပါ။ ဦးထုပ်လည်း မဆောင်းသဖြင့် ရှောင်ကွင်းမောင်းလာရကြောင်း သိရပြန်တော့ စိတ်တိုမိသော်လည်း မည်သို့မျှမတတ်နိုင်။ ဥပဒေအရ ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားကို တစ်ပါတည်း မယူဆောင်လိုခြင်း၊ အန္တရာယ်ကင်းရှင်းစေရေး ရည်ရွယ်၍ ဆောင်းရန် ပြဋ္ဌာန်းထားသော်လည်း မဆောင်းလိုသဖြင့် ယခုလို ခိုးကြောင်ခိုးဝှက်သွားလာနေရခြင်းကို အပြစ်တင်၍ ကိုယ့်အသက်အန္တရာယ်ကသာ အရေးကြီးဆုံးဖြစ်ကြောင်း ပြောမိသည်။

"လူတိုင်းကတော့ ဆိုင်ကယ်မှောက်ပြီး သေမယ့်အထဲမှာ ကိုယ်မပါဘူးထင်ကြတာပဲ။ ဆိုင်ကယ်မှောက်မယ်မှန်း၊ ဆိုင်ကယ်တိုက်မယ်မှန်း ဘယ်သူမှ ကြိုမသိနိုင်ကြဘူး။ ရဲဖမ်းမှာ ကြောက်တာထက် မမျှော်လင့်ဘဲ ရုတ်တရက်သေသွားမှာကို မကြောက်သင့်ဘူးလား။ ဆိုင်ကယ်မှာက အပိုပစ္စည်း ဝယ်လဲလို့ရတယ်။ လူ့အသက်၊ လူ့ခန္ဓာမှာက အပိုပစ္စည်း မပါဘူးနော်။ ဒီတော့ ကိုယ့်လုံခြုံမှုအတွက် ဦးထုပ်လေးတော့ ဆောင်းကိုဆောင်းမှပေါ့" ဟု ခရားရေလွှတ် ပြောမိသည်။

သူငယ်ချင်းက "နင်လည်း ဘေးကင်းလုံခြုံမှု၊ ဘေးကင်းလုံခြုံမှုနဲ့သာ ခဏခဏပြောနေတာ နင့်ဦးထုပ်က တကယ်ရော အသက်အန္တရာယ်ကာကွယ်ပေးနိုင်လို့လား"ဟု ခနဲ့တဲ့တဲ့ ပြောသည်။ ကျွန်မက "အေး-နင့်လိုပဲ ဆိုင်ကယ်စီးတဲ့သူတော်တော်များများက ဦးထုပ်မဆောင်းချင်ကြဘူး။ မြို့ပေါ်မှာဆိုရင် ၅၈ ရာခိုင်နှုန်း၊ ကျေးလက်မှာဆို ၃၀ ရာခိုင်နှုန်း၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆို ၄၈ ရာခိုင်နှုန်းလောက်ပဲ ဆောင်းပြီး ၅၂ ရာခိုင်နှုန်းက ဆောင်းဖို့လိုသေးတယ်။နင်က အဲ့ဒီ ၅၂ ရာခိုင်နှုန်းထဲမှာပါတယ်။ ဦးထုပ်မဆောင်းလို့ သေတဲ့-လူတွေမှ တစ်ပုံကြီး။ မဆောင်းတာက ဆောင်းတာထက် ဒဏ်ရာရတာက ၂ ဒသမ ၂ ဆ၊ သေတာက ၅ ဒသမ ၆ ဆ ပိုတယ်၊ နင် ဘာသိလဲ" ဟုအော်မိသည်။ သူက အားကျမခံဘဲ "ဆိုင်ကယ်ဦးထုပ်ဆောင်းလည်း ခေါင်းထိမိလို့ အရေးပေါ်ဌာနမှာလူနာတွေမှ အများကြီး။ တချို့ဆို ဦးထုပ်ကြေမွကုန်လို့ အဲ့ဒီအပိုင်းအစတွေကြောင့်တောင် ပိုဆိုးသွားတဲ့ လူနာတွေတောင်ရှိသေး" ဟု ပြန်ပြောလေသည်။ ဒီလိုသာ စကားရည်လုနေရင် ဒီနေ့ မုန့်စားရတော့မည်မဟုတ်။ စိတ်တိုတိုနှင့် "ကဲ-ကြာတယ်၊ မြို့မစျေးက Plan B ကိုမောင်း၊ ဦးထုပ်မပါ၊ ဘာမပါနဲ့ လိုက်ရမှာတော့ တစ်မျိုးကြီးပဲ" ဟု ပြန်ပြောလိုက်သည်။ မောင်းပို့ရှာပါသည်။

### အဖြစ်သဘောဖြင့် ဆောင်းနေကြ

မြို့မစျေး Plan B တွင် စျေးရှူခင်းကို အပေါ်စီးက ကြည့်ပြီးတော့ ကျွန်မတွေးတောနေမိသည်။ သူပြောသလို ပင် အဖမ်းမခံရဖို့သာ အဓိကထားပြီး ဆိုင်ကယ်စီးဦးထုပ်မဟုတ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဦးထုပ်များ၊ လုံခြုံရေးအဖွဲ့အစည်းများ အသုံးပြုနေကြသည့် ဦးထုပ်များကို အဖြစ်သဘောဖြင့် ဆောင်းနေကြတာကို တွေ့မြင်နေရပါသည်။ မည်သည့်အသုံးအဆောင် ပစ္စည်းဖြစ်ဖြစ် ပစ္စည်းတိုင်းတွင် ယင်းတို့၏ အရည်အသွေးသတ်မှတ်ချက် ပါရှိပြီးသားဖြစ်သည်။ မိမိနေ့စဉ်သုံးနေကျ မိတ်ကပ်တွင်ပင် အသားအရေကြည်လင်စေ၍ ရေဓာတ်ဖြည့်ပေးသည့် အာနိသင်၊ နေရောင်ဒဏ်ကာကွယ်နိုင်သည့် အဆင့်သတ်မှတ်ချက် SPF (Sun Protection Factor) စသည်ဖြင့် ပိုမိုကောင်းမွန်ထိရောက်စေရန် အမျိုးမျိုးထပ်လောင်း အားဖြည့်ပါဝင်နေကြပါသည်။

သူ့ကိုလည်းဆက်ပြီး "ဆိုင်ကယ်စီးဦးထုပ်မှာ ကိုယ့်အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ဖို့ စံသတ်မှတ်ချက်တွေရှိတယ်။ ဒီကနေ့ခေတ်မှာ ကမ္ဘာမှာမက အာဆီယံအဖွဲ့ဝင် နိုင်ငံတွေမှာလည်း Helmet Standard တွေ သတ်မှတ်ပြီး အဲ့ဒီသတ်မှတ်ချက်တွေနဲ့အညီ ထုတ်လုပ်အသုံးပြုနေကြတယ်။ ကမ္ဘာမှာ အကြီးဆုံး အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ UN အဖွဲ့အစည်းကလည်း တစ်ကမ္ဘာလုံးအသုံးပြုနေကြတဲ့ မော်တော်ယာဉ်နဲ့ဆိုင်တဲ့သတ်မှတ်ချက်တွေ တစ်ပြေးညီဖြစ်ဖို့ လုပ်နေကြပြီ။ UN ရဲ့ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တွေ အများကြီးထဲကမှ Helmet နဲ့ဆိုင်တဲ့ စည်းမျဉ်းသတ်မှတ်ချက်တွေ၊ မော်တော်ယာဉ်ရော၊ ယာဉ်အစိတ်အပိုင်းနဲ့ပါဆိုင်တဲ့ ပစ္စည်းတွေအတွက် သတ်မှတ်ထားတဲ့ 1958 သဘောတူညီချက်ဆိုတာရှိတယ်။ အဲ့ဒီသဘောတူညီချက်ရဲ့ နောက်ဆက်တွဲတွေအဖြစ် စည်းမျဉ်းသတ်မှတ်ချက် ၁၄၀ လောက်ရှိတယ်ဟာ။ အဲ့ဒီထဲမှာ Helmet Standard နဲ့ ဆိုင်တာက UN Regulation 22 ။ အဲ့ဒီ UNR 22 မှာ ဦးထုပ်တစ်လုံးရဲ့ အလေးချိန်က ဘယ်လောက်ရှိရမယ်။ သူ့ရဲ့ ဖွဲ့စည်းပုံက ဘယ်လို၊ ရှေ့လေကာမှန်က ဘယ်လိုအနေအထား၊ ဦးခေါင်းကို ဘယ်လောက်ကာကွယ်နိုင်ရမယ်။ အဲ့လို သတ်မှတ်ချက်တွေ အပြင် အဲ့ဒီအစိတ်အပိုင်း တစ်ခုချင်းစီကို ဘယ်လိုစမ်းသပ်စစ်ဆေးရမယ်။ ဦးထုပ်ကို ဆောင်းလိုက်တဲ့အချိန်မှာ မိမိရဲ့ ဘေးဘီဝဲယာ အမြင်ကို ကွယ်နေတာမျိုး၊ မေးသိုင်းကြိုးရဲ့ ခံနိုင်ရည်၊ မြဲမြံမှု၊ ပြင်ပဖိအား / ထိခိုက်မှုခံနိုင်ရည်၊ အတွင်းသားလိုင်နာ အထူ/အပါးစသဖြင့်ပေါ့။ ဒီဦးထုပ်က ဘယ်နှပေ အမြင့်ကနေကျရင်၊ ဘယ်လောက်အလေးချိန်နဲ့ ဖိအားခံနိုင်တယ်။ စိတ်ဝင်စားစရာတွေချည်းပဲ။ အဲ့ဒီ UN အသိအမှတ်ပြု ဆိုင်ကယ်ဦးထုပ်တွေမှာ E-Mark ဆိုတဲ့ E အမှတ်အသားပါပြီး သတ်မှတ်ထားတဲ့ စစ်ဆေးချက်တွေကို အောင်မြင်မှ အဲ့ဒီ ဦးထုပ်တွေကို စျေးကွက်မှာဖြန့်ဖြူးရောင်းချကြတာ။ UNR 22 နဲ့အညီ ထုတ်လုပ်ထားတဲ့ ဦးထုပ်တွေကိုပဲ တင်သွင်းခွင့်ပေးပြီး အသုံးပြုတဲ့ နိုင်ငံတွေလည်းရှိတယ်။ ပေါက်ပေါက်ဖောက်သကဲ့သို့ ပြောနေသော ကျွန်မကို သူက E-Mark ပါတဲ့ ဦးထုပ်ဆိုပြီးတော့ မကြားမိဘူးနော်" ဟု ပြန်ပြောပါသည်။

### အဆင့်မီ ဦးထုပ်များဆောင်းသင့်

မှန်ပေသည်။ ကျွန်မတို့ နိုင်ငံတွင် Standard သတ်မှတ်ချက် မရှိသေးသဖြင့် အသုံးပြုမည့် ပြည်သူများက မသိနိုင်သောကြောင့် ယခုလိုမျိုး စမ်းသပ်ချက်အဆင့်ဆင့်ကို ဖြတ်ကျော်ပြီး ထုတ်လုပ်ထားသည့် ဦးထုပ်များရှိကြောင်းကို သိရှိသူ နည်းပါးလှသဖြင့် အသိပေးရန်လိုအပ်ပါသည်။ UN အသိအမှတ်ပြု Standard တစ်ခုဖြစ်သည့် E-mark ပါ ဦးထုပ်များကိုဆောင်းသင့်ပြီး မိမိအသက်အန္တရာယ် "ကာကွယ်ရန်ဖြစ်သည့်အတွက် ဒီလိုအကြောင်းအရာတွေက အလှမ်းကွာတယ်၊ နားမလည်ဘူး" ဟု မတွေးစေချင်ပါ။

သူငယ်ချင်းနှစ်ယောက်သား စားလည်းစား၊ သူ့အမြင်နှင့် ကိုယ့်အသိလေးကို ဝေမျှအပြီးတွင် "မသိဘူး၊ မလုပ်ဘူး" ဟု "ဘူး" တစ်လုံးဆောင်ကာ ငြင်းချင်သော ကျွန်မသူငယ်ချင်းလည်း ဟုတ်ကြောင်းမှန်ကြောင်း ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေရှာပါတော့သည်။

မိမိလက်လှမ်းမီသလောက် လေ့လာကြည့်မည်ဆိုလျှင် အာဆီယံနိုင်ငံများအနက် မြန်မာနိုင်ငံသည် ယာဉ်တိုက်မှုကြောင့် သေဆုံးမှု တတိယအများဆုံးနိုင်ငံဖြစ်ပါသည်။ ယာဉ်တိုက်မှု များပြားလာခြင်း၏ အကြောင်းရင်းများတွင် ယာဉ်စီးရေတိုးပွားလာခြင်းကလည်း အဓိကအကြောင်းအရင်း တစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ယခုလက်ရှိအချိန်၌ ယာဉ်စီးရေ ခုနစ်သန်းရှိပြီး ငါးသန်းကျော်မှာ မော်တော်ဆိုင်ကယ်ဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် စုစုပေါင်း ယာဉ်စီးရေ၏ ၈၂ ရာခိုင်နှုန်းကျော် ဖြစ်ပါသည်။ ထို့အပြင် ယာဉ်တိုက်မှု စုစုပေါင်း၏ ၄၉ ဒသမ ၄၄ ရာခိုင်နှုန်းမှာ မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။

မော်တော်ဆိုင်ကယ်တိုက်မှုဖြစ်ပွားရာတွင် မောင်းသူသည် ဆိုင်ကယ်ပေါ်မှ ပြုတ်ကျမည်။ မြေပြင်သို့ လွင့်စဉ်ကျရာတွင် မြေပြင်နှင့်ဖြစ်စေ၊ မြေပြင်ပေါ်ရှိ အရာဝတ္ထုတစ်ခုခုနှင့်ဖြစ်စေ တိုက်မိမည်။ ဦးခေါင်းထိခိုက်ဒဏ်ရာရမည်။ ဦးခေါင်းထိခိုက်မိပါက ဦးနှောက်ကိုပါ ဒဏ်ရာရစေနိုင်သည်။ အခြားခန္ဓာကိုယ် အစိတ်အပိုင်းများ ထိခိုက်မိပါကလည်း ကျိုးပဲ့ဒဏ်ရာရကာ ဆုံးရှုံးမှုများစွာ ဖြစ်နိုင်ပါသည်။ မော်တော်ဆိုင်ကယ်တိုက်မှုဖြစ်ပွားပါက မော်တော်ဆိုင်ကယ် မောင်းသူသာမက စီးနင်းသူပါ ဒဏ်ရာရကြသည်၊ သေကြသည်။ သေဆုံးသူအများစုမှာ ဦးခေါင်းတွင် ဒဏ်ရာရသေဆုံးကြခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။

### ဦးထုပ်ဆောင်းရခြင်း အကျိုး

မော်တော်ကားတွင် မောင်းသူ၊ စီးသူကို ကားဘော်ဒီက အကာအကွယ်ပေးနိုင်သော်လည်း ဆိုင်ကယ်တွင် မောင်းသူ၊ စီးသူအား အကာအကွယ်ပေးနိုင်သည့် ဘော်ဒီမရှိ။ သို့ဖြစ်၍ မော်တော်ဆိုင်ကယ်စီးနင်းသူများအတွက် တစ်ခုတည်းသော အကာအကွယ်ဖြစ်သည့် ဆိုင်ကယ်စီးဦးထုပ်ကို မဖြစ်မနေ ဆောင်းသင့်သည့်အပြင် တစ်ဖက်တွင်လည်း အရည်အသွေးပြည့်မီ၍ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်မည့်ဦးထုပ်များဖြစ်ရန် အရေးကြီးလှပါသည်။

ဆိုင်ကယ်ဦးထုပ်ဆောင်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိမိအသက်အန္တရာယ်ကို ကာကွယ်နိုင်ဖို့ဖြစ်ပါသည်။ ယာဉ်တိုက်မှု လုံးဝ လျော့ကျကွယ်ပျောက်သွားရန် အပြည့်အဝအာမ မခံနိုင်သော်ငြားလည်း အကယ်၍များ မတော်တဆမှုဖြစ်ခဲ့သည်ရှိသော် မိမိကိုယ်ကို ကာကွယ်ပေးနိုင်ရေးအတွက် ဦးစားပေးစဉ်းစားပြီး အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီး ဦးထုပ်များဆောင်းရန် လိုအပ်ကြောင်း မိမိတို့နိုင်ငံရှိ မော်တော်ဆိုင်ကယ်စီးနင်းသူ ပြည်သူများသိရှိရန် အလွန်လိုအပ်လှပေသည်။ ထို့ကြောင့် ဆိုင်ကယ်စီးဦးထုပ်နှင့် ပတ်သက်သည့် အသိပညာ၊ ဗဟုသုတများအား မိတ်ဆွေသူငယ်ချင်း၊ အပေါင်းအသင်းများမှတစ်ဆင့် လူ့အဖွဲ့အစည်းဆီသို့ အသိပညာဖြန့်ဝေရေးသည် နည်းလမ်းကောင်းတစ်ခုဖြစ်သောကြောင့် မိမိသူငယ်ချင်းကို ပထမခြေလှမ်းအနေဖြင့် ရသမျှအချိန်လေးအတွင်း ဝေမျှခဲ့မိပါသည်။ ။

> **"မော်တော်ကားတွင် မောင်းသူ၊ စီးသူကို ကားဘော်ဒီက အကာအကွယ်ပေးနိုင်သော်လည်း ဆိုင်ကယ်တွင် မောင်းသူ၊ စီးသူအား အကာအကွယ်ပေးနိုင်သည့် ဘော်ဒီမရှိ။ သို့ဖြစ်၍ မော်တော်ဆိုင်ကယ်စီးနင်းသူများအတွက် တစ်ခုတည်းသော အကာအကွယ်ဖြစ်သည့် ဆိုင်ကယ်စီးဦးထုပ်ကို မဖြစ်မနေ ဆောင်းသင့်သည့်အပြင် တစ်ဖက်တွင်လည်း အရည်အသွေးပြည့်မီ၍ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်မည့် ဦးထုပ်များဖြစ်ရန် အရေးကြီးလှ"**

## ဒလမြို့နယ်တွင် စာသင်ကျောင်းများ ပုံမှန်ဖွင့်လှစ်လျက်ရှိ

ဒလ ဩဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ပြီး ဒလမြို့နယ်ရှိ မြစ်ကမ်းနားနှင့် အချို့သော မြေနိမ့်ပိုင်းရပ်ကွက်များသို့ ဝင်ရောက်မှုများရှိသော်လည်း မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများအား ပိတ်ထားခြင်းမရှိဘဲ ပုံမှန်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်မှုကြောင့် မြို့နယ်အတွင်း အချို့သောရပ်ကွက်များတွင် ရေများဝင်ရောက်ပြီး ဒူးဆစ်လောက်နီးပါး ရေတက်ခဲ့ကြောင်း အဆိုပါဒီရေဝင်ရောက်မှုများကြောင့် နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ "ဒီရေတက်ပေမယ့် စာသင်ကျောင်းတွေအနေနဲ့ စာသင်ပျက်လောက်တဲ့အထိ ကျောင်းများအတွင်း ရေဝင်ရောက်ပြီး ကျောင်းပိတ်ထားရတာမျိုးမရှိပါဘူး။ ပုံမှန်ဖွင့်လှစ်နေပါတယ်" ဟု မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းတစ်ဦးကပြောသည်။ ဒလမြို့ပေါ်တွင် အခြေခံပညာကျောင်း ၃၂ ကျောင်း၊ ကျေးရွာများတွင် အခြေခံပညာကျောင်း ၄၄ ကျောင်းနှင့် ဘုန်းတော်ကြီးသင်စာသင်ကျောင်း သုံးကျောင်းရှိကြောင်း သိရပြီး ထူးကဲဒီရေတက်မှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရခြင်းမရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး (ဒလ)**




## အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ **ခေါ်ယူသည့်တင်ဒါ** - ရန်ကုန်တက္ကသိုလ်ပရဝုဏ်အတွင်း (ဘွဲ့နှင်းသဘင်ခန်းမအတွင်းမပါ) ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း

၂။ **တင်ဒါသက်တမ်း** - ၈-၁၁-၂၀၁၈ ရက်နှင့် ၇-၁၁-၂၀၁၉ ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဘွဲ့နှင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၄။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၀-၂၀၁၈ ရက် (ကြာသပတေးနေ့)၊ ရုံးချိန်အတွင်း

၅။ **တင်ဒါပုံစံပိတ်မည့်ရက်** - ၁၁-၁၀-၂၀၁၈ ရက် (ကြာသပတေးနေ့) ရုံးချိန်အတွင်း

၆။ **တင်ဒါတင်သွင်းရမည့်ရက် အချိန်၊ နေရာ** - ၁၆-၁၀-၂၀၁၈ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၀၀ နာရီ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ကောင်စီခန်းမ

၇။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တက္ကသိုလ်**

## မိခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်အထက(ခွဲ) အဋ္ဌမတန်း(B)မှ မစန္ဒာဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်ကြွယ်ကြွယ် ၉/နထက(နိုင်)၁၂၂၁၇၉ ဖြစ်ပါသည်။ **ဒေါ်ကြွယ်ကြွယ်**

## မိဘအမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မနှင်းရွှေရည်လင်း၏ မိဘအမည်မှန်မှာ ဦးမောင်ငွေ ၉/နထက(နိုင်)၁၄၅၁၃၇ နှင့် ဒေါ်အေးအေးခိုင် ၉/နထက(နိုင်)၁၃၆၉၂၄ ဖြစ်ပါသည်။ **ဦးမောင်ငွေ-ဒေါ်အေးအေးခိုင်**

## အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်အထက(ခွဲ) စတုတ္ထတန်းမှ (ဘ) ဦးထွန်းဝင်း၏သမီး အမည်မှန်မှာ မအိဇင်ကျော် ဖြစ်ပါသည်။ **မအိဇင်ကျော်**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ရှိုင်းမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဦးငွေး ၈/ပခက(နိုင်)၂၈၄၅၅၃ ဖြစ်ပါသည်။ **ဦးဦးငွေး**

## ဖခင်အမည်မှန်
နတ်မောက်မြို့နယ်၊ ပင်းအထက နဝမတန်း(A)မှ မရီရီမြင့်၏ဖခင်အမည်မှန်မှာ ဦးဝင်းဦး ၈/နမန(နိုင်)၁၅၈၁၇၆ ဖြစ်ပါသည်။ **ဦးဝင်းဦး**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်အထက(ခွဲ) အဋ္ဌမတန်း (B) မှ မကေကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းမြိုင် ၉/နထက(နိုင်)၂၀၃၃၅၆ ဖြစ်ပါသည်။ **ဦးသန်းမြိုင်**

## မိဘအမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက် အထက(ခွဲ) နဝမတန်းမှ မအိအိသူ၏ မိဘအမည်မှန်မှာ ဦးကိုနိုင် ၉/နထက(နိုင်)၁၃၇၀၁၀ နှင့် ဒေါ်ခင်ငြိမ်း ၉/နထက(နိုင်)၁၃၇၀၁၄ ဖြစ်ပါသည်။ **ဦးကိုနိုင်-ဒေါ်ခင်ငြိမ်း**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းမြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးစန်းညွန့်ဝင်း ၈/ပခက(နိုင်)၁၆၁၉၃၆ ဖြစ်ပါသည်။ **ဦးစန်းညွန့်ဝင်း**

## ဖခင်အမည်မှန်
နတ်မောက်မြို့နယ်၊ ပင်းအထက နဝမတန်း (A)မှ မအိအိအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး ၈/နမန(နိုင်)၀၅၂၆၉၀ ဖြစ်ပါသည်။ **ဦးကျော်မိုး**

## ဖခင်အမည်မှန်
နတ်မောက်မြို့နယ်၊ ပင်းအထက နဝမတန်း(A)မှ မမြနှင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးရွှေလုံး ၈/နမန(နိုင်)၁၃၈၁၄၂ ဖြစ်ပါသည်။ **ဦးရွှေလုံး**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်အထက(ခွဲ) အဋ္ဌမတန်း (B) မှ မသဇ္ဈာမြင့်မိုရ်၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက် ၉/နထက(နိုင်)၀၀၂၃၇၃ ဖြစ်ပါသည်။ **ဦးသန်းထိုက်**

## မိဘအမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက် အထက(ခွဲ) အဋ္ဌမတန်း(B)မှ မမိုးမိုးမြင့်၏ မိဘအမည်မှန်မှာ ဦးဇော်မင်းထွန်း ၉/နထက(နိုင်)၁၂၂၂၆၂ နှင့် ဒေါ်မော်ကြီး ၉/နထက(နိုင်)၁၈၆၆၉၃ ဖြစ်ပါသည်။ **ဦးဇော်မင်းထွန်း-ဒေါ်မော်ကြီး**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) နဝမတန်းမှ မမေသူဟန်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ဆန်း ၈/ပခက(နိုင်)၁၇၀၃၀၀ ဖြစ်ပါသည်။ **ဦးအောင်မြင့်ဆန်း**

## ဖခင်အမည်မှန်
နတ်မောက်မြို့နယ်၊ ပင်းအထက နဝမတန်း(A)မှ မနန်းမြင့်နွယ်၏ ဖခင်အမည်မှန်မှာ ဦးသက်ထွန်း ၈/နမန(နိုင်)၁၁၇၅၃၉ ဖြစ်ပါသည်။ **ဦးသက်ထွန်း**

## ဖခင်အမည်မှန်
မင်္ဂလာဒုံမြို့နယ်၊ အထက(၆) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဟိန်းထက်ဇင်၏ ဖခင်အမည်မှန်မှာ ဦးချစ်ဦး ၈/ပခက(နိုင်)၂၀၄၀၈၅ ဖြစ်ပါသည်။

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းအလက ဆဋ္ဌမတန်းမှ မောင်မင်းဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးဆယ်တင် ၉/နထက(နိုင်)၁၂၁၅၁၀ ဖြစ်ပါသည်။ **ဦးဆယ်တင်**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းအလက ပဉ္စမတန်းမှ မအေးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၉/တတဉ(နိုင်)၀၀၀၆၄၂ ဖြစ်ပါသည်။ **ဦးဇော်ဝင်း**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်သန်းထွန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၉/နထက(နိုင်)၁၃၆၉၂၀ ဖြစ်ပါသည်။ **ဦးထွန်းထွန်း**

## အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်ရွာ ဦးမောင်ဖိုး ၈/ပခက(နိုင်)၀၇၇၂၉၆ ၏သမီး အမည်မှန်မှာ မစောရတနာဖိုး ဖြစ်ပါကြောင်း။ **မစောရတနာဖိုး**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ငြိမ်းကျော်သူ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ခ ၈/ပခက(နိုင်)၃၁၇၈၅၆ ဖြစ်ပါသည်။ **ဦးခင်မောင်ခ**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းအလက၊ ဆဋ္ဌမတန်းမှ မယွန်းသီရိထွန်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်ထွန်း ၉/နထက(နိုင်)၁၂၁၆၃၉ ဖြစ်ပါသည်။ **ဦးနိုင်ထွန်း**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းအလက တတိယတန်းမှ မောင်ခန့်သူကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးထူး ၉/နထက(နိုင်)၁၃၀၂၀၄ ဖြစ်ပါသည်။ **ဦးအောင်မျိုးထူး**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မနန္ဒာမိုး၏ ဖခင်အမည်မှန်မှာ ဦးတာ ၉/နထက(နိုင်)၁၂၂၁၆၁ ဖြစ်ပါသည်။ **ဦးတာ**

## အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်အထက(ခွဲ) အဋ္ဌမတန်း(B)မှ (ဘ) ဦးဝင်းဇော်ဦး၏သား အမည်မှန်မှာ မောင်ထက်မြက်ရှိန်း ဖြစ်ပါသည်။ **မောင်ထက်မြက်ရှိန်း**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်နန်းဝင်းကို၏ ဖခင်အမည်မှန်မှာ ဦးမိုးလေး ၈/ပခက(နိုင်)၀၅၄၀၄၄ ဖြစ်ပါသည်။ **ဦးမိုးလေး**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းအလက၊ ဆဋ္ဌမတန်းမှ မချောချောယုမွန်၏ ဖခင်အမည်မှန်မှာ ဦးငွေးမြိုင် ၉/နထက(နိုင်)၁၄၆၂၅၈ ဖြစ်ပါသည်။ **ဦးငွေးမြိုင်**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းအလက ဆဋ္ဌမတန်းမှ မဝင်းဝင်းအေးနှင့် စတုတ္ထတန်းမှ မောင်ရာဇာမင်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးလှဝင်း ၉/နထက(နိုင်)၁၈၂၃၀၂ ဖြစ်ပါသည်။ **ဦးလှဝင်း**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသင်းယုနိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၉/နထက(နိုင်)၂၀၃၃၆၁ ဖြစ်ပါသည်။ **ဦးခင်မောင်မြင့်**

## မိဘအမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက် အထက(ခွဲ) အဋ္ဌမတန်း(A)မှ မယွန်းနိုးစံ၏ မိဘအမည်မှန်မှာ ဦးခင်မောင်ဝင်း ၉/နထက(နိုင်)၀၃၂၉၁၇ နှင့် ဒေါ်ညွန့်ဝင်း ၉/နထက(နိုင်)၀၃၂၉၁၆ ဖြစ်ပါသည်။ **ဦးခင်မောင်ဝင်း-ဒေါ်ညွန့်ဝင်း**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မရတနာထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းထွန်း ၈/ပခက(နိုင်)၂၁၃၉၁၄ ဖြစ်ပါသည်။ **ဦးကျော်မင်းထွန်း**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းအလက ပဉ္စမတန်းမှ မောင်ပြည့်စုံမိုး၏ ဖခင်အမည်မှန်မှာ ဦးတင့်ခိုင် ၉/နထက(နိုင်)၁၂၁၅၈၁ ဖြစ်ပါသည်။ **ဦးတင့်ခိုင်**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်အထက(ခွဲ) အဋ္ဌမတန်း (B) မှ မပန်းအိစံ၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဝင်း ၉/နထက(နိုင်)၁၂၂၁၉၈ ဖြစ်ပါသည်။ **ဦးစိုးနိုင်ဝင်း**

## မိဘအမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက် အထက(ခွဲ) ဆဋ္ဌမတန်း(A) မှ မဆောင်းနှင်းဝေ၏ မိဘအမည်မှန်မှာ ဦးတင်မောင်လင်း ၉/နထက(နိုင်)၁၆၈၁၈၄ နှင့် ဒေါ်မိုး ၉/နထက(နိုင်)၂၀၃၅၄၃ ဖြစ်ပါသည်။ **ဦးတင်မောင်လင်း-ဒေါ်မိုး**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မယွန်းဒါလီ၏ ဖခင်အမည်မှန်မှာ ဦးစိန်အေး ၈/ပခက(နိုင်)၂၀၀၅၅၃ ဖြစ်ပါသည်။ **ဦးစိန်အေး**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်လှိုင်ဇင်မင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇင် ၈/ပခက(နိုင်)၁၅၁၈၆၇ ဖြစ်ပါသည်။ **ဦးအောင်ဇင်**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းအလက ပဉ္စမတန်းမှ မနွယ်ဇင်ဖူး၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၉/နထက(နိုင်)၀၂၅၈၃၈ ဖြစ်ပါသည်။ **ဦးသိန်းထွန်း**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်အထက(ခွဲ) အဋ္ဌမတန်း(B)မှ မောင်အဲဗစ်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်းသိန်း ၉/နထက(နိုင်)၁၃၇၀၁၄ ဖြစ်ပါသည်။ **ဦးဝင်းမင်းသိန်း**

## မိဘအမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက် အထက(ခွဲ) တတိယတန်းမှ မောင်အောင်ဟိန်းခန့်၏ မိဘအမည်မှန်မှာ ဦးဝင်းဦး ၉/နထက(နိုင်)၁၃၁၀၅၇ နှင့် ဒေါ်ချိုချိုအေး ၉/နထက(နိုင်)၀၃၂၇၂၀ ဖြစ်ပါသည်။ **ဦးဝင်းဦး-ဒေါ်ချိုချိုအေး**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မကေသီခိုင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၈/ပခက(နိုင်)၂၂၁၇၀၃ ဖြစ်ပါသည်။ **ဦးနိုင်ဝင်း**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဆားတောင်အထက(ခွဲ) အဋ္ဌမတန်းမှ မောင်ထူးအံ့ကောင်း၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုကို ၉/မလန(နိုင်)၁၆၀၈၅၁ ဖြစ်ပါသည်။ **ဦးချစ်ကိုကို**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းအလက ပဉ္စမတန်းမှ မောင်ရှိုင်းဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်စိုး ၉/နထက(နိုင်)၀၂၈၆၄၇ ဖြစ်ပါသည်။ **ဦးအောင်နိုင်စိုး**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်းအလက ဆဋ္ဌမတန်းမှ မောင်ရဲဝင်းထွဋ်နှင့် ပဉ္စမတန်းမှ မသဲအိခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ဖြစ်ပါသည်။ **ဦးအေးလွင်**

## ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ဆန်းလင်းအောင်နှင့် သတ္တမတန်းမှ မပပဝင်းခင်၏ ဖခင်အမည်မှန်မှာ ဦးမြစိုး ၉/နထက(နိုင်)၀၃၁၆၄၉ ဖြစ်ပါသည်။ **ဦးမြစိုး**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မဖြိုးဖြိုးအိ၏ ဖခင်အမည်မှန်မှာ ဦးဖိုးစိုး ၈/ပခက(နိုင်)၂၈၉၄၄၉ ဖြစ်ပါကြောင်း။ **ဦးဖိုးစိုး**

## ဖခင်အမည်မှန်
ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသပြေနှင့် သတ္တမတန်းမှ မောင်ကျော်ဆန်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတိုး ၈/ပခက(နိုင်)၂၈၉၄၆၉ ဖြစ်ပါသည်။ **ဦးတိုး**

## ရောင်းရန်ရှိသည်
ကြည့်မြင်တိုင်ကမ်းနားလမ်း၊ လမ်းမပေါ်၊ ပန်းခြံ၊ သဘောဆိပ်နီးသည်။ ဘိုးဘွားပိုင်မြေ၊ ရေမီးအစုံ ပြင်ဆင်ပြီး။

၁။ မြေညီ (+မှန်ခန်း) 21'x61'
ရှေ့ Car parking အပါ ခြံအကျယ် 25'x80'
**ရောင်းဈေး ၃၀၀၀ သိန်း**

၂။ ပထမထပ် 21' x75' (ပါကေးကြွေပြား ပြင်ဆင်ပြီး)
**ရောင်းဈေး ၁၄၀၀ သိန်း**

**ဖုန်း-၀၉-၄၂၅၃၀၃၇၈၈၊ ၀၉-၄၄၈၅၂၂၂၂၀၊ ၀၉-၄၂၀၀၄၅၂၇၀၊ ၀၉-၄၂၀၇၆၇၅၃၉**

## ငြိမ်းချက်ထုတ်ရန်သမ္မန်စာ
**တရားမကျင့်ထုံးကိုဒ့ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၅၆**

ဒေါ်လီကြူ နှင့် ၁။ ဦးလောက်ကျင်(ခ)လောကျင်း
၂။ ဦးလောက်တွမ်း(ခ)တွမ်ချွန်းလီ

**တရားလို** **တရားပြိုင်များ**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ တောင်လေးလုံးကျေးရွာ၊ သံတဲလမ်းခွဲနေ တရားပြိုင်များဖြစ်ကြသော (၁)ဦးလောက်ကျင်(ခ)လောကျင်းနှင့် (၂)ဦးလောက်တွမ်း(ခ)တွမ်ချွန်းလီ(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်လီကြူက ချေးငွေကျပ် ၁၉၀၀၀၀၀၀၀/- (သိန်းတစ်ထောင့်ကိုးရာကျပ်)တိတိ ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြိမ်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယုယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးအေးသန်း
### အသက်(၈၆)နှစ်

၁၅-၈-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်၍ ယင်းနေ့ညနေတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးခဲ့သော ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးအေးသန်း နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက်ကုသပေးခဲ့ပါသော SSC ဆေးရုံမှ ပါမောက္ခဒေါက်တာ ဦးဆန်းလွင်၊ ပါမောက္ခဒေါက်တာ ဦးခင်မောင်ငွေ၊ ပါမောက္ခဒေါက်တာဦးလမင်းဝင်း၊ ဆရာဝန်ကြီးများနှင့် သူနာပြုဝန်ထမ်းများ၊ နာရေးကိစ္စအရပ်ရပ်တွင် ကူညီဆောင်ရွက်ပေးပါသော ဦးအောင်မျိုးထွဋ်နှင့်မိတ်ဆွေများ၊ ဦးကျော်သူ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ဝန်ထမ်းများ၊ ရေဝေးသုသာန်မှ ဝန်ထမ်းများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြပါသော လူကြီးမိဘများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ တပ်မတော်(လေ)မှ မိသားစုများ၊ ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ စာနာနစ်သိမ့်အားပေးစကားပြောကြားပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့ကူညီပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တပ်မတော်(လေ)မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရက်လည်ဆွမ်းကျွေးတရားတော်နာသို့ ကြွရောက်ပေးပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ အာဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသူများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ပုကြီး(သံတွဲ) အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ VIP အမှတ် ၁၅/၁၇၈၊ တော်ဝင်လမ်းသွယ်(၃)နေ(ဦးမောင်ဆိတ်-ဒေါ်အေးမယ်)တို့၏သမီး၊ (ဦးသန်းဖေ)၏ဇနီး၊ ဦးခင်စိုး(အထက ၄ ကျိုင်းတုံ၊ ငြိမ်း)၊ (ဒေါ်နွဲ့နွဲ့)၊ ဦးမြင့်စိုး(ဒု-ညွှန်မှူး ဒီဇိုင်းပုံထုတ်၊ ဆည်/ရေ)-ဒေါ်သော်တာမြင့်၊ ဦးမြင့်ဝေ(RSE)-ဒေါ်မြင့်မြင့်သန်း(အထက-၁၊ ရွှေပြည်သာ)၊ ဦးကျော်စိုး(Sea Net Myanmar)၊ဒေါ်ရီရီဝင်း(ဦးစီးမှူး၊ မရမ်းကုန်းသမဝါယမဦးစီးဌာန)၊ ဒေါ်ရီရီသန်း(ဂန္ထဝင်ရွှေပုဂံ)တို့၏မိခင်၊ မယဉ်ယဉ်သော်၊ မောင်ဝေယံထွန်းတို့၏အဘွားသည် ၂၁-၈-၂၀၁၈ရက် ည ၈း၁၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၈ ရက်(တနင်္လာနေ့)တွင် ရွှေပြည်သာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ပုကြီး (သံတွဲ)
### အသက်(၈၄)နှစ်

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုး-ဒေါ်သော်တာမြင့်တို့၏မိခင် ဒေါ်ပုကြီးသည် ၂၁-၈-၂၀၁၈ရက် (အင်္ဂါနေ့) ည ၈း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ပုကြီး(သံတွဲ) အသက်(၈၄)နှစ်

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုး-ဒေါ်သော်တာမြင့်တို့၏မိခင် ဒေါ်ပုကြီးသည် ၂၁-၈-၂၀၁၈ရက်(အင်္ဂါနေ့) ည ၈း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၆)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## ဗိုလ်မှူးမြင့်ဆွေ(အငြိမ်းစား)
### ကြည်း-၁၀၆၄၈/ဗသက-၃၂
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ရေနံ/ဓာတု
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊(၄)ရပ်ကွက်၊ လမ်းသွယ်(၄)နေ(ဦးစိန်-ဒေါ်ခင်ညွှန့်)တို့၏သား၊ (ဦးသန်းစိန်-ဒေါ်ခင်မေသိန်း)တို့၏သားသမက်၊ ဒေါ်ရီရီစိန်၏ခင်ပွန်း၊ ဦးခင်မောင်တင့်-ဒေါ်ခိုင်မာလာဆွေ၊ ဦးသိန်းဟန်သူ-ဒေါ်မြိုင်မာလာဆွေ၊ ဦးသိန်းသန်းထွန်း-ဒေါ်ဖြူဖြူလွင်၊ ဦးအောင်သူ-ဒေါ်စုတင်သန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၂-၈-၂၀၁၈ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက် နံနက်ပိုင်းတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၈ ရက် နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးငွေထွန်း အသက်(၆၈)နှစ်
### A.G.T.I (Civil) B.Sc Physic
### အငယ်တန်းအင်ဂျင်နီယာ(၁)မြို့ပြ(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)
### လမ်းအထူး(၅)ပျဉ်းမနားမြို့(ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နေ(ဦးစိုးတင့်-ဒေါ်ခင်စိန်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၄၆-ပလ္လာ၊ ခေါင်းရင်ခန်း)နေ (ဒေါ်ခင်သန်းဝင်း)၏ခင်ပွန်း၊ ဦးသန်းထွန်းဦး-ဒေါ်စုလှိုင်ဦး၊ ဦးသော်ဇင်ထွန်း-မသက်ဝေထွန်း၊ မအိအိဇင်၊ ကိုအောင်အောင်၊ ကိုနိုင်ဝင်းအောင်၊ ကိုနေထူးနိုင်တို့၏ဖခင်၊ မဆုလှဲ့ရည်၊ မောင်ဝေယံကျော်တို့၏အဘိုးသည် ၂၂-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀နာရီတွင် ပျဉ်းမနား(ခုတင် -၂၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၈ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကျော်ခင်စိုး(ငြိမ်း)
### အသက်(၄၇)နှစ်

သူငယ်ချင်း ဗိုလ်မှူးကျော်ခင်စိုး(ငြိမ်း)သည် ၂၂-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇း၃၀နာရီခန့်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်ခင်ကြည်
### (ကြည်ကြည်-တောင်ကုတ်မြို့)
### အသက်(၉၆)နှစ်

တောင်ကုတ်မြို့နေ သမာဓိမြို့ဝန်(ဦးထွန်းမြ-ဒေါ်ရင်)တို့၏သမီး၊ သံတွဲမြို့နေ ခရိုင်ပညာရေးမှူး(ဆရာ ဦးဖေ-ဒေါ်စောမြ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊(၁၆)ရပ်ကွက်၊ မြရတနာလမ်း၊အမှတ်(၁၁/အေ)၊ ဘောက်ထော်ပြည်သာယာလမ်းနေ(ဦးဖေမြ၊ တိုင်းအမှုဆောင်အရာရှိ၊ ငြိမ်း၊ ကုန်သွယ်ရေး-၁)၏ဇနီး၊ (ဦးသာထွန်း၊ ရဲဝန်ထောက်)-ဒေါ်တင်ရှိန်(ရှိန်ရတနာ၊ ဗိုလ်ချုပ်ဈေး)၊ (ဦးတင်ထွန်း-ဒေါ်လှမြိုင်)တို့၏ညီမ၊ ဗိုလ်မှူးထွန်းသိမ်း(ငြိမ်း)-[ဒေါ်မြင့်မြင့်ကြည်(ခ)မေစီမြ]၊ ဒေါက်တာဦးခင်ဇော်ဝင်း-ဒေါ်စိုးညွှန့်ဆွေ(ခ)ဆယ်လီမြ(ဘူမိဗေဒအရာရှိ၊ ငြိမ်း၊ UK)၊ ဦးအောင်သန့်စင်-ဒေါ်ယဉ်ယဉ်ချို၊ ဦးအောင်ဇေယျ-ဒေါ်အေးအေးတို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်ခင်ကြည်
### (ကြည်ကြည်-တောင်ကုတ်မြို့)
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၁၆)ရပ်ကွက်၊မြရတနာလမ်း၊အမှတ် ၁၁/အေ၊ ဘောက်ထော် ပြည်သာယာလမ်းနေ (ဦးဖေမြ၊ အငြိမ်းစားအမှုဆောင်အရာရှိ၊ ကုန်သွယ်ရေး-၁)၏ဇနီး၊ ဦးသက်ခိုင်ဦး(MD) (NEW ASIA WORLD WIDE CO.,LTD)-ဒေါ်ဖြူဖြူဝင်း၊ ဦးချစ်ခိုင်-ဒေါ်မော်မော်အောင်၊ ဦးစိုးခိုင်-ဒေါ်နွေမိုးခမ်း(U.S.A), BO MACUS WIN (U.K)၊ ကိုသက်နိုင်အောင်(GM) YOMA FLEET LTD၊ ကိုဇင်မော်အောင်၊ ကိုဖြိုးအောင်၊ ကိုသန်းအောင်တို့၏အဘွား၊ မမေအိခိုင်၊ ကိုသျှမ်းထက်အောင် (SHOP. com)-မခင်လပြည့်ဝန်း(Ooredoo)၊ကိုညီမင်းဇင်၊မဖူးသဉ္ဇာစိုး(USA)၊မနေခြည်ဝင့်ဝါခိုင်၊ ANTHONY SOE KHINE (U.S.A)တို့၏အဖီး၊ မစံအမရာထက်၏ဖီးဖီးကြီးသည် ၂၂-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ယု(ခ)ဒေါ်နီနီ
### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ(ဦးဖိုးချစ်-ဒေါ်စိမ်းရင်)တို့၏သမီး၊ [ဦးအုန်းခင်(တိုင်းဥပဒေအရာရှိ၊ ငြိမ်း)]၏ဇနီး၊ ဒေါ်ခင်မမ(ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးကျော်ကျော်အောင်-ဒေါ်ခင်ဆွေလတ်၊ (ဦးအောင်ကျော်မိုး)-ဒေါ်အေးအေးမော်၊ ဦးသန်းထိုက်စိုး-ဒေါ်ခင်နီဝင်း၊ ဦးခွန်စိုးမိုး-ဒေါ်စိုးယုလှိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၈-၂၀၁၈ရက်တွင် ရွှေဘိုလမ်း၊ အမှတ် ၉(သုံးလွှာ)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေထားတင် (မုံရွာ)
### အသက်(၈၀)

မုံရွာမြို့၊ အရေးပိုင်မင်း (သီရိပျံချီ ဦးဘတင်-ဒေါ်တင်အေး)တို့၏သမီး၊ (ဒေါက်တာဦးအေးလွင်)၏ဇနီး၊ (ဦးဘသန်းတင်-ဒေါ်ခင်ထားမြင့်)၊ (ဗိုလ်မှူးတင်ဦး)-ဒေါ်မေစန်းတင်၊ (ဦးဘမြင့်တင်)၊ ဦးဘစိုးတင်-(ဒေါ်နြှိမ်းဂိုးလွန်မုံ)တို့၏ညီမ/အစ်မ၊ ဦးသန်းဇော်-ဒေါ်ခင်လေးမြင့်၊ (ဦးမင်းနိုင်)-ဒေါ်စိုးစိုးရီ၊ ဦးညီညီဦး-ဒေါ်ခင်လေးစု၊ ဒေါ်ခင်လေးငယ်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၁-၈-၂၀၁၈ရက် နံနက် ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်စိန်
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ် ၄နေ (ဦးဘိုးတန်-ဒေါ်မြင့်မြင့်အေး)တို့၏သမီး၊ (ဦးကျင်ထွေး-ဒေါ်ကြည်တင်)တို့၏သမီးချွေးမ၊ ဦးဆန်းညွှန့်အောင် - (ဒေါ်တင်တင်စန်း)၊ ဦးအောင်သန်းတန်-ဒေါ်မော်စီ၊ ဦးဆန်းမြင့်တန်-ဒေါ်ရွှေကြည်၊ ဦးမျိုးမြင့်အောင်-ဒေါ်ခင်ဆွေဦး၊ ဦးအောင်မြင့်အောင်-ဒေါ်ရတနာမြတ်ခိုင်တို့၏ ညီမ၊ ဒေါ်ဝေဝေမြင့်၏အစ်မ၊ ဦးကျင်နိုင်၏ ချစ်လှစွာသောဇနီး၊ မောင်ပြည့်ဖြိုးထိုက်၊ မောင်သုတထက်တို့၏ ချစ်လှစွာသော မိခင်သည် ၂၂-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၈ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ရဟန်း၊ဇရပ်ဒါယိကာမကြီး
## ဒေါ်စမ်းမြင့်
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊စံရိပ်ငြိမ် ၄လမ်း၊ အမှတ် ၃၅ (ပဥ္စမထပ်-B)နေ (ဦးစိန်ရ-ဒေါ်ထားတင်)တို့၏သမီး၊ ဦးဟန်မြင့်မောင်၏ ချစ်လှစွာသောဇနီး၊ (ဦးလှရွှေ-ဒေါ်အုံးကြည်)၊(ဦးမြသိန်း)-ဒေါ်ခင်မာကြူတို့၏ညီမ၊ ဒေါက်တာဒေါ်အေးရီ(ပါမောက္ခ ဌာနမှူး၊ ငြိမ်း၊ ရူပဗေဒဌာန၊ ဘားအံတက္ကသိုလ်)၊ဦးအောင်ဝင်း-ဒေါ်ခင်စမ်းတို့၏အစ်မ၊ ဦးဇော်ဇင်မြင့်မောင်(ကမာရွတ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်း၊ စံရိပ်ငြိမ်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ) - ဒေါ်တင်သူဇာခိုင်၊ ဦးဇော်ညီညီမောင်၊ ဦးအောင်ဆန်း-ဒေါ်အေးသဲညွှာမောင်၊ ဒေါ်လှဲ့ရူပါမြင့်မောင် (အထက-၂၊ ကမာရွတ်)တို့၏ချစ်လှစွာသောမိခင်၊ မောင်ဟိန်းသုတ (တတိယနှစ်၊ရက္ခဗေဒ၊အနောက်ပိုင်းတက္ကသိုလ်)၊ မောင်ဆန်းသစ်နိုင် (2nd M.B,B.S ဆေး-၁၊ ရန်ကုန်)၊ မမေမြင့်မြတ်ခိုင်၊ မောင်ပြည့်ပုည(အထက-၂၊ လှိုင်)တို့၏ အဘွားသည် ၂၂-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၄၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### သံတွဲခရိုင်အသင်း(ရန်ကုန်)
### ဦးဆောင်နာယကကြီး
## ဦးအောင်သန်း
### (ဆပ်သွားရွာ၊ ဂွမြို့နယ်)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆) အနောက်ရပ်ကွက်၊ ဝေဇယန္တာအနောက် ၁၂လမ်း၊ အမှတ် ၅၉၅နေ (ဒေါ်ညွှန့်ရင်)၏ခင်ပွန်း၊ (ဦးသန်းညွှန့်အောင်)၊ [ဦးချစ်ရီ - ဒေါ်ရီရီမြင့် (တပ်မတော်သင်္ဘောဆေးစက်ရုံ၊ ငြိမ်း)]၊ ဦးမြင့်အောင်-ဒေါ်ဥမ္မာမြင့်၊ ဦးမျိုးဝင်းညွှန့်(ဌာနမှူး၊ ငြိမ်း၊ တပ်မတော်သင်္ဘောဆေးစက်ရုံ)-ဒေါ်သန္တာခင်၊ ဒုရဲမှူးဝင်းမြင့်ထွန်း (လေကြောင်းရဲတပ်ဖွဲ့)-ဒေါ်ခင်ယုမော်တို့၏ဖခင်သည် ၂၂-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဘီဇာဘီ(ခ)
## ဒေါ်ညွှန့်ကြည်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ရွှေနှင်းဆီလမ်း၊ အမှတ် ၂၉၇ နေ(ဦးဇော်ဦး)-ဒေါ်ငွေငွေဝင်း၊ ဦးနေဝင်း-ဒေါ်လွင်မာချစ်၊ (ဦးမြဝင်း)-ဒေါ်လှလှဝင်း၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ချင်းပြည်နယ်)-ဒေါ်ခင်မိုးမြင့် (အထက-၄၊ ဗိုလ်တထောင်)၊ ဦးယဉ်ထွေး-ဒေါ်ခင်မျိုးခိုင်တို့၏မိခင်သည် ၂၁-၈-၂၀၁၈ရက် ည ၇း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၂-၈-၂၀၁၈ ရက် ဇဟိုရ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
## ဦးသောင်းဟန်
### ဌာနခွဲစာရေးကြီး(ငြိမ်း)
### မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
### အသင်းဝင်အမှတ်(၀၄၁၁)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးသောင်းဟန်သည် ၁၈-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၁၈ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးသက်မောင်မောင်စိုး
### B.A (English), A.G.T.I
### (Computer Engineer in MTC)
### အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ် ၁၁၉နေ (ဦးကြည်ဝင်း၊ မြို့နယ်တရားသူကြီး၊ ငြိမ်း)-ဒေါ်ခင်မြင့်ဝေတို့၏သား၊ ဦးဇော်လင်းအောင်-ဒေါ်အေးမြတ်မြတ်စိုး၊ ဗိုလ်မှူးရဲဝင်းထွန်း-ဒေါ်နေခြည်ထက်ထက်စိုးတို့၏ မောင်၊ ဦးစိုးရန်ပိုင် (Executive Engineer)တို့၏အစ်ကိုသည် ၂၂-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၁၈ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တနာဂဝံသ
### အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ
### ရွှေကျင်နိကာယ ဂဏဝါစကဓိပ၊ ရတ္တညူမဟာနာယက
### မောင်းထောင်ကျောင်းတိုက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်
### ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)
### သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၉)ဝါ

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ မောင်းထောင်ကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနာဂဝံသ မထေရ်မြတ်ကြီးသည် (၁၃၈၀ပြည့်နှစ် ဝါခေါင်လဆန်း ၁၀ရက်) ၂၁-၈-၂၀၁၈ ရက် (အင်္ဂါနေ့) ည ၈း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၃ရက်) ၂၉-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
မောင်းထောင်ကျောင်းတိုက်၊ သုံးဆယ်မြို့
သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

---

## ဒေါ်ရင်မေ (မုဒုံ)
### အသက်(၉၃)နှစ်

မုဒုံမြို့နေ (ဦးကြာမင်း-ဒေါ်ပန်းရီ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၈(မှန်ခန်း)နေ(ဦးလွန်းကြိုင်)၏ဇနီး၊ ဒေါက်တာမင်းအောင်-ဒေါ်အေမီလွင်၊ ဦးအောင်နိုင်-ဒေါ်ခင်သန်းလှ၊ ဦးအေးသိန်း-ဒေါ်အုန်းမြင့်၊ (ဦးရဲထွန်း-ဒေါ်အေးအေးသန်း)၊ (ဦးဝင်းနိုင်)-ဒေါ်မြမြသက်၊ ဦးအောင်ဖြိုး-ဒေါ်စန်းစန်းရီ၊ ဦးကျော်ဝင်း-ဒေါ်စန်းစန်းကြည်တို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၂၂-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ ရက် (သေကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဗဟန်းမြို့နယ်နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၈ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယိကာမကြီး
## ဒေါ်ကြည်
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးလွန်းမောင်လမ်း(၁)၊ အမှတ် ဧ-၁၂/၁၉နေ (ဦးဖိုးသင်း-ဒေါ်ပိုးနု)တို့၏သမီး၊ (ဦးအောင်မွန်)၊ ဒေါ်ကြည်ကြည်ဝေ၊ ဦးမျိုးဝင်း၊ ဦးမျိုးမြင့်၊ ဒေါ်ခင်မျိုးရီ၊ (ဦးမျိုးအောင်)၊ မနွဲ့နွဲ့မေ၊ မသန်းသန်းဆင့်၊ မလှဲ့လှဲ့မင်းတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် ၁၃ယောက်တို့၏အဘွားသည် ၂၂-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဇေယျကျော်ထင် ဗိုလ်ချုပ်ပေါ်ထွန်း(ငြိမ်း)
### အသက်(၈၃)နှစ်

ဗိုလ်ချုပ်မြင့်ဦး(ငြိမ်း) တပ်မတော်(ရေ) - ဒေါ်မာလာထွန်းတို့၏ ကျေးဇူးရှင်ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဇေယျကျော်ထင် ဗိုလ်ချုပ်ပေါ်ထွန်း(ငြိမ်း) တပ်မတော်(ရေ)သည် ၂၁-၈-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၂)ရပ်ကွက်၊ သီရိရတနာရိပ်သာ၊ မေတ္တာလမ်း၊ အမှတ်(၃၂/၁၇)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ရေ)**
**စက်မှုလက်မှုအရာရှိများ**

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန် ဒါယကာကြီး
## ဦးစံမြင့်(ခ) S.MUNUSAMY
### B.A, R.L
### တရားလွှတ်တော်ရှေ့နေ (သင်္ဃန်းကျွန်းမြို့နယ်တရားသူကြီးဟောင်း)
### (မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအမျိုးသားဗဟိုအဖွဲ့ချုပ် အတွင်းရေးမှူးဟောင်းနှင့် အခြေပြ ဟိန္ဒူဓမ္မကျမ်းများပြုစုသူ)
### (မော်လမြိုင် အထက-၂၊ ကျောင်းသားဟောင်း)
### အသက်(၇၃)နှစ်

မော်လမြိုင်မြို့နေ [ဦးချစ်ဖေ-ဒေါ်ပါကွန်(ခ)ဒေါ်စန်း]တို့၏သား၊ ပခုက္ကူမြို့နေ(ဦးဘာဘူ-ဒေါ်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ သီရိမာလာလမ်း၊ အမှတ် ၃၂နေ ဒေါ်ရီရီနု(ခ)ဒေါ်နီလာ၏ချစ်လှစွာသောခင်ပွန်း၊ Captain ကျော်သန်း(UNITEAM MARINE CO.,LTD)-ဒေါ်စပယ်မြင့်၊ ဦးကျော်ဝင်းမြင့်တို့၏ချစ်လှစွာသောဖခင်၊ မမေသူကျော်သန်း၊ မမြင့်မိုရ်ကျော်သန်းတို့၏အဘိုးသည် ၂၂-၈-၂၀၁၈ရက် နံနက် ၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးငွေ
### အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ အုန်းပင်စုရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးအောင်မြင့် (ငွေမိသားစု ကုန်မျိုးစုံရောင်းဝယ်ရေး)၏ဇနီး၊ တွံတေးမြို့၊ အိုးဘိုအရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးသောင်းရွှေ-ဒေါ်နီနီလွင်(ငါးလုပ်ငန်း)၊ အုန်းပင်စုရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်လွင်(အကိုင်း-တေးသံသွင်း)၊ ဈေးသစ်ရပ်ကွက်၊ အနော်ရထာလမ်းနေ ကိုအောင်ကျော်မိုး-မသန္တာအေး(ဆန်နှင့် ဆန်ထွက်ပစ္စည်းရောင်းဝယ်ရေး)၊ အုန်းပင်စုရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ကိုဝဏ္ဏထွန်း-မဝေဝေ(သဘာဝဆန်ဆိုင်)၊ ကိုမင်းသိန်း-မအေးသန္တာဝင်း(အချိုရည်နှင့် ကွမ်းယာပစ္စည်းရောင်းဝယ်ရေး)တို့၏မိခင်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၂၂-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ တွံတေးမြို့ အိုးဘိုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အာရှအားကစားပြိုင်ပွဲ စတုတ္ထနေ့တွင် မြန်မာအားကစားအဖွဲ့များ နိုင်ငံအတွက် ကြေးတံဆိပ်နှစ်ခုဆွတ်ခူး




**နေပြည်တော် ဩဂုတ် ၂၂**

အင်ဒိုနီးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဂျကာတာမြို့နှင့် ပလန်ဘန်းမြို့တို့ရှိ အားကစားရုံ၊ အားကစားကွင်း၌ ယနေ့စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံက ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လိုက်လံကြည့်ရှုအားပေးကာ ဆုများချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ ဂျကာတာမြို့ရှိ ဝူရှူးအားကစားရုံ၌ ကျင်းပသော ဝူရှူးထောက်လု အမျိုးသား ထိုက်ချီချွမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ငြိမ်းချမ်းကိုကိုက ဒုတိယနေ့အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ပြီး ကြေးတံဆိပ်ရရှိခဲ့သည်။ ဆက်လက်၍ အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ခန့်မင်းထက် ဝင်ရောက်ယှဉ်ပြိုင်ရာ ယနေ့ရမှတ် ၉ ဒသမ ၄၁ မှတ်ဖြင့် နှစ်ရက်ပေါင်းရမှတ် ၁၈ ဒသမ ၈၂ မှတ်ဖြင့် အဆင့် (၁၃)၊ အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စန္ဒီဦး ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ရမှတ် ၈ ဒသမ ၇၀ မှတ်ဖြင့် အဆင့် (၉) သာ ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ထောက်လုအမျိုးသား ထိုက်ချီချွမ်ပြိုင်ပွဲတွင် ပထမဆုရရှိသော တရုတ်အသင်း၊ ဒုတိယဆုရရှိသော ဂျပန်အသင်းနှင့် တတိယဆု မြန်မာနိုင်ငံမှ ငြိမ်းချမ်းကိုကိုတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဆုများအသီးသီးချီးမြှင့်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❐




အမျိုးသမီးသုံးယောက်တွဲ အသင်းလိုက်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# မြန်မာ့လက်ရွေးစင် ဝူရှူးကစားသမား ငြိမ်းချမ်းကိုကို ကြေးဆုရရှိ

ဂျကာတာ ဩဂုတ် ၂၂

**အာရှအားကစားပြိုင်ပွဲ၏ ဝူရှူးပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက ဂျကာတာမြို့၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဝူရှူးကစားသမား ငြိမ်းချမ်းကိုကို ကြေးတံဆိပ်ရခဲ့သည်။ ယင်းဆုတံဆိပ်မှာ (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ရရှိသည့် ပထမဆုံးဆုတံဆိပ်လည်းဖြစ်ခဲ့သည်။**




ကြေးတံဆိပ်ရခဲ့သည့် မြန်မာ့လက်ရွေးစင် ဝူရှူးကစားသမား ငြိမ်းချမ်းကိုကို။ ဓာတ်ပုံ-စိုးညွန့်



ငြိမ်းချမ်းကိုကိုသည် အမျိုးသား ထိုက်ချီချွမ်+ထိုက်ချီကျန့်ပြိုင်ပွဲနှစ်ခုပေါင်းတွင် စုစုပေါင်းရမှတ် ၁၉ ဒသမ ၄၀ မှတ်ဖြင့် ကြေးတံဆိပ်ရခဲ့ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် တရုတ်ကစားသမားက ရွှေတံဆိပ်၊ ဂျပန်ကစားသမားက ငွေတံဆိပ်ရခဲ့သည်။ ငြိမ်းချမ်းကိုကိုသည် ပထမနေ့ ထိုက်ချီချွမ်ပြိုင်ပွဲ တွင် ၉ ဒသမ ၆၉ မှတ် သာရသော်လည်း ဒုတိယနေ့တွင် အကောင်းဆုံးကစားနိုင်ပြီး ၉ ဒသမ ၇၁ မှတ်ရကာ ဆုတံဆိပ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ငြိမ်းချမ်းကိုကိုသည် အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် စန္ဒီဦးသည် ပြိုင်ပွဲဝင်နေစဉ် ဟန်ချက်ပျက်ခဲ့သောကြောင့် ရမှတ်နည်းသွားပြီး ဆုတံဆိပ်နှင့်လွဲချော်ခဲ့သည်။ ဝူရှူးပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့ဝင်ရောက် ယှဉ်ပြိုင်သည့် ပြိုင်ပွဲအမျိုးအစားများ ပြီးဆုံးသွားပြီဖြစ်ပြီး စုစုပေါင်းကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**ညီမြတ်သော်တာ**

## စစ်တောင်းနှင့် သံလွင်မြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ပဲခူးမြစ်ရေ ပဲခူးမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

